
www.burmeseclassic.com

# ရူးရူး

BURMESE CLASSIC .com

## အသက်ဝင်သွားတဲ့သေဆုံးခြင်း

လုံးချင်းဝတ္ထုသစ်




HWE THAMIEE PUBLISHING HOUSE

www.burmeseclassic.com

www.burmeseclassic.com

ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအားဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏လက်ဝယ်တွင်ရှိရေး။

လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။


သားသား စီစဉ်သည်။

စာမူခွင့်ပြုချက်အမှတ်
၅၀၀၁၉၇၀၃၁၂

မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၅၀၀၂၀၉၀၃၁၂

ထုတ်ဝေသူ
ဒေါ်ခင်မာချို(ပန်းဝေဝေစာပေ)
အမှတ် - ၁၆၀၊ဗိုလ်အောင်ကျော်လမ်း၊ရန်ကုန်။

ပုံနှိပ်သူ
ရွှေပြည်ဟိန်း၊(၀၉၉၅၈)
၅၈၊ ၄၇(လမ်း) ရန်ကုန်။

ပုံနှိပ်ခြင်း
၂၀၁၂ ခုနှစ်၊ ဧပြီလ
အုပ်ရေ ၅၀၀၊ တန်ဖိုး ၁၃၀၀ ကျပ်

[illegible] [illegible]
(အသက်ဝင်သွားတဲ့သေဆုံးခြင်း) / မူးမူး ။ ရန်ကုန်၊
ပန်းဝေဝေစာပေ၊ ၂၀၁၂
-စာ၊ ၁၂.၅၊ ၁၉.၅စင်တီ။ (၁) အသက်ဝင်သွားတဲ့သေဆုံးခြင်း


BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

# အသက်ဝင်သွားတဲ့ သေဆုံးခြင်း

ငါ . . . သေသွားတာလား? ရှင်သွားတာလား?
ငါ . . . ဘာဆက်လုပ်ချင်သေးတာလဲ?
နှုတ်ဆက်စကားလေးတော့ ပြောချင်ပါသေး၏။
နှလုံးသားက မချည်နှောင်လိုက်ခင်မှာပဲ
အစိတ်စိတ်အမြွာမြွာ ကွဲအက်သွားခဲ့ပြီ။
နောက်ဆုံးတော့ . . .
ငါ့ဘဝကိုလည်း မောပမ်းစွာဆုံးရှုံးလိုက်ရပြီပဲ။
မျက်ဝန်းထဲတွင် မျက်ရည်များပြည့်နှက်ရပြန်ပြီ။

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com

## INTRODUCTION

"ပင်နီစလင် (Penicillin)"

သူမ နှုတ်မှရေရွတ်လိုက်ပြီးသည်နှင့် ထိုဆေးပုလင်းလေးထဲမှ ဆေးရည်များကို ဆေးထိုးအပ်နှင့်စုပ်ယူလိုက်ပါသည်။

ဟုတ်ပါသည်။ သူမ လူနာတစ်ယောက်ကို ပင်နီစလင်ဆေးထိုးပေးရန် ပြင်ဆင်နေခြင်းပင်။ ဆရာဝန်တစ်ယောက်တွင် လူနာတစ်ယောက်၏ ရောဂါပျောက်ကင်းသွားအောင် ကုပေးရမည့်တာဝန်ရှိပါသည်။

ပိုးသတ်ဆေးတစ်မျိုးဖြစ်သည့် ပင်နီစလင်ဆေးအမျိုးအစားနှင့်မတည့်သည့် လူအမျိုးအစားရှိပါသည်။ ထိုသို့ မတည့်သည့်ဆေးမျိုးကို ထိုးပေးလိုက်လျှင် အသက်အန္တရာယ်ပင် ထိခိုက်နိုင်ကြောင်းကိုလည်း ဆရာဝန်ဖြစ်သည့်သူမ ကောင်းစွာသိပါ၏။

ဆရာဝန်တစ်ယောက်သည် လူနာ၏အသက်ကိုကယ်ရန်အတွက် ဆရာဝန်လုပ်နေခြင်းပါ။ ယခုတော့ သူမ ထိုလူနာ့အသက်ကိုသေစေနိုင်မည့် ဆေးကိုထိုးပေးရန် သွေးအေးအေးနှင့် စီစဉ်နေပါသည်။ ထိုသို့ ဆေးထိုးကာ လူသတ်ခြင်းသည် သူမအတွက်လည်း ဘေးဆိုးဖြစ်နိုင်ပါ၏။



ထိုဘေးဆိုးကို သူမ ရင်ဆိုင်ရဲပါသည်။ သူမ ထိုလူနာကို သတ်ချင်နေသည်သာသိပါ၏။ ထိုလူနာသည် သူမလက်ထဲတွင် သေကိုသေရမည်။ သူမ သတ်ဖြစ်အောင်သတ်မည်ပင်။ သွေးအေးလှသည့် သူမ၏ မျက်ဝန်းတွင် မျက်ရည်စတို့ရှိနေသော်လည်း သူမ၏မြင်ကွင်းကတော့ မျက်ရည်များကြောင့် ဝေဝါးမနေချေ။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁)

သူငယ်တန်းစာမေးပွဲဖြေဆိုပြီးသည့် မည်သည့်ကျောင်းသားမဆို ကျောင်းမှ ကိုယ့်မိဘသာလျှင် လာကြိုစေချင်ကြပါသည်။ သူမလည်း ထိုအတိုင်းပင်။ ယခုလေးပင် သူမ၏ သူငယ်တန်းစာမေးပွဲကို ဖြေဆိုပြီး ခဲ့ပြီ။ အဖြေလွှာစာရွက်အပ်ပြီး ကျောင်းဆင်းခေါင်းလောင်းထိုးပြီးကတည်းက ဖခင်ဦးကောင်းသန့်ကို ကျောင်းဝတွင်ရပ်လျက် သူမ စောင့်နေမိပါ၏။

စာမေးပွဲတွင်မေးသည့်မေးခွန်းများကို သူမ မည်မျှကောင်းအောင် ဖြေဆိုခဲ့သည်ကိုလည်း ဖခင်ကြီးကို ကြွားချင်နေမိပြန်၏။ သူမဖခင် ဦးကောင်းသန့်သည် နေ့စဉ် အိမ်အသုံးစားစရိတ်အတွက် ဆိုက်ကားနင်းသည့်အလုပ်ကို လုပ်ကိုင်ပါသည်။

သူမတို့သားအဖသည် ဆင်းရဲသည့် ရပ်ကွက်လေးတစ်ခုအတွင်းတွင် အိမ်ခန်းလေးတစ်ခုကိုငှားပြီး နေထိုင်ကြပါသည်။ သူမဘဝတွင်



သူမအချစ်ဆုံးသူကို ပြပါဆိုလျှင် သူမ၏ဖခင် ဦးကောင်းသန့်ကို လက်ညှိုးညွှန်ပြမိမည်ပင်။ လူမှန်းသိတတ်စအရွယ်ကတည်းက အဖေဆိုလျှင်လည်း ဦးကောင်းသန့်၊ အမေဆိုလျှင်လည်း ဦးကောင်းသန့်တစ်ယောက်တည်းကိုပင် သူမ အားကိုးခဲ့ရသောကြောင့်ပင်။

“သမီးကိုမွေးရင်းနဲ့ သမီးမေမေက ဆုံးသွားတာလေ”

ငေးငေးလေးနှင့် အဖေသည် သူမကို ရင်ဖွင့်တတ်ပါသေးသည်။ ထိုသို့ရင်ဖွင့်လိုက်တိုင်း သူမသည် ဖခင်ကြီး၏ပါးကို အားနှင့်ဖိနမ်းကာ အားပေးတတ်ပါ၏။

“ယုဉ်လေးရေ . . .”

ကျောင်းပေါက်ဝကိုငေးကြည့်ကာ အတွေးနယ်ချဲ့နေသော သူမသည် သူမဖခင် ဦးကောင်းသန့်ခေါ်သံကြောင့် အတွေးစတို့ ရပ်တန့်သွားပါ၏။

“ဟယ် . . . ဖေကြီး”

သူမ အပြေးတစ်ပိုင်းနှင့် ဖခင်အနားသို့ ပြေးသွားလိုက်ပါသည်။

“ဖြေနိုင်တယ်မဟုတ်လား သမီးလေး”

“ဖြေနိုင်တာပေါ့ ဖေကြီးရယ်။ မေးခွန်းတွေက လွယ်လွယ်လေးတွေ”

ဖခင်နင်းလာသော ဆိုက်ကားပေါ်တွင်တက်ထိုင်ကာ သူမ ကြွားလုံးထုတ်လိုက်ပါသည်။

“ငါ့သမီး ဒေါ်ယုဉ်နှိုင်းမီတို့ကတော့ အဖေကိုတောင်မချန်ဘဲကြွားပြီ။ အရပ်ကတို့ရေ . . . လုပ်ကြပါဦး”

ဖခင်က သူမ၏ကြွားလုံးကိုသိပြီး ဆိုက်ကားနင်းထွက်ရန်ပြင်ရင်း ထ,အော်ပါသည်။ ဖခင်၏လုပ်ပုံကိုကြည့်ပြီး သူမ ကျေနပ်စွာ ဟားတိုက်ရယ်မောလိုက်မိပါသည်။

“ဟီး . . . ဟီး . . . ဟား . . . ဟား . . .”

“ညည်းရယ်ကောင်းတိုင်း သိပ်မရယ်နဲ့။ တော်ကြာ ဗိုက်အောင့်နေဦးမယ်”



www.burmeseclassic.com

www.burmeseclassic.com

"ဖေကြီးကလည်း သမီးက တကယ်ဖြေနိုင်ခဲ့တာပါ"

"ဟုတ်ပါပြီတော် . . . ယုံပါတယ်။ ညည်းကိုယုံပါတယ်။ ကဲ . . ဘာမုန့်စားမလဲ။ ဖေကြီးဝယ်ကျွေးမယ်"

"မုန့်ဟင်းခါး"

"ဈေးရှေ့ကဆိုင်မှာ စားမှာမဟုတ်လား"

"ဟုတ်ကဲ့"

"ကဲ . . . ဒါဆို ဖေကြီးတို့ရွှေယာဉ်တော်ကို ဈေးရှေ့ရောက်အောင် ရွှေ့လိုက်ကြစို့"

တစ်ဦးတည်းသောသမီးလေးသည် သူ့ထက် ထက်ထက်မြက်မြက်ရှိသည့်အတွက် ဦးကောင်းသန့် တကယ်ပင်ကျေနပ်မိပါသည်။ မည်မျှပင်ပင်ပန်းရပါစေ သမီးလေးကို ဆရာဝန်မကြီးတစ်ယောက်ဖြစ်အောင် ပျိုးထောင်ပေးမည်ဟုလည်း ဦးကောင်းသန့် ဆုံးဖြတ်ထားပါသေး၏။ ဇနီးဖြစ်သူသေဆုံးသွားသော်လည်း လိမ္မာလှသည့်သမီးလေးတစ်ယောက်ကို သူ့အတွက်ထားပေးခဲ့သည့်အတွက် ဦးကောင်းသန့်သည် ဇနီးသည်ကို အချိန်တိုင်းကျေးဇူးတင်မိပါသည်။

စာမေးပွဲဖြေတိုင်း အမှတ်ပြည့်ရသောယှဉ်နှိုင်းမီကို ဦးကောင်းသန့်သည် စာမေးပွဲဖြေဆိုပြီးတိုင်း သူတို့ရပ်ကွက်ဈေးလေး၏အရှေ့တွင် ဖွင့်ထားသောမုန့်ဟင်းခါးဆိုင်မှ မုန့်ဟင်းခါးဝယ်ကျွေးနေကျပင်။ ယခုလည်း သူတို့သားအဖ၏ထုံးစံအတိုင်း သမီးလေးကို မုန့်ဟင်းခါးဝယ်ကျွေးရန် သူ့ဆိုက်ကားလေးကို ဈေးရှေ့သို့ဦးတည်ပြီး နင်းခဲ့လိုက်ပါသည်။

သူတို့သားအဖနှစ်ယောက်၏ ကံကြမ္မာလေးသည် ကျောင်းရှေ့မှထွက်သည့်အချိန်တုန်းက လွန်စွာသာယာလှသော်လည်း ဆိုက်ကားလေးသည် ကတ္တရာလမ်းမကြီးပေါ်သို့ရောက်သော် မသာယာနိုင်တော့ချေ။

မျက်နှာချင်းဆိုင်မှမောင်းနှင်လာသော ကုန်တင်ကားကြီးတစ်စီးသည် ဘာကြောင့်မှန်းမသိ သူတို့သားအဖမောင်းနှင်လာသော ဆိုက်ကားလေးကို အရှိန်ပြင်းစွာဖြင့် ဝင်တိုက်လိုက်ပါသည်။



ကုန်တင်ကားကြီးတစ်စီး ဆိုက်ကားလေးဆီသို့ ပြေးဝင်လာသည်။ မြင်ကွင်းနှင့် သူမဖခင်ဦးကောင်းသန့် ကတ္တရာလမ်းပေါ်တွင်လဲကျပြီး သွေးများမြင်မကောင်းအောင် ထွက်နေသည့်မြင်ကွင်းကို ဆတ်တိုက်လိုလိုကြီး တွေ့လိုက်ရပါသည်။

"ဖေကြီး . . . ဖေကြီး . . ."

စိုးရိမ်စွာခေါ်ရင်း သူမအမြင်တွေလည်း မှုန်ဝါးလာပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

သူမမျက်လုံးများ ပြန်လည်ပွင့်သွားသည်နှင့် ပထမဦးဆုံးသတိရလိုက်သည်က သူမ၏ဖခင်ကိုပင်။ မြင်ကွင်းထဲတွင် သူမမြင်တွေ့လိုက်ရသည်က သူမ၏လက်ဖျံနှင့် လက်ကောက်ဝတ်ကို ပတ်တီးစည်းထားခြင်းပင်။

"သမီးလေး . . . သတိရပြီလား?"

အန်တီတစ်ယောက်က သူမကိုမေးပါသည်။ သူမ ခေါင်းညိတ်ပြလိုက်မိ၏။ ထိုအန်တီရဲ့မျက်နှာ သိပ်မကောင်းပါ။ စိတ်မကောင်းသည့် အရိပ်အယောင်များကို သူမ သတိထားလိုက်မိပါသည်။

"အန်တီ . . . ဖေကြီးရော။ သမီးရဲ့ဖေကြီးရောဟင်"

လက်မှနာနေသည့်ဒဏ်ရာကို သူမ ဂရုမစိုက်နိုင်တော့ဘဲ သူမ၏ဖခင်၏အခြေအနေကိုသာသိချင်စွာ သူမ မေးလိုက်မိပါသည်။

"သမီးလေး . . . သမီးလေးအိမ်မှာ တခြားဘယ်သူတွေရှိလဲ?"

ထိုအန်တီ၏မျက်နှာမှာ တကယ်ပင် စိတ်မကောင်းဖြစ်နေမှန်း သူမ ကောင်းစွာသိပါ၏။

"သမီးအိမ်မှာ ဘယ်သူမှမရှိပါဘူး အန်တီ။ သမီးနဲ့ သမီးဖေကြီးနဲ့ နှစ်ယောက်တည်းနေတာပါ"

"သမီးမေမေရော . . ."



"မေမေက မရှိတော့ဘူး အန်တီ"

"ဘယ်ကိုသွားလို့လဲ?"

"ဖေကြီးပြောတာကတော့ သမီးကိုမွေးရင်းနဲ့ ဆုံးသွားတယ်တဲ့"

သူမကိုမေးနေသည့် အန်တီမျက်ဝန်းတွင် မျက်ရည်စများကို သူမ မြင်တွေ့လိုက်ရပါသည်။

"အန်တီ . . .အန်တီ ငိုနေတာလား?"

"သမီးက အခု သမီးဖေဖေနဲ့ပဲနေတာလား?"

"ဟုတ်ကဲ့။ ဒါနဲ့ သမီးဖေကြီးရော အန်တီ"

သူမ သိချင်စွာမေးလိုက်မိပြန်၏။ ထိုအန်တီ သက်ပြင်းချလိုက်ပါသည်။

"ဖေကြီးရော . . . အန်တီ"

"သမီးဖေကြီးလား?"

"အင်း . . . ဖေကြီးဘယ်မှာလဲ အန်တီ။ သမီး ဖေကြီးကိုတွေ့ချင်လို့ပါ။ နောက်ပြီး ဖေကြီးကို ကားနဲ့တိုက်မိသွားတယ်မဟုတ်လား အန်တီ"

သူမ မှတ်မိသလောက် မေးကြည့်နေမိပါသည်။ သူမနှင့်စကားပြောနေသည့် အန်တီ့ထံမှ သက်ပြင်းချသံများကို သူမ ခဏပြီးခဏကြားနေရပါ၏။

"သမီးနာမည် ဘယ်လိုခေါ်လဲ?"

"ယုဉ်နှိုင်းမီပါ အန်တီ။ ဖေကြီးရောဟင်"

"သမီးဖေကြီးနာမည်ကရော ဘယ်လိုခေါ်လဲ?"

"ဦးကောင်းသန့်ပါ။ သမီးကို နောက်မှ မေးခွန်းတွေထပ်မေးပါနော်။ အခုတော့ ဖေကြီးဆီကို ခေါ်သွားပေးပါအန်တီရယ်။ သမီး ဖေကြီးနဲ့တွေ့ချင်လို့ပါ။ ကူညီပါ အန်တီရယ်"

သူမ လက်အုပ်လေးချီကာ တောင်းဆိုလိုက်မိပါသည်။



www.burmeseclassic.com

www.burmeseclassic.com

"သမီးက ဘယ်ရပ်ကွက်မှာနေတာလဲ?"

"သမီးလား? ဖြေပါ့မယ်။ အခုတော့ သမီးဖေကြီးနဲ့ တွေ့ခွင့်ပေးပါနော်"

"သမီး . . . ယှဉ်နိုင်းမီ၊ သမီးကို အန်တီပြောစရာစကားရှိပါတယ်။ သမီး စိတ်ထိန်းပြီး နားထောင်ပေးပါနော်"

"ဘာကိုလဲ အန်တီ"

"အန်တီက ဒီဆေးရုံမှာအလုပ်လုပ်နေတဲ့ နာ့စ်ပါ"

"ဟုတ်ကဲ့"

"နောက်ပြီး အခု အန်တီပြောမယ့်စကားက ပြောဖို့အတော်ကိုခက်ခဲနေပါတယ် သမီးလေးရယ်"

နာ့စ်လို့ ကိုယ့်ကိုယ်ကိုယ်ပြောသောအန်တီက သူမအရှေ့တွင် ခေါင်းငုံ့ကာငိုကျွေးနေပါ၏။ သူမ နားမလည်နိုင်ပါ။

"သမီး . . . သမီးရဲ့ဖေကြီး ဆုံးသွားပြီ"

"ရှင် . . ."

နာ့စ်ဆိုသည့်အန်တီပြောလိုက်သော သတင်းကိုကြားလိုက်ရသည့် တခဏတွင် သူမ မူးနောက်သွားရပါသည်။ ရင်ဘတ်လည်း အောင့်သွားရ၏။

"ဖေကြီးက ဆုံးသွားပြီ ဟုတ်လားအန်တီ"

မေးရင်းနှင့် သူမမျက်ဝန်းမှ မျက်ရည်များ ကျဆင်းလာရပါတော့သည်။ နာ့စ်ဆိုသည့်အန်တီသည် ခေါင်းကိုထပ်ကာထပ်ကာညိတ်ရင်း သူမကို ပြန်ဖြေပါ၏။

"သမီးဖေကြီးဆုံးသလို ဆုံးသွားတာလားအန်တီ"

နာ့စ်လေးက သူမကို ဖက်လိုက်ပါ၏။

"ကားနဲ့တိုက်မိလို့လား အန်တီရယ်"

"မဟုတ်ဘူးသမီး။ ဆရာဝန်တစ်ယောက်က ဆေးမှားပြီးထိုးမိလို့ ဆုံးသွားတာ"



"ဆေးမှားပြီးထိုးမိလို့ ဟုတ်လား?"

သူမ နားမလည်ပါ။ ဆေးထိုးခံသည့်လူတစ်ယောက်သည် ပြန်ကျန်းမာလာသည်သာ။ ယခုတော့ သူမဖခင်သည် ဆေးထိုးခံရမှုကြောင့် သေသွားသည်တဲ့။ သူမ ဦးနှောက်လိုက်မမီတော့ချေ။

"ဆေးထိုးရင် နေမကောင်းတဲ့လူက ပြန်ကောင်းလာတယ်မဟုတ်လားအန်တီ"

သူမ မျက်ရည်များကျရင်း နားလည်အောင်မေးနေမိပြန်၏။

"ဒါပေမဲ့ သမီးဖေဖေနဲ့မတည့်တဲ့ဆေးမျိုးကို အဲ့ဒီဆရာဝန်က ထိုးပေးလိုက်မိတယ်လေ"

"အန်တီ . . . ဒါဆို ဖေကြီးကို အဲ့ဒီဆရာဝန်က သတ်လိုက်တာပေါ့နော်"

"သတ်လိုက်တယ်လို့တော့ ပြောလို့မရဘူးသမီး။ မတော်တဆပေါ့"

"ဒါဆို သမီးဖေကြီး မသေဘူးပေါ့။ မတော်တဆသေပြီး ပြန်ရှင်လာမှာလား အန်တီ"

"သမီးဖေကြီးကတော့ သေဆုံးသွားတာပါကွယ်။ အန်တီ တကယ်စိတ်မကောင်းပါဘူး"

"ဖေကြီးက တကယ်သေသွားတယ်ဆိုတော့ ဖေကြီးကို အဲ့ဒီဆရာဝန်က တကယ်သတ်လိုက်တာပေါ့ အန်တီရယ်။ ဒါဆို သမီး ဘယ်သူနဲ့ဆက်နေရမှာလဲ။ သမီးကို ဘယ်သူက ကျောင်းလိုက်ပို့ပေးမှာလဲ အန်တီ။ သမီးဖေကြီးကိုခေါ်ပေးပါ။ သမီးတစ်ယောက်တည်း အိမ်မှာမနေရဲဘူး"

သူမ ငိုနေရင်း ပူဆာလိုက်မိပါသည်။ နာ့စ်လေးက သူမကို ဖက်ထားပါ၏။ နာ့စ်ရဲ့ရင်ခွင်သည် နွေးနေသော်လည်း သူမ၏ဖေကြီး၏ ရင်ခွင်ရဲ့ အနွေးဓာတ်ကိုတော့ မမီချေ။

နောက်ဆုံးတော့ သူမနားမလည်နိုင်သည့် စကားလုံးများနှင့်အတူ သူမ၏ဘဝထဲမှ ဖေကြီးသည် အပြီးအပိုင် ထွက်သွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

သူမ ဖေကြီး၏ နောက်ဆုံးမျက်နှာကိုပင် သူမ မမြင်လိုက်ရချေ။ ဖေကြီး မည်သို့ မည်ပုံနှင့် နောက်ဆုံး သူမထံမှ ထွက်ခွာသွားပါသနည်း။ ဖေကြီး သည် သူ့စိတ်သူ့ကိုယ်နှင့်တော့ သူမဘေးမှ ထွက်ခွာသွားမည်မဟုတ် ချေ။

ဖေကြီးကို ဆေးမှားထိုးလိုက်သည့် ဆရာဝန်ကြောင့်သာ ဖေကြီး သူမဘဝထဲမှ ထွက်ခွာသွားခဲ့သည်ပင်။ ဖေကြီးကိုသတိရတိုင်း ထို ဆရာဝန်ကို သူမ အသည်းအသန်ပင် မုန်းတီးမိပါ၏။ အရွယ်ရောက် လျှင်လည်း ထိုဆရာဝန်ကိုရှာဖွေပြီး တစ်နည်းနည်းနှင့် ကလဲ့စားပြန်ချေ ရန်လည်း သူမ ဆုံးဖြတ်မိပါသေးသည်။



သူမ ဘာဆိုဘာမှ မသိလိုက်ရပါ။ ဖေကြီးကို သင်္ဂြိုဟ်လိုက်ကြ သည်တဲ့။ သူမလည်း မမြင်လိုက်ရချေ။ သူမမြင်ရသည်ကတော့ အိမ် တွင် သူမတစ်ယောက်တည်း နေရခြင်းပင်။ ဘေးအိမ်မှအန်တီကြီးတစ် ယောက်သည် သူမနှင့်အတူ လာအိပ်ပေးပါ၏။

ဆေးရုံသို့ရောက်သည့်နေ့မှစ၍ ယနေ့အထိ ဖေကြီးချော့သိပ်သည့် သီချင်းသံကို သူမ မကြားရတော့ချေ။ သူမ အချိန်တိုင်း ဖေကြီးကို သတိရ နေမိပါ၏။ သတိရတိုင်းလည်း သူမ ငိုယိုနေမိပြန်၏။

"သမီးလေးရယ် . . . မငိုပါနဲ့တော့နော်။ သမီးငိုနေလို့လည်း သမီး ဖေကြီး ပြန်လာနိုင်တော့တာမှ မဟုတ်ဘဲ"

ဘေးအိမ်မှအန်တီကြီးပြောသည်မှာ မှန်သော်လည်း သူမ ငိုချင် နေသည့်စိတ်ကို တင်းမထားနိုင်ပါ။

"ဖေကြီးကိုသတိရတယ် အန်တီရယ်။ ဖေကြီးကိုခေါ်ပေးပါနော်"

"ခေါ်ပေးလို့ရရင် ခေါ်ပေးတာပေါ့ ယှဉ်နှိုင်းမီရယ်။ ရမှမရတာ မပူဆာနဲ့နော်"

သူမ ထမင်းလည်းမစားချင်ပါ။ ခါတိုင်းထမင်းစားလျှင် ဖေကြီး[illegible] ခွံ့ကျွေးနေကျပင်။ ယခု သူမကိုယ်တိုင်စားသောက်ရသည်မှာ မည်သို့[illegible]



www.burmeseclassic.com

www.burmeseclassic.com

မဆင်မပြေချေ။ တစ်ယောက်တည်းလည်း သူမ မနေတတ်ချေ။ ဖေကြီးကိုသတိရတိုင်း ဖေကြီးကို ဆေးမှားထိုးလိုက်သည့် ဆရာဝန်ကို သူမ မုန်းတီးနေမိပါတော့သည်။ သူမ ဘာဆိုဘာမှ သေသေချာချာမသိလိုက်ရခင်မှာပဲ သူမကို ရပ်ကွက်က စောင့်ရှောက်ခံကလေးဘဝရောက်အောင် ထိုဆရာဝန်က ဖန်တီးပေးခဲ့ပါတော့သည်။



သူမဖခင်ဦးကောင်းသန့်၏ တစ်လပြည့်ရက်လည်မရောက်ခင်အထိတော့ သူမကို ရက်ကွက်ထဲမှ အိမ်တစ်အိမ်က ထမင်းကျွေးပါ၏။ စောင့်ရှောက်ပါ၏။ ကားတိုက်သွားသော ကားပိုင်ရှင်က လျော်ကြေးပေးထားလို့ ကျွေးသည်လား၊ သို့မဟုတ် သူမကိုသနားလို့ ကျွေးသည်လားဆိုသည်ကိုတော့ သူမလည်း သေချာမသိချေ။ ထိုအိမ်သည် သူမတို့ရပ်ကွက်လူကြီး ဦးခင်စိုး၏အိမ်ပင်ဖြစ်ပါသည်။

သူမဖခင်ဦးကောင်းသန့်၏ တစ်လပြည့်ရက်လည်ဆွမ်းကိုလည်း မုန့်ဟင်းခါးကျွေးဖြစ်ခဲ့ပါသေးသည်။ ဘယ်ကရသည့်ပိုက်ဆံနှင့် ရက်လည်ဆွမ်းသွပ်သည်ကိုလည်း သူမ မသိပါ။ သို့သော် ဆွမ်းသွပ်ပြီးသည့်နောက်တစ်နေ့တွင်တော့ သူမကို ဆက်လက်မွေးစားရန်အတွက် ညှိနှိုင်းရန် ရက်ကွက်ရုံးသို့ ရောက်ရှိရပါတော့သည်။

သူမကို လိမ္မာသောကလေးတစ်ယောက်အဖြစ် အများကလက်ခံထားပါသည်။ ထို့အပြင် သူမသည် စာကြိုးစားကာ ဖခင်ကြီး၏စကားကို နားထောင်တတ်သောကြောင့် လူချစ်လူခင်လည်း ပေါများပါသည်။ သူမနှင့်မတည့်သူ မရှိချေ။ သူမကလည်း လူတိုင်းနှင့် ယဉ်ယဉ်ကျေးကျေးစွာ ဆက်ဆံတတ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

"ယုဉ်နှိုင်းမီလေးက စာလည်းတော်တယ်။ ဒီတော့ သူကလေးကို လူတစ်လုံးသူတစ်လုံးဖြစ်အောင် ဘယ်သူမွေးမလဲ?"

သို့သော် ခက်သည်က လူတစ်ယောက်ကိုချစ်တိုင်း ထိုလူ၏ဝေယျာဝစ္စများကို တာဝန်ယူရမည်ဆိုသည်မှာ လွယ်ကူသည့်အလုပ်မဟုတ်ချေ။ မွေးစားသည်ဆိုသည့်ဝေါဟာရ၏ အနက်အဓိပ္ပာယ်သည် တစ်ရက်၊ နှစ်ရက်နှင့် ပြီးသွားခြင်းမဟုတ်။

လူတစ်ယောက်ကို တစ်သက်လုံးတာဝန်ယူခြင်းမှ ဖြစ်ပေါ်လာသော ဝေါဟာရတစ်ခုပင်။ ထို့ကြောင့် ရပ်ကွက်လူကြီး ဦးခင်စိုးမေးလိုက်သည့် မေးခွန်းကို လေးလေးနက်နက်ဖြေရန် လူတိုင်း တွန့်ဆုတ်နေကြပါသည်။

နေ့လုပ်နေ့စားလူတန်းစားများသာ နေထိုင်သော သူတို့ရပ်ကွက်ထဲမှာ အိမ်တိုင်းလိုလိုသည် ကိုယ့်ဝင်ငွေနှင့်ကိုယ် ကျပ်တည်းနေကြသေး၏။ထို့ကြောင့် လူပိုတစ်ယောက်ကို တာဝန်ယူရန်မှာ ခက်ခဲနေ၏။ သူမကို အားလုံးကချစ်ကြသော်လည်း ကိုယ့်အိုးနှင့်ကိုယ့်ဆန် အဆင်ပြေရန် ရုန်းကန်လှုပ်ရှားနေကြရသော ရပ်ကွက်ထဲမှအိမ်များသည် သူမကို အပြီးတာဝန်ယူရန် တွန့်ဆုတ်နေကြပါတော့၏။

"ကျွန်တော်တို့အားလုံး ယုဉ်နှိုင်းမီလေးကို ချစ်ကြပါတယ် ဥက္ကဋ္ဌ။ ဒါပေမဲ့ ဒီကလေးကို တစ်သက်လုံးတာဝန်ယူဖို့ဆိုတာက လွယ်ကူတဲ့ကိစ္စမဟုတ်ပါဘူး။ နောက်ပြီး ကျွန်တော်တို့အတွက် ငွေဆိုတာ အပိုအလျှံမရှိတဲ့ အရာတစ်ခုပါ။ နေ့လုပ်နေ့စား ဘဝသမားတွေ အနေနဲ့ လူကြီးရဲ့မေးခွန်းကို ဖြေဖို့ခက်ခဲပါတယ်"

ပြောတတ်ဆိုတတ်သည့်လူတစ်ယောက်၏ အဖြေကြောင့် ငြိမ်သက်နေကြသော ရပ်ကွက်သူ/သားများ အနည်းငယ် လှုပ်လှုပ်ရှားရှား ဖြစ်သွားကြပါသည်။

"ဟုတ်ပါတယ်"

"ဟုတ်တယ်နော်"



ကြားရသောစကားသံများကြောင့် သူမ မွန်းကျပ်ရပါသည်။ ဖေဖေရာလှသည့်အနာဂတ်ကို ကြိုတွေးရင်း သူမ ရင်လေးမိပါ၏။ သူမဖခင်သာရှိခဲ့ပါမူ သူမသည် တခြားသူများအတွက် ဝန်ထုပ်ဝန်ပိုးမဖြစ်နိုင်ပါ။ ဖေကြီးက သူမကို ကောင်းစွာပြုစုပျိုးထောင်ပေးနိုင်သည်ကို သူမ ယုံကြည်ပါ၏။

"ဒါဆို ကျုပ်အိမ်မှာ ကလေးမလေးကိုထားပြီး တစ်ယောက်တစ်အိမ် အလှည့်ကျကူညီကြမယ်ဆိုရင်ရော . . ."

"အဲ့ဒါကလည်း ခဏတာအတွက်ဆိုရင် ရပါတယ် ဥက္ကဋ္ဌ။ ဒါပေမဲ့ တစ်သက်လုံးစာဆိုရင်တော့ စဉ်းစားစရာပါ။ နောက်ပြီး ယုဉ်နှိုင်းမီလေးက တစ်နေ့တခြား အသက်ကြီးလာသလို အတန်းလည်းကြီးလာမှာပါ။ အတန်းကြီးလာလေ စားရိတ်များလာလေပါပဲ။ အခု ရပ်ကွက်ထဲမှာ ကိုယ့်ကိုယ်ပိုင်သားသမီးကိုတောင် ကျောင်းမထားနိုင်တဲ့မိဘတွေ အများကြီးရှိပါတယ်"

"ဒါဆို ယုဉ်နှိုင်းမီလေးအတွက် ငါတို့ အကောင်းဆုံးဘာဆက်လုပ်ပေးနိုင်ကြမလဲ?"

"ဘုန်းကြီးကျောင်းမှာထားပြီး ကျောင်းဆက်တက်ခိုင်းဖို့ကလည်း ယုဉ်နှိုင်းမီက မိန်းကလေးဖြစ်နေတော့ မသင့်တော်ပြန်ဘူး"

"ဒါဆို ကလေးကို မိဘမဲ့ကျောင်းကို ပို့လိုက်ကြမလား?"

"မိဘမဲ့ကျောင်း . . ."

လူကြီးတွေပြောနေသမျှ စကားလုံးများထဲမှ 'မိဘမဲ့ကျောင်း' ဆိုသည့်စကားလုံးကို သူမ လိုက်ရွတ်ကြည့်မိပါသည်။ မိဘမဲ့ကျောင်းဆိုသည့်ဝေါဟာရကို သူမ နားမလည်ပါ။ စိတ်ရှုပ်စွာ ခေါင်းကုတ်လိုက်မိပါသည်။

"ယုဉ်နှိုင်းမီလေးမှာ ဘာဆွေမျိုးသားချင်းမှ မရှိဘူးလား"

"သူတို့သားအဖနေလာတာလဲ ဒီလောက်ကြာနေပြီ။ သူတို့အိမ်ကို



www.burmeseclassic.com

www.burmeseclassic.com

ဘယ်သူကများ လာလည်ဖူးလို့လဲ။ ဆွေမျိုးသားချင်း ရှိပုံမပေါ်ဘူး"

တစ်ယောက်တစ်ပြန် တိုင်ပင်နေကြသောစကားလုံးများက သူမကို အားငယ်ခြင်း၊ ကြောက်ရွံ့ခြင်းဆိုသည့် စိတ်ခံစားမှုများကို ဖြစ်ပေါ်စေပါ၏။ မိဘမဲ့ကျောင်းဆိုသည်မှာ ဘာမှန်းမသိသော်လည်း ထိုဝေါဟာရကိုတော့ သူမ မနှစ်သက်ပါ။ အားငယ်ကာကျဆင်းလာသော သူမ၏ မျက်ရည်စများကို လက်မောင်းနှင့် ဖိသုတ်လိုက်မိပါသည်။

"ဒါဆို ဒီကလေးကို မိဘမဲ့ကျောင်းကို ပို့လိုက်ကြတာပေါ့။ ဟုတ်ပြီလား?"

"ဟုတ်တယ်။ အဲ့ဒါကောင်းတယ်"

"သိပ်ကောင်းတဲ့ အစီအစဉ်ပဲ"

ဖခင်ဆုံးရှုံးပြီးတာ မကြာသေး။ မိဘမဲ့ကျောင်းဆိုသည့်နေရာသစ်တစ်ခုကို သူမ မပြောင်းရွှေ့ချင်ပါ။ သို့သော် အားလုံးကကောင်းမယ်ထင်ပြီး စီစဉ်သည့်ကိစ္စကို ငြင်းလိုက်ဖို့လည်း သူမသတ္တိမရှိပြန်။ ဖေကြီးကိုသာ သူမ လွန်စွာတမ်းတမိပါ၏။ ဖေကြီးသာရှိလျှင် သူမ ယခုအခက်အခဲများနှင့် ရင်ဆိုင်ရမည်မဟုတ်ချေ။ သူမ ခုံပေါ်တွင် ခေါင်းမှောက်ပြီး ငိုနေမိပါတော့၏။

"ခွင့်မတောင်းဘဲဝင်ခဲ့မိလို့ အားလုံးကို ကျွန်မတောင်းပန်ပါတယ်နော်"

ကြားလိုက်ရသည့်စကားသံကြောင့် အသံလာရာသို့ သူမခေါင်းထောင်ကြည့်လိုက်ရာ အသက်ငါးဆယ်ဝန်းကျင်ခန့်ရှိပြီး ရုပ်ရည်သန့်ပြန့်လှသော အဒေါ်ကြီးတစ်ယောက်ကို သူမ မြင်တွေ့လိုက်ရပါသည်။

"ကျွန်မနာမည် ဝတ်ရည်ပါရှင်။ ကျွန်မ ဒီကလေးနဲ့ပတ်သက်ပြီး စကားနည်းနည်းလောက် ပြောလို့ရမလားရှင်"

လွတ်နေသည့်ထိုင်ခုံတစ်ခုသို့ လှမ်းလျှောက်ပြီး ထိုင်ခုံတွင်မထိုင်သေးဘဲ ရပ်ကွက်လူကြီးဦးခင်စိုးကို ကြည့်ရင်း ပြောလိုက်ပါသည်။



"ရပါတယ် ဒေါ်ဝတ်ရည်။ ဝင်ပြောပါ။ ကလေးကောင်းဖို့အတွက်ပဲ"

"ကျွန်မကို ထိုင်ခွင့်ပြုပါနော်"

"ထိုင်ပါဗျာ၊ ထိုင်ပါ။ ဒါနဲ့ ဒေါ်ဝတ်ရည်နဲ့ကလေးနဲ့ ဘာတော်လဲခင်ဗျ"

ဒေါ်ဝတ်ရည်နှင့်ဦးခင်စိုးတို့ ပြောနေသမျှကို ရပ်ကွက်သူ၊ ရပ်ကွက်သားများ ငေးကြည့်နေကြပါ၏။

"ကျွန်မက ကလေးနဲ့ ဘာမှတော်စပ်မှုမရှိပါဘူး။ ဒါပေမဲ့ လိုအပ်တဲ့ စာရွက်စာတမ်းတွေနဲ့အတူ ယှဉ်နှိုင်းမီလေးကို ကျွန်မ တရားဝင်မွေးစားချင်ပါတယ်ရှင်။ နောက်ပြီး ကလေးရဲ့နောင်အနာဂတ်ကိုလည်း မမှေးမှိန်စေရပါဘူး။ ကျွန်မ ကလေးကိုကျောင်းဆက်ထားမှာပါ"

ဒေါ်ဝတ်ရည်၏ တိကျလှသောတာဝန်ယူမှုကြောင့် ရပ်ကွက်သူ၊ ရပ်ကွက်သားများ အံ့သြရသကဲ့သို့ သူမလည်း အံ့သြရပါသည်။ သူမကို သိပင်မသိသေးသော ထိုဒေါ်ဝတ်ရည်က သူမကို မွေးစားမည်တဲ့။ လူတစ်ယောက်ကို တာဝန်ယူရသည်မှာ ပေါ့သေးသည့်အလုပ်မဟုတ်ချေ။

"နေပါဦးဗျာ။ ဒေါ်ဝတ်ရည်က ဘာကြောင့် ကလေးကိုမွေးစားချင်ရတာလဲ?"

"ကျွန်မ ကလေးကိုချစ်လို့ပါ။ နောက်ပြီး ကလေးကို မြေတောင်မြှောက်ပေးချင်လို့ပါ။ ကလေးကို ကျွန်မမွေးစားပြီးရင် ကြိုက်တဲ့အချိန် လာရောက်ပြီးစုံစမ်းပါ။ တကယ်လို့ ကလေးရဲ့စိတ်ကြိုက်မဖြစ်ဘူးဆိုရင်လည်း ကျွန်မကို လူကြီးမင်းတို့ကြိုက်သလို အရေးယူနိုင်ပါတယ်"

ဒေါ်ဝတ်ရည်၏စကားများက တည်ကြည်လွန်းလှပါသည်။



www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်ပါပြီ။ တကယ်တော့ ကျွန်တော်တို့လည်း ဒီကလေးနဲ့ပတ် သက်ပြီး အခု အစည်းအဝေးထိုင်နေတာပါ။ ဒီလိုလုပ်ပါလား ဒေါ်ဝတ်ရည်။ တိကျတဲ့အထောက်အထားတွေ စီစဉ်ပြီးရင် ကလေးမလေးကို မွေးစားခွင့်ပြုမှာပါ"

ဦးခင်စိုး အားမတန်၍ မာန်လျှော့လိုက်ရင်း သူမကိုမွေးစားမည့် ကိစ္စကို လက်ခံသဘောတူလိုက်ပါသည်။ ထို့နောက် ရပ်ကွက်ရုံးမှာပင် လိုအပ်သည့်စာရွက်စာတမ်းများကိုပြုလုပ်ပြီး ဒေါ်ဝတ်ရည်သည် သူမ ကို အပြီးအပိုင် မွေးစားလိုက်လေသည်။

ဒေါ်ဝတ်ရည်ကြောင့် သူမဘဝကောင်းစားရန်လည်း အခွင့်အလမ်း တစ်ခုလိုပင် ဖြစ်နေပြန်သေး၏။ ထိုနည်းနှင့်ပင် သူမသည် ဒေါ်ဝတ်ရည် ဆိုသော မိန်းမကြီးအနောက်သို့ လိုက်သွားဖြစ်ပြန်ပါသည်။

ᨏ ᨏ ᨏ



ခြံဝန်းကျယ်ထဲတွင် အိမ်ကြီးက ခန့်ညားထည်ဝါလှပါသည်။ ခြံ ဝန်းအတွင်းတွင်လည်း ပန်းပင်များရှိသည့်အပြင် စိတ်ကြည်နူးစရာ မျက် ခင်းပြင်လေးလည်း ရှိနေပါသေးသည်။ ကားဒရိုင်ဘာကြီးဦးတင့်မောင်း သော ကားကြီး၏နောက်ခန်းတွင် ဒေါ်ဝတ်ရည်နှင့်အတူ ထိုင်လိုက်ပါ လာသော သူမသည် ခြံကြီးကိုမျက်လုံးဝေ့ကြည့်ရင်း ဤခြံဝန်းကြီးထဲ တွင် သူမနေထိုင်ရမည့်အဖြစ်ကို ယုံပင်မယုံနိုင်ဖြစ်နေပါသည်။ အိမ်ရှေ့ တွင် ကားရပ်လိုက်သည်နှင့် ဒေါ်ဝတ်ရည်နှင့်အတူ အိမ်ထဲသို့ဝင်ခဲ့လိုက် ပါသည်။

"သမီး . . . ဧည့်ခန်းမှာ ခဏထိုင်ဦးနော်။ ခဏနားပေါ့။ ပြီးရင် အန်တီ သမီးအတွက် အအေးတစ်ခွက်လာပေးမယ်"

"ဟုတ်ကဲ့"

သူမ တစ်ခါဖူးမျှ မြင်ပင်မမြင်ဖူးသော ထိုင်ခုံကြီးများပေါ်တွင် ထိုင် လိုက်သည်နှင့် သူမကိုယ်လေး အိခနဲဖြစ်သွားသည်ကို ခံစားလိုက်ရ၏။ ဆိုဖာထိုင်ခုံကြီးများပင်။ သူမ လက်နှင့်ကိုင်ကြည့်လိုက်မိပါသည်။ သူမ နေထိုင်ခဲ့ရသည့် အိမ်တစ်လုံးလုံးထက်ပင်ကျယ်သော ဧည့်ခန်းကြီးက သူမကို သိမ်ငယ်မှုများ ဖြစ်ပေါ်စေပါသည်။

"ကဲ . . . သမီးလေး၊ အမောပြေသွားအောင် သောက်လိုက်နော်"

ဒေါ်ဝတ်ရည်ပေးသော အအေးခွက်ကို သူမ လက်နှစ်ဖက်နှင့်ယှမ်း ယူလိုက်ပြီး တစ်ငုံသောက်လိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

“အအေးက ကောင်းလိုက်တာ အန်တီ”

“အင်း . . . ကောင်းမှာပေါ့။ အန်တီကိုယ်တိုင် ဖျော်ပေးထားတာလေ”

“အန်တီက သမီးကိုတကယ်ပဲချစ်လို့ မွေးစားတာလား အန်တီ”

“သမီးက မယုံလို့လား?”

“မဟုတ်ပါဘူး။ ဒါပေမဲ့ အခုမှတွေ့တဲ့လူကို ချက်ချင်းကြီးချစ်တယ်ဆိုတော့ သမီး အံ့ဩလို့ပါ။ သမီးဆိုရင် သမီးဖေကြီးက တစ်ခါခါဆူရင်တောင် သမီးက ဖေကြီးကို လိမ်ဆွဲပစ်ချင်တာ။ အဲ့ဒါကြောင့်ပါ”

သူမစကားကြောင့် ဒေါ်ဝတ်ရည် ဟက်ခနဲရယ်လိုက်ပါသည်။

“သမီးလေးက စကားတတ်တယ်နော်”

“ဖေကြီးက စကားတတ်အောင် သင်ပေးထားလို့ပါ အန်တီ”

“ကဲ . . . သမီးမေးတာကို အန်တီဖြေပါ့မယ်။ တကယ်တော့ သမီးကို အန်တီကမွေးစားတာ မဟုတ်ပါဘူးကွယ်။ အန်တီက နာမည်ခံပေးရုံသက်သက်ပါ။ တကယ်မွေးစားတဲ့လူက ဦးဝိဉာဏ်ခတဲ့”

“ဦးဝိဉာဏ်ခ ဟုတ်လား?”

သူမ နာမည်ကို ရွတ်ကြည့်လိုက်မိပါသည်။

အာရုံထဲတွင် ဝိဉာဏ်ခဆိုသည့်နာမည်က ပဲ့တင်ထပ်သွား၏။

“ဟုတ်တယ် . . . ။ သမီးနားလည်အောင်ပြောရရင် သူက သမီးအတွက် ငွေရေးကြေးရေး။ နောက်ပြီး နေရေးထိုင်ရေးအားလုံးကို တာဝန်ယူပေးတာ။ အန်တီက သူ့ဝန်ထမ်းတစ်ယောက်ပါပဲ။ သမီးလေးကို စောင့်ရှောက်ဖို့ပေါ့”

“ဒါဆို အဲ့ဒီဦးဝိဉာဏ်ခက အခုဘယ်မှာလဲ အန်တီ”

“အခု သူက အလုပ်ကိစ္စနဲ့ ခရီးထွက်နေတယ်။ လောလောဆယ် သမီး ဒီလောက်ပဲသိထားနှင့်ဦး။ နောက်တော့ အားလုံးအန်တီရှင်း



ပြပါ့မယ်။ ဟုတ်ပြီလား။ လာ . . . အခု သမီးနေရမယ့်အခန်းကို အန်တီလိုက်ပြမယ်”

သူမကို ဒေါ်ဝတ်ရည်က အိမ်ပေါ်ထပ်သို့ ခေါ်ဆောင်ခဲ့ပါသည်။ အောက်ထပ်ကကျယ်ဝန်းသလို အိမ်ပေါ်ထပ်လည်း ကျယ်ဝန်းလှပါသည်။ ထို့အပြင် တံခါးချပ်ကြီးများလည်း ရှိပါသေး၏။ သူမ လိုက်လံငေးကြည့်နေမိပါသည်။ ထို့နောက် သူမကို အခန်းတစ်ခန်းကိုပြ၏။ သူမနေရမည့်အခန်းပင်ဖြစ်သည်။ အခန်းထဲတွင် အေးစိမ့်နေ၏။

“အေးနေတာပဲနော် အန်တီ”

“အင်း . . . သမီးပျော်လား?”

“အခု သမီးသိပ်မသိသေးဘူး။ ဒါပေမဲ့ သမီးဘယ်ကိုရောက်လို့ ရောက်ရမှန်းမသိတဲ့အချိန်မှာ အန်တီရောက်လာလို့ ဒီလိုအိမ်ကြီးကို ရောက်ခဲ့ရတာပါ။ အန်တီ့ကို သမီး ကျေးဇူးတင်ပါတယ်နော်”

သူမ ရင်ထဲမှ လှိုက်လှဲစွာပင် ပြောလိုက်ပါသည်။

“ရပါတယ်ကွယ်။ ကဲ . . . သမီးလေး ခဏနားလိုက်ဦးနော်”

သူမကို အခန်းထဲတွင်ထားခဲ့ကာ ဒေါ်ဝတ်ရည် ပြန်ထွက်သွားလေသည်။ သူမ အခန်းထဲတွင် လှည့်ပတ်ကြည့်နေမိပါသည်။ အခန်း၏ အရှေ့တည့်တည့်တွင် ဝရန်တာရှိပြီး အခန်းထဲတွင်ပင် ရေချိုးခန်းနှင့်အိမ်သာပါ တွဲရက်ပါရှိပါသည်။ ထို့အပြင် အားလုံးက သန့်ရှင်းတောက်ပြောင်လွန်းလှ၏။

သူမဘဝတွင် ထိုသို့နေရလိမ့်မည်ဟု တစ်ခါဖူးမျှပင် မတွေးဖူးပါ။ ကျဉ်းမြောင်းလှသော သူမဘဝလေး၏ ရုတ်တရက်ပြောင်းလဲမှုမှာ မြန်ဆန်လွန်းလှပါသည်။ သူမ၏ဖခင်ကြီးကိုလည်း သတိရမိပြန်သည်။ အသက်ငယ်ငယ်ရွယ်ရွယ်နှင့်ပင် ကွဲပြားလှသော ဘဝအခြေအနေများကို ကံကြမ္မာတရားကြီးက ကောင်းစွာပြောင်းလဲနိုင်ကြောင်း သူမ သိလိုက်ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ဦးဝိဉာဏ်ခ၏အစီအစဉ်အတိုင်း သူမ အသက်ဆက်ရှင်ရပါသည်။ ထိုဘဝလေးကိုပင် သူမ ကျေနပ်မိပါသည်။ သို့သော် ဆုံးရှုံးလိုက်ရသော ဖခင်ကိုတော့ သူမ အချိန်တိုင်း တမ်းတမိနေပါသည်။

သူမ ယခင်တက်နေသည့်ကျောင်းမှထွက်ရကာ ဒေါ်ဝတ်ရည်ထားသောကျောင်းတွင် ဆက်တက်ရပါသည်။ ကျောင်းသို့ ကားနှင့်ကြိုပို့ပေးသည့်အပြင် သူမအတွက် အရာရာပြည့်စုံသည်ဟု ဆိုသည်ထက်ပင် ပို၍ပြည့်စုံလှပါသည်။ နွမ်းပါးလှသည့်ဘဝထဲမှ ပြည့်စုံသောဘဝသို့ရောက်အောင် ကံကြမ္မာကြီးကဖန်တီးပေးလိုက်သော်လည်း သူမ၏ဖခင်ကိုတော့ သူမထံမှ ခေါ်ဆောင်သွားခဲ့ပါသည်။ ဖခင်၏အကြောင်းကိုတွေးမိလိုက်တိုင်း သူမဖခင်ကို ဆေးမှားထိုးပေးသည့်ဆရာဝန်ကို သူမ စိတ်နာကျင်ရပါသေး၏။

သူမဖခင်တစ်နှစ်ပြည့်တိုင်း သူမစိတ်ကြိုက် အလှူလုပ်နိုင်ပါသည်။ သူမသည် ကျောင်းစာကိုသာ အဓိကထားကြိုးစားရသောကြောင့် ယှဉ်ပြိုင်နိုင်မီတစ်ယောက် တစ်နှစ်တန်းတန်းကို အမှတ်များစွာဖြင့် အောင်နိုင်ခဲ့ပါသည်။

"သမီးလေးက ကျေးဇူးဆပ်ချင်တယ်ဆိုရင် စာကြိုးစားပါလို့ ဦးဝိဉာဏ်ခက မှာလိုက်တယ်ကွယ့်"



ဟူသော ဒေါ်ဝတ်ရည်၏စကားကြောင့် သူမသည် စာကိုအားထားကြိုးစားမိပါသည်။ ကိုယ့်ကိုယ့်ကိုယ် အစစအရာရာ ပြည့်ပြည့်စုံစုံထားသော ကျေးဇူးရှင်ကို သူမ တွေ့ချင်သော်လည်း သူမအတွက်အခွင့်မသာချေ။

"သမီး ဦးဝိဉာဏ်ခနဲ့ တွေ့ချင်လိုက်တာ အန်တီရယ်"

ဟူ၍ပူဆာတိုင်း ဒေါ်ဝတ်ရည်သည် သူမကို အကြောင်းအမျိုးမျိုးပြကာ ငြင်းတတ်ပါသည်။

"အခု ဦးဝိဉာဏ်ခ ခရီးသွားနေတယ်"

"သူ အလုပ်မအားရှာပါဘူးကွယ်"

"သူ ခရီးကပြန်မလာသေးဘူးလေ သမီးရယ်"

ဟူသောဟူသောစကားများနှင့် သူမကိုနှစ်သိမ့်ပါ၏။

"သမီး ဦးဝိဉာဏ်ခရဲ့ ဓာတ်ပုံတစ်ပုံလောက် လိုချင်လိုက်တာ အန်တီ"

"ဘာလုပ်ဖို့လဲကွယ်"

"ညအိပ်ရင် ရှိခိုးပြီး အိပ်ချင်လို့ပါ"

"ကောင်းပြီလေ . . . ။ ဒီတစ်ခါ အန်တီ ဦးဝိဉာဏ်ခနဲ့တွေ့ရင် တောင်းခဲ့ပေးပါ့မယ်ကွယ်။ နော် . . ."

သူမ တစ်ခါက ထိုသို့ ဓာတ်ပုံတောင်းဖူးပါသေး၏။ ကျေးဇူးရှင်ကိုမြင်ဖူးချင်ပြီး၊ ညတိုင်းအိပ်ရာမဝင်ခင် ကန်တော့ချင်သောကြောင့်ပင်။

"သမီးရေ . . . ဦးဝိဉာဏ်ခက မကန်တော့ပါနဲ့တဲ့။ သူ့ကိုကန်တော့နေမယ့်အစား စာကိုသာကြိုးစားပါတဲ့။ စာကြိုးစားတာက သူ့ကို ကျေးဇူးဆပ်တာနဲ့ အတူတူပဲတဲ့"

"ဓာတ်ပုံရော အန်တီ"

"အေးကွယ်။ ဓာတ်ပုံလည်း မပေးလိုက်ဘူး။ ဓာတ်ပုံယူသွားရင် ရှိခိုးနေဦးမယ်တဲ့။ အဲ့ဒါကြောင့် မပေးလိုက်ဘူး"



www.burmeseclassic.com

www.burmeseclassic.com

ဟူသော အကြောင်းပြချက်ဖြင့် သူမသည် ဦးဝိဉာဏ်ခ၏ခေတ်ပုံလေးကိုပင် မြင်နိုင်ခွင့်မရချေ။ အန်တီဝတ်ရည်ကတော့ လတိုင်းလတိုင်း ဦးဝိဉာဏ်ခနှင့် ဆက်သွယ်ပါ၏။ တစ်ခါတစ်ခါလည်း ကျောင်းပိတ်ရက်တွင် သူမကိုအိမ်တွင်ထားခဲ့ကာ ဦးဝိဉာဏ်ခနှင့် သွားတွေ့တတ်ပါ၏။

"ဒီတစ်ခါသွားရင် ခေါ်သွားပါလား အန်တီရယ်။ သမီး ဦးဝိဉာဏ်ခကို မြင်ဖူးချင်လို့ပါ"

ဟုတောင်းဆိုတိုင်းလည်း . . .

"အေးပါကွယ် . . . နောက်တစ်ခါသွားရင် ခေါ်သွားပါ့မယ်"

ဟု ပြန်ပြောတတ်ပြီး တကယ်တမ်းတော့ တစ်ခါမျှခေါ်မသွားချေ။ တစ်ယောက်တည်းသာ သွားတွေ့တတ်ပါ၏။ ဒေါ်ဝတ်ရည်သည်လည်း သူမကို လွန်စွာဂရုစိုက်တတ်ပါ၏။

"ညဥ့်နက်တဲ့အထိ စာမကျက်နဲ့နော် သမီးလေးယှဉ်။ ကျန်းမာရေးထိခိုက်မယ်"

"သမီး . . . စာကျက်ရင်းသောက်ဖို့ အအေးယူလာတယ်။ လက်ဖက်သုပ်တော့ မစားနဲ့နော်။ ဗိုက်အောင့်မှာစိုးလို့"

"သမီးရေ . . . ရေချိုးရင် မကြာနဲ့နော်။ ဖျားမယ်"

အစရှိသဖြင့် သူမအပေါ်တွင် သတိရှိရှိနှင့် ဆက်ဆံတတ်ပါသည်။ ထို့အပြင် ဟင်းလျာများကိုလည်း သူမစားချင်သည်များသာမက ကျန်းမာရေးနှင့်ညီညွတ်အောင်လည်း ချက်ကျွေးပါသေး၏။

အချိန်ကြာလာသည်နှင့်အမျှ ဒေါ်ဝတ်ရည်နှင့်သူမလည်း လွန်စွာရင်းနှီးချစ်ခင်သွားကြပါ၏။ သူမသိရသည်က ဒေါ်ဝတ်ရည်သည် အပျိုကြီးတစ်ယောက်ပင်။ သူမအပေါ် သမီးလေးတစ်ယောက်လို ဆက်ဆံတတ်ပါ၏။ ဒေါ်ဝတ်ရည်၏ဆက်ဆံမှုများသည် သူမအဖို့ လွန်စွာနွေးထွေးလှပါ၏။



သူမဖခင် တစ်နှစ်ပြည့်တိုင်းတွင် သူမနှင့်အတူ ဒေါ်ဝတ်ရည်သည် ဘုရားသို့ လိုက်တတ်ပါသည်။ ထို့အပြင် သူမနှင့်အတူ ဥပုသ်စောင့်ခြင်း၊ တရားထိုင်ခြင်းများကိုလည်း ပြုလုပ်ပါသေး၏။

သူမအတွက် ဖခင်ကြီးမရှိတော့သည်မှလွဲ၍ အရာရာပြည့်စုံပါသည်။ ထို့အပြင် သူမသည် သူမ၏ကျေးဇူးရှင်ဖြစ်သော ဦးဝိဉာဏ်ခကိုလည်း တဖြည်းဖြည်း သံယောဇဉ်တွယ်လာမိပါသည်။

ထို့အပြင် ဦးဝိဉာဏ်ခ၏ မျက်နှာအနေအထားကိုလည်း သူမစိတ်ထဲတွင် စဉ်းစားကာ ပုံဖော်တတ်နေပြီဖြစ်သည်။ စာကျက်ချိန်မှအပ သူမသည် ဦးဝိဉာဏ်ခ၏အကြောင်းကို တွေးနေတတ်ပါသည်။ ထို့အပြင် ဦးဝိဉာဏ်ခ၏ လုပ်ကိုင်ပုံများ၊ အမူအကျင့်များကို ဒေါ်ဝတ်ရည်ထံတွင် မေးတတ်ပါသေး၏။

"ဦးဝိဉာဏ်ခက ဘယ်လိုရုပ်မျိုးလဲ အန်တီ?"

"ဦးဝိဉာဏ်ခက အစပ်ကြိုက်လား? အချိုကြိုက်လား?"

"ဦးဝိဉာဏ်ခက အရုပ်ရှည်လား အန်တီ?"

အစရှိသဖြင့် သူမမေးတိုင်း ဒေါ်ဝတ်ရည်က ပြုံး၍သာတုံ့ပြန်တတ်ပါသည်။ မည်သည့်အဖြေမှ မပေးချေ။

"အန်တီပြောချင်ပါတယ်ကွယ်။ ဦးဝိဉာဏ်ခက မပြောပါနဲ့လို့ မှာထားလို့ပါ"

ဟူ၍သာ အဖြေပြန်ပေးတတ်ပါ၏။

"အန်တီ့ကိုအခက်တွေ့အောင် သမီးက လုပ်ချင်ပုံမပေါ်ပါဘူးကွယ်နော် . . .။ ဦးဝိဉာဏ်ခက သူ့အကြောင်းကို အဲ့လိုပြောတာ လုံးဝမကြိုက်ဘူးကွယ့်"

ဟုပြောပြီး သူမ၏သိချင်စိတ်များကို ထိန်းချုပ်ရအောင် ပြောပါသေး၏။ ထို့ကြောင့် သူမသိချင်သော သူမ၏ကျေးဇူးရှင် ဦးဝိဉာဏ်ခဆိုသူကို သူမ တစ်ခါဖူးမှ မတွေ့ဖူးပါချေ။ ထို့အပြင် သူ့အမူအကျင့်



www.burmeseclassic.com

www.burmeseclassic.com

လေးများကိုပင် မသိရချေ။ သူမသိချင်တိုင်း စာကိုသာ ကြိုးစားတတ်ပါ၏။

"သမီး ဦးဝိဉာဏ်ခကိုတွေ့ချင်ရင် စာကိုသာကြိုးစားပါကွယ်။ သမီး စာကြိုးစားတာက ဦးဝိဉာဏ်ခနဲ့တွေ့ရဖို့ ပိုနီးစပ်လာအောင် လုပ်သလိုပါပဲကွယ်။ သူက စာကိုသိပ်ဦးစားပေးတာကွယ့်။ လူတော်ဆိုရင် သူက သိပ်တန်ဖိုးထားတာ"

ဟူသောစကားကြောင့် သူမ စာကြိုးစားခြင်းဖြစ်ပါတော့သည်။



အချိန်များ တရွေ့ရွေ့ကုန်သွားရင်း သူမ ဆယ်တန်းနှစ်သို့ပင် ရောက်ရှိလာပေပြီ။ ထို့ကြောင့် စာကို ပို၍ကြိုးစားမိပါ၏။ ထို့အပြင် သူမသည် ထိုသို့စာကြိုးစားခြင်းသည် ဦးဝိဉာဏ်ခနှင့် တွေ့ရမည့်အခွင့်အရေး ပိုနီးလာသောကြောင့်လည်း ဖြစ်ပါသေး၏။

"သမီး . . . ဘော်ဒါနေမလားတဲ့"

"ဘယ်သူကလည်း အန်တီ"

"ဦးဝိဉာဏ်ခ . . ."

သူမအတွက် လိုအပ်သည်များကို ဒေါ်ဝတ်ရည်ကတစ်ဆင့် မေးနိုင်းပြီး အားလုံးကို ဖြည့်ဆည်းပေးပါ၏။

"သမီးကို ဦးဝိဉာဏ်ခက သိပ်စိတ်ပူနေတယ်။ ဆယ်တန်းမှာ ခြေချော်လက်ချော်ဖြစ်သွားမှာကိုလည်း သူ သိပ်ကြောက်နေတယ်ကွယ့်"

သူမသည် ဦးဝိဉာဏ်ခနှင့် လူချင်းသာမတွေ့ရသော်လည်း စိတ်ချင်းကတော့ နီးစပ်လှသည်ဟု ယူဆမိပါသည်။ အဘယ့်ကြောင့်ဆိုသော် ဆယ်တန်းအတွက် ဦးဝိဉာဏ်ခပူပင်နေမည်ကို သူမ ကောင်းစွာသိနေသောကြောင့်ပင်။



www.burmeseclassic.com

www.burmeseclassic.com

တစ်ခါတစ်ခါ သူမကို ဒီလောက်လိုအပ်ချက်များ ဆောင့်ရှောက်နေသူတစ်ယောက်က အဘယ့်ကြောင့် သူမအရှေ့သို့ ထွက်မလာရပါသနည်း။ ထို့အပြင် ဦးဝိဉာဏ်ခသည် လွန်စွာပိရိသေသပ်သော လူတော်တစ်ယောက်ဖြစ်လိမ့်မည်ဟုလည်း သူမ ကောက်ချက်ချမိပါသေး၏။

"သမီး အိမ်မှာပဲကျက်မှာပါ အန်တီ။ ဘော်ဒါမနေပါဘူး"

"Guide ခေါ်မလား သမီး"

"ရပါတယ်အန်တီ၊ သမီး ကျက်နိုင်ပါတယ်"

"ရပါ့မလားကွယ်"

"သူ ဒီလောက်စိတ်ပူနေတာ ဘာဖြစ်လို့ ကိုယ်တိုင်လာပြီး သင်မပေးတာလဲ အန်တီ"

သူမ တွေ့ချင်နေသည့်စိတ်ကို မထိန်းနိုင်ဘဲ ပြောလိုက်မိပါသည်။

"ကောင်းပြီလေ။ သမီးရဲ့ဒီစကားကို ဦးဝိဉာဏ်ခကို ပြန်ပြောပေးပါ့မယ်။ ဟုတ်ပြီလား?"

"ဟုတ်ကဲ့ အန်တီ။ ကျေးဇူးနော်"

"အေးပါကွယ် . . .။ ကဲ . . . ကဲ . . . စာကျက်ဦး"

သူမ စိတ်လိုလက်ရ ပြောလိုက်သောစကားကို ဒေါ်ဝတ်ရည် ခေါင်းတညိတ်ညိတ်နှင့် နားထောင်ပြီး တကယ်လည်း ပြန်ပြောပေးရှာပါသည်။ အရင်ကတည်းက ဦးဝိဉာဏ်ခဆီသို့ သူမပါးလိုက်သာ စကားများကို ဒေါ်ဝတ်ရည်က ပြောပြပေးတတ်ပါသည်။ ထိုအခါတွင်လည်း ဦးဝိဉာဏ်ခဖက်မှ ပြန်ပြောလိုက်သည့်စကားများကိုလည်း သူမကို ပြန်ပြောပြတတ်ပါသေး၏။

ဒေါ်ဝတ်ရည် အခန်းထဲမှပြန်ထွက်သွားသည်နှင့် သူမ စာဆက်ကျက်နေလိုက်မိပါသည်။



သူမတို့ကျောင်းသည် နှစ်ချိန်ကျောင်းဖြစ်သည်။ ကျောင်းချိန်သည် နံနက် 7:00 မှ နေ့လယ် 12:00 အထိ တစ်ချိန်၊ နေ့လယ် 12:30 မှ ညနေ 5:30 အထိ တစ်ချိန်၊ အားလုံးပေါင်း နှစ်ချိန်ဖြစ်ပါသည်။ သူမ၏ကျောင်းချိန်သည် နံနက်ပိုင်းဖြစ်ပါသည်။

မနေ့ညက စာကျက်သည်မှာ ညဉ့်နက်သွားသောကြောင့် ယနေ့နံနက် အိပ်ရာထနောက်ကျမိပါသည်။ ဦးတင့်က ကားနှင့်လိုက်ပို့ပေးသော်လည်း ကျောင်းနောက်ကျမည်ကိုစိုးရိမ်သော သူမသည် ကျောင်းပေါက်ဝမှ ကျောင်းဆောင်အတွင်းသို့ ဓာတ်တိုင်နှစ်တိုင်စာလောက် အကွာအဝေးကို အလောတကြီးနှင့် ပြေးခဲ့မိသောကြောင့် သူမ၏ထီးလေးသည် ကားပေါ်တွင် ကျန်ရစ်ခဲ့လေသည်။

ကျောင်းဆင်းချိန်တွင် မိုးမရွာပါစေနဲ့လို့ ဆုတောင်းထားသည့်သူမ ဆုတောင်းမပြည့်နိုင်တော့ပါ။ အဘယ့်ကြောင့်ဆိုသော် ကျောင်းဆင်းချိန် နေ့လယ်ဆယ့်တစ်နာရီခန့်တွင် ကောင်းကင်ပြင်တွင် တိမ်ဆိုင်အမည်းကြီးများနေရာယူလိုက်ပြီး ကျောင်းဆင်းချိန် ဆယ့်နှစ်နာရီတွင်တော့ မိုးက သဲကြီးမဲကြီး ရွာသွန်းပါတော့၏။ သည်းထန်စွာရွာသွန်းနေသော မိုးကိုကြည့်ပြီး သူမ ငိုချင်စိတ်ပင် ပေါက်မိပါသည်။

မိုးရေစိုပြီး နှာစေးကာ စာကျက်ပျက်မည်ကိုလည်း သူမ စိုးရိမ်မိပါသေး၏။ ကားနှင့်လာကြိုမည်မှာ သေချာသော်လည်း ကျောင်းဆောင်နှင့် ကျောင်းပေါက်ဝသို့သွားလျှင် သူမ မိုးရေစိုမည်မှာ ကေန်မလွဲပေ။



www.burmeseclassic.com

www.burmeseclassic.com

ထို့အပြင် ထီးကပ်ဆောင်းရမည့် သူငယ်ချင်းလည်းမရှိချေ။ သူမသည် စကားနည်းသူဖြစ်သောကြောင့် မည်သူနှင့်မျှ အခေါ်အပြောမလုပ်ချေ။ ကျောင်းခန်းထဲတွင် တစ်ယောက်တည်း သီးသန့်နေတတ်၏။

ထို့ကြောင့် သူမ ယနေ့ ကောင်းစွာ အခက်တွေ့နေပါတော့သည်။

အချိန်ကျသည်နှင့် ကျောင်းဆင်းခေါင်းလောင်းတီးတော့၏။ ကျောင်းသားများနှင့်အတူ သူမလည်း ဆရာမကိုနှုတ်ဆက်ပြီး ကျောင်းဆင်းခဲ့သော်လည်း စိတ်ပျက်စွာ သက်ပြင်းများချမိသေး၏။

"ဘုရား . . . ဘုရား . . ."

သူမ ကျောင်းကော်ရစ်တာအဆုံးတွင် မိုးရေထဲသို့မဆင်းဘဲ ရပ်နေမိပါတော့သည်။ ကျောင်းဝန်းထဲသို့ ကျောင်းသားမိဘများမဝင်ရဟူသော စည်းကမ်းကြောင့် သူမကို မည်သူမျှ ကျောင်းဆောင်ထဲအထိ လာကြိုလိမ့်မည်မဟုတ်ပြန်။

"ဒုက္ခပါပဲ"

မိုးတိတ်သည်အထိလည်း သူမစောင့်နေလို့မဖြစ်။ အိမ်ပြန် အဝတ်အစားလဲ၊ ထမင်းစားပြီးသည်နှင့် ကျူရှင်သွားရဦးမည်ပင်။

"ဟယ် . . . ဒီမှာ ထီးလေးတစ်ချောင်းတော့။ ဘယ်သူကျန်ခဲ့တာလဲမသိဘူး"

သူမတို့အတန်းထဲမှ မိန်းကလေးတစ်ယောက်က ကျောင်းကော်ရစ်တာအဆုံးတွင်ထောင်ထားသော ထီးအဝါလေးတစ်ချောင်းကိုတွေ့ပြီး လှမ်းယူလိုက်ပါသည်။ သူမ ထီးလေးကို လှမ်းကြည့်လိုက်မိပါသည်။

"နာမည်ရေးထားတယ်တော့"

ပြောပြောဆိုဆိုနှင့် ထိုမိန်းကလေးက ထီးလေးတွင်ပါသော နာမည်ကတ်ပြားလေးကို ဖတ်လိုက်ပါသည်။

"မယုဉ်နှိုင်းမီ၊ ဒသမတန်း (A)ဆိုပါလား?"

သူမနာမည်နှင့် အတန်းပါမှန်နေသောကြောင့် သူမ အံ့သြမိပါသည်။ ထိုမိန်းကလေးက သူမနာမည်ကိုသိနေသောကြောင့် သူမကိုလှမ်း



ကြည့်၏။ သေချာသည်က ထိုထီးအဝါရောင် အသစ်စက်စက်လေးသည် သူမ၏ထီးမဟုတ်ပါ။

"ယုဉ်နှိုင်းမီ . . . ဒါ နင့်ထီးမဟုတ်လား?"

"မဟုတ်ပါဘူး"

"နင့်နာမည် ရေးထားတယ်"

သူမ ထီးလေးကို ယူကြည့်လိုက်မိပါသည်။ ထိုအခါ နာမည်ရေးထားသော ကတ်လေး၏နောက်ဖက်တွင် . . .

***ယုဉ်နှိုင်းမီ နောက်တစ်ခါ ထီးယူခဲ့ဖို့မမေ့ပါနဲ့။ အခု ဒီထီးနဲ့ ကားဆီကို အမြန်သွားပါ။ ကျူရှင်နောက်မကျပါစေနဲ့။***

ဟုရေးထားသည်ကိုလည်း သူမတွေ့လိုက်ရပြန်သေး၏။ သည်အတိုင်းဆိုလျှင် သူမအတွက်ထီးကို တစ်စုံတစ်ယောက်က လာပေးသွားသည်မှာ သေချာလွန်းလှပါသည်။

ထို့အပြင် ကျူရှင်ကို နောက်မကျစေချင်သောလူဖြစ်သောကြောင့် ထိုလူသည် ပညာရေးကို ဦးစားပေးသောသူဖြစ်ပြန်၏။ ပညာရေးကို ဦးစားပေးသောလူသည် ဦးဝိဉာဏ်ခမှလွဲ၍ အခြားသူမဖြစ်နိုင်။ သူမ ဆက်စပ်ကာ တွေးကြည့်ရင်း ပျော်ရွှင်လာမိပါသည်။

သူမတွင် ထီးမပါဘူးဆိုသည်ကိုသိသူသည် သူမတစ်ယောက်တည်းပင်။ ဒေါ်ဝတ်ရည်ပင်မသိ။ သတင်းပေးဖြစ်သော ဒေါ်ဝတ်ရည်ပင် မသိသော သူမအကြောင်းကို အဝေးမှ ဦးဝိဉာဏ်ခသိနေသောကြောင့် ဦးဝိဉာဏ်ခဆိုသူသည် သူမ၏အဝေးတွင် ရှိနေခြင်းမဟုတ်။ သူမ၏ အနီးတွင်ပင် ရှိနေလိမ့်မည်ဟူ၍လည်း တွေးမိပြန်သေး၏။ ထိုအတွေးများကြောင့် သူမ ပျော်ရွှင်ရပြီး အိမ်အပြန်ခြေလှမ်းများလည်း တက်ကြွရပါ၏။



www.burmeseclassic.com

www.burmeseclassic.com

"အန်တီ . . . မနေ့က ဦးဝိဉာဏ်ခကို သမီးမှာလိုက်တဲ့စကားကို သူဘာပြန်အဖြေပေးသလဲ ?"

သူမ အိမ်သို့ဝင်လိုက်သည်နှင့် ထီးအဝါရောင်လေးကို ဖွင့်ကာလှမ်းလိုက်ပြီး မေးလိုက်မိပါသည်။

"သမီးရယ် . . . နားပါဦး။ နောက်တော့ပြောမှာပေါ့"

"သိချင်လို့ပါ အန်တီရယ်"

"အေးကွယ့် . . . သူလာသင်ပေးချင်ပါတယ်တဲ့။ ဒါပေမဲ့ အချိန်မလောက်လို့ပါတဲ့။ အဲ့ဒါကြောင့် အဆောင်မနေဘူးဆိုရင်လည်း စာကို သေသေချာချာကြိုးစားပါတဲ့"

"စာကြိုးစားရင် သမီးက သူ့ကိုတွေ့ခွင့်ရမှာလား အန်တီ"

"အေး . . . သူကပြောသေးတယ်။ ဆယ်တန်းကို D လေးလုံးနဲ့ အထက်အောင်တယ်ဆိုရင် အောင်စာရင်းထွက်ပြီးနောက်နေ့ သူနဲ့ တွေ့ခွင့်ရမယ်တဲ့"

သူမအဖို့ ထိုသတင်းသည် သိန်းထီဆုပေါက်သည့်သတင်းထက် တန်ဖိုးကြီးလှပါ၏။ ကိုယ့်ကျေးဇူးရှင်ကို မြင်ခွင့်ရတော့မည့်သတင်းပင်။ သူမ စာကြိုးစားချင်စိတ် ပိုပြီးပြင်းထန်သွားပါသည်။



"စိတ်ချအန်တီ . . . သမီး စာကြိုးစားပါ့မယ်။ ဦးဝိဉာဏ်ခကို ဦးချကန်တော့ရမယ့်အခွင့်အရေးကို သမီး လက်လွှတ်ခံမှာမဟုတ်ပါဘူး"

ကျောင်းကပြန်ပြန်လာချင်းမှာပင် သူမအတွက် စာကြိုးစားရကျိုးနပ်စေမည့်သတင်းကောင်းကို သူမကြားလိုက်ရပါသည်။ ပျော်ရွှင်လွန်း၍ မျက်ရည်ပင်ကျမိပါသည်။

"သမီး . . . ငိုနေတာလားဟဲ့"

"မဟုတ်ပါဘူး အန်တီ။ သမီးမငိုပါဘူး၊ ပျော်လွန်းလို့ပါ"

"ဟုတ်ပါတယ် သမီးရယ်။ ဦးဝိဉာဏ်ခကလည်း သမီးကိုတွေ့ချင်နေပါတယ်။ ဒါပေမဲ့ . . ."

ဒေါ်ဝတ်ရည်၏စကားမှာ ရှေ့မဆက်တော့ချေ။ သူမကို ထိုကဲ့သို့ ပြောပြမည့်အချိန်တိုင်း ဒေါ်ဝတ်ရည်သည် စကားကို ထိုနေရာတွင်ပင် ရပ်ထားပြီး သက်ပြင်းချမိပါ၏။ ထို့နောက်တွင်မှ . . .

"သူ့ခမျာ မအားရှာပါဘူးကွယ်"

ဟူ၍ စကားကိုဆက်တတ်ပါသည်။ သူမအတွက် ထိုစကားသည် အထူးအဆန်းမဟုတ်ချေ။ ကြားဖူးနေကြ စကားတစ်ခွန်းပင်ဖြစ်နေပါတော့၏။

"အန်တီ . . . ဦးဝိဉာဏ်ခက အခု ရန်ကုန်မှာရှိနေလား ?"

နေ့လည်က ထီးရလိုက်သည့်ကိစ္စကို ပိုပြီးတိကျအောင် သူမသိချင်နေသောကြောင့် မေးလိုက်မိခြင်းဖြစ်ပါသည်။

"ရှိတယ်သမီး . . . ဒါပေမဲ့ . . ."

သူမ တွေ့ခွင့်တောင်းမည်စိုးရိမ်သောကြောင့် ဒေါ်ဝတ်ရည်က စကားကိုပိတ်ပစ်ရန် ကြိုးစား၏။

"သမီး တွေ့ခွင့်တောင်းဖို့မဟုတ်ပါဘူး အန်တီရယ်။ သိချင်ရုံသက်သက်ပါ"



www.burmeseclassic.com

www.burmeseclassic.com

သေချာသွားပါပြီ။ သူမကိုထီးပေးသောလူမှာ ဦးဝိဉာဏ်ခကိုယ်တိုင်ဖြစ်ရင်ဖြစ်၊ မဖြစ်ရင် ဦးဝိဉာဏ်ခ၏ ဝန်ထမ်းတစ်ယောက်ယောက်ပင်ဖြစ်နိုင်ပါ၏။ တွေးရင်း သူမပျော်နေမိပါ၏။

"သူ ရန်ကုန်မှာရှိနေပါတယ်"

ဒေါ်ဝတ်ရည်၏အဖြေလေးကြောင့် သူမ ပြုံးလိုက်မိပါ၏။

"အန်တီရေ . . . သမီး ကျူရှင်သွားဖို့ အဝတ်အစားသွားလဲလိုက်ဦးမယ်နော်"

သူမပြောပြီး အိမ်အပေါ်ထပ်သို့ အပြေးတစ်ပိုင်းနှင့်တက်ရင်း The Arrow and The Song ကဗျာလေးကိုလည်း သီဆိုမိပါသေး၏။ သူမပျော်ရွှင်နေသည်မှာ သိသာလှပါသည်။



သူမသည် ကျောင်းတက်မှန်အောင်ကြိုးစားသလို ကျူရှင်ကိုလည်း တစ်ခါဖူးမျှ မပျက်ကွက်ချေ။ Guide မငှားထားသည့်အတွက် သင်ခန်းစာများကို သူမတစ်ယောက်တည်း ကြိုးစားကျက်မှတ်ပါ၏။ သူမ၏အချိန်များသည် ကျောင်းစာနှင့်ထိတွေ့နေသည့်အချိန်က ပိုများနေပါသည်။ ထို့ပြင် မိုးရွာသည့်နေ့က သူမအနီးတွင် ဦးဝိဉာဏ်ခရှိနေသည်ကို သိလိုက်ရခြင်းသည် သူမကို စာကြိုးစားရန် ပိုပြီးတွန်းအားဖြစ်စေပါသည်။

နောက်ပိုင်းနေ့ရက်များတွင်တော့ သူမအပြင်သွားတိုင်း ထီးမယူသွားတော့ချေ။ မိုးရွာသောကြောင့် အခက်တွေ့တိုင်းလည်း သူမထံသို့ ထီးအဝါရောင်လေးတစ်ချောင်း၊ တစ်ချောင်း ရောက်လာတတ်ပါ၏။ ထိုထီးတွင်လည်း သူမ၏နာမည်ကို ရေးထားပါသေး၏။

သူမ၏ကုတင်ခြေရင်းတွင် ထီးချိတ်ထားရန်အတွက် ကြိုးတန်းရှည်ကြီးတစ်ခုကို သွယ်တန်းကာ ရလာသည့်ထီးများကို ချိတ်သိမ်းထားပါ၏။ သူမသည် ထီးတစ်ချောင်းရလာတိုင်း ရလာသည့် Date နှင့် Time ကို ထီးလေးတွင် ရေးမှတ်ထားတတ်သည့်အပြင် ထီးနှင့်အတူတွဲပါလာတတ်သော သူမနာမည်ရေးထားသည့် ကတ်လေးများကိုလည်း သူမသေချာစွာ သိမ်းထားပြန်သေး၏။

စာကျက်ရလို့ စိတ်ပင်ပန်းတိုင်း ထိုထီးတန်းလေးကိုကြည့်ပြီး သူမစိတ်အပန်းဖြေတတ်ပါသည်။ သူမအတွက် ပီတိနှင့်အားကို ထိုထီးအတန်းလေးက ဖြစ်ပေါ်စေနိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

"သမီး . . . ဒီထီးတွေက ဘာတွေလဲ?"

ဟု သူမ၏အခန်းကိုရောက်သည်နှင့် ဒေါ်ဝတ်ရည်မေးမြန်းပါ၏။

"သမီး လက်ဆောင်ရတဲ့ ထီးတွေလေ"

"များလှချည့်လား"

"တစ်ခါအပြင်ထွက်လို့ မိုးရွာတိုင်း သမီးဆီကို ဒီထီးလေးတွေက ရောက်လာတတ်တယ်"

"ဘယ်သူပေးတာလဲ?"

သူမ ပြန်မဖြေမိ။ ပြုံးနေလိုက်ပါသည်။ ဒေါ်ဝတ်ရည်က နားမလည်စွာ သူမကို ငေးကြည့်နေ၏။

"ဒီခေတ်ကလေးတွေများ တကယ့်ကို ထူးဆန်းတာတွေပဲ စိတ်ဝင်စားတတ်ကြတယ်"

"ထီးပေးတဲ့လူက ဒီခေတ်ကလေးတွေထဲက တစ်ယောက်မဟုတ်ပါဘူး အန်တီ"

သူမပြုံးနေရင်း ဒေါ်ဝတ်ရည်ကိုပြောလိုက်သော် ဒေါ်ဝတ်ရည် မျက်မှောင်ကြုတ်လိုက်ရပါသည်။

"ဘာဖြစ်လို့?"

"ဒီတစ်ခါ ဦးဝိဉာဏ်ခနဲ့တွေ့ရင် အန်တီမေးကြည့်။ သူအကြိုက်ဆုံးအရောင်က အဝါရောင်ဖြစ်လိမ့်မယ်"

သူမ ပိုင်နိုင်စွာပြောရင်း သူမပြုလုပ်ထားသော ထီးအဝါလေးများချိတ်ထားသည့် ကြိုးတန်းကိုကြည့်ကာ ကျေနပ်စွာပြုံးလိုက်မိပါ၏။

"သေချာလှချည်လား သမီး"

"အန်တီမေးကြည့်ပါ။ မမှားနိုင်ပါဘူး၊ သေချာပါတယ်"

သူမ၏အပျော်လေးများမပျောက်ခင် သူမ သင်ခန်းစာများကို ပြန်လည်လေ့ကျင့်ရန် စာကြည့်စားပွဲတွင် ထိုင်လိုက်ပါတော့သည်။



နာရီ၊ နေ့ရက်များသည် အချိန်စက်ဝန်းအတိုင်း တရွေ့ရွေ့ကုန်ဆုံးခဲ့ရာ သူမ၏ တက္ကသိုလ်ဝင်ခွင့်စာမေးပွဲပင် ဖြေဆိုပြီးသွားပြီဖြစ်ပါသည်။ သူမ စာမေးပွဲကို ကောင်းစွာ ဖြေဆိုနိုင်ခဲ့ပါသည်။

"ဖေကြီးရှိရင် ဖေကြီးလည်း အရမ်းပျော်နေမှာပဲနော်"

ဖခင်ကြီးကိုတမ်းတကာ သူမ ငေးငေးလေးပြောမိပါ၏။ D-လေးလုံးနှင့်အထက်ပါလျှင် ဦးဝိဉာဏ်ခနှင့် မျက်နှာချင်းဆိုင်တွေ့နိုင်မည်ဆိုသောအချက်ကပင် စာမေးပွဲကို သူမ ကောင်းစွာဖြေနိုင်အောင် ဖန်တီးပေးလိုက်ခြင်းဖြစ်ပါ၏။

ကိုယ်ဖြေထားသည့် Answer paper ကို ယုံကြည်သူပီပီ အောင်စာရင်းထွက်သည်နှင့် ဦးဝိဉာဏ်ခနှင့် တွေ့ရတော့မည်ဖြစ်ကြောင်း သူမတွေးမိနေပါတော့သည်။ သူမအဖို့ စာမေးပွဲဖြေပြီးနေ့ရက်များသည် ပို၍ရှည်ကြာနေသလိုပင်။ အောင်စာရင်းကို အမြန်ဆုံးသိချင်နေ၏။ သို့မှသာ ဦးဝိဉာဏ်ခနှင့် တွေ့နိုင်မည်ပင်ဖြစ်သည်။

"သမီး တကယ်တွေ့ရမှာနော် အန်တီ"

"အင်းပေါ့ . . . တကယ်တွေ့ရမှာပါကွယ်"

"အောင်စာရင်းထွက်တဲ့နေ့ကျရင် ဦးဝိဉာဏ်ခက ဒီကိုလာမှာလား အန်တီ။ ဒါမှမဟုတ် သူ့ကို ဘယ်မှာသွားတွေ့ရမှာလဲ?"



www.burmeseclassic.com

www.burmeseclassic.com

"အဲ့ဒါက သူစီစဉ်ပါလိမ့်မယ်။ နေပါဦး သမီးရယ်။ ညည်းစာမေးပွဲက ပြီးတာတောင် မကြာသေးဘူး။ နောက်ပြီး အောင်စာရင်းထွက်ဖို့က အများကြီးလိုသေးတယ်။ ဘာဖြစ်လို့ အဲ့လောက်တောင်လောနေတာလဲ?"

ဒေါ်ဝတ်ရည်က အပျိုကြီးပီပီ သူမ၏ခံစားချက်များကို မရိပ်မိနိုင်ချေ။ မိမိကို လွန်စွာဂရုစိုက်သော ဦးဝိဉာဏ်ခကို သူမ၏ခံစားချက်များ၊ အတွေးများအားလုံးတွင် နေရာမပေးဘဲနှင့် နေနိုင်ပါမည်လား။ ထို့အပြင် တစ်ခါဖူးမျှလည်း မြင်ဖူးခဲ့ခြင်း မရှိသည့်အတွက် ထိုလူ၏ပုံပန်းသဏ္ဍာန်ကို စိတ်ကူးနှင့်ပုံဖော်ကြည့်ရင်းနှင့်ပင် သူမ ရင်ခုန်တတ်နေပြီဖြစ်ပါ၏။

ကျေးဇူးရှင်တစ်ယောက်ကို အရေးပေးပြီး ရင်ခုန်တတ်နေမိပြီဖြစ်၏။ သူမ၏ရင်ခုန်သံသည် ဖြူစင်သန့်ရှင်းနေသေး၏။ ထိုရင်ခုန်သံများကြောင့်ပင် တစ်ခါတစ်ခါ သူမကိုယ်သူမ မပိုင်တော့သလိုတွေးမိလာပြီး သူမကို ဦးဝိဉာဏ်ခကပင် ပိုင်နေသကဲ့သို့ အတွေးများလည်း ဖြစ်ပေါ်လာတတ်ပါသေး၏။

"သမီးက သူ့ကို ဟိုးလွန်ခဲ့တဲ့ မူလတန်းစာမေးပွဲဖြေပြီးကတည်းက တွေ့ချင်နေတာပါ အန်တီရယ်။ အခု ကိုယ်တကယ်တွေ့ချင်တဲ့သူကို တွေ့ရတော့မယ်ဆိုတာသိတော့ သမီး စိတ်မလောဘဲ နေပါ့မလား။ နောက်ပြီး သူက သမီးရဲ့ကျေးဇူးရှင်။ တွေ့ရမှာကိုတွေးရင်းနဲ့တင် သမီး ရင်ခုန်တတ်နေတာ"

"ဟင်?"

သူမစကားကြောင့် ဒေါ်ဝတ်ရည်သည် လွန်စွာအံ့သြသွားရပါတော့သည်။

"သမီး . . . အန်တီမေးပြီးပြီ။ ဦးဝိဉာဏ်ခက အရောင်တွေထဲမှာ အဝါရောင်ကို အကြိုက်ဆုံးတဲ့"

ပြောပြီးသည်နှင့် ဒေါ်ဝတ်ရည် နောက်ဖေးခန်းထဲဝင်သွားပါသည်။ သူမ ပျော်ရွှင်စွာ ခြံဝန်းထဲသို့ အားကုန်ပြေးသွားပြီး ခုန်ပေါက်လိုက်မိပါ



သည်။ မောသွားသောအခါ မြက်ခင်းပြင်ပေါ်တွင် သူမလှဲချလိုက်ပြီး ပြာလဲ့နေသောကောင်းကင်ကြီးကို မော့ကြည့်လိုက်သော် ကောင်းကင်တွင် ငှက်ကလေးနှစ်ကောင်ပျံသန်းနေသည်ကို သူမတွေ့လိုက်ရ၏။

"နင်တို့လည်း နင်တို့တွေ့ချင်နေတဲ့ အုပ်ထိန်းသူတွေဆီကို ပျံသန်းနေကြတာပေါ့နော်။ နင်တို့က ငါနဲ့တူလိုက်တာဟယ်"

ယခု သူမအသက်က တစ်ဆယ့်ခြောက်နှစ်။ ရင်ခုန်တတ်စအရွယ်။ သို့သော် သူမ၏ကျေးဇူးရှင် အုပ်ထိန်းသူ ဦးဝိဉာဏ်ခနှင့်ပတ်သက်၍ပင် သူမ ရင်ခုန်နေရပါ၏။ တခြားနည်းနှင့်တော့ မည်သို့ရင်ခုန်ရမည်ကိုပင် သူမ မသိချေ။

"သမီး ကျေးဇူးဆပ်မှာပါ ဦးဝိဉာဏ်ခ။ နောက်ပြီး သမီးကို ဦးဝိဉာဏ်ခ စိတ်မပျက်စေရပါဘူး"

မျက်စိတစ်ဆုံး ပျံသန်းသွားသော ငှက်လေးများကိုကြည့်ရင်း သူမ နှုတ်မှကတိပေးလိုက်မိသေး၏။ ထိုကတိသည် သူမအချိန်တိုင်းလိုလို စိတ်ထဲမှအကြိမ်ကြိမ်ပြောနေမိသော စကားတစ်ခွန်းပင်ဖြစ်၏။

အိပ်နေစဉ်သာ
အိပ်မက်ထဲမှာ နင့်ကိုမြင်ရတာတွေ
အိပ်နေတဲ့ နေရာတစ်ဝိုက်မှာသာ
နင့်ရင်ခုန်သံကို ကြားရတာတွေက
ငါ့ကိုရင်ခုန်တတ်လာအောင်
အကြိမ်ကြိမ်ရှု့ဆော်ရစ်ပတ်နေတော့
ငါ့ရင်ခုန်သံတွေလည်း
အားမန်ပြည့်ဝနိုးထရ၏။



www.burmeseclassic.com

www.burmeseclassic.com

ယနေ့ ဆယ်တန်းအောင်စာရင်းထွက်ပါသည်။

သူမ လွန်စွာပျော်ရွှင်နေမိ၏။ အောင်စာရင်းအတွက်ကြောင့်မဟုတ်။ ကိုယ်ရောင်ဖျောက်နေသော သူမ၏ကျေးဇူးရှင်ကို တွေ့တော့မည်မဟုတ်ပါလား။

နံနက်စောစောထ၊ ခေါင်းလောင်းရေချိုး။ ထို့နောက် သူမ ဘုရားရှိခိုးပြီး အောင်စာရင်း သွားကြည့်မိပါသည်။ သူမကို အိမ်မှကားနှင့် လိုက်မပို့နိုင်းတော့ဘဲ ကိုးတန်းအောင်တုန်းက ဦးဝိဉာဏ်ခ လက်ဆောင်ပေးထားသော စက်ဘီးအဝါရောင်လေးကိုစီးကာ ကျောင်းသို့ထွက်ခဲ့ပါသည်။ လမ်းတစ်လျှောက်တွင် The Corrs အဖွဲ့၏ only when I sleep သီချင်းလေးကို ဆိုညည်းရင်း သူမ စက်ဘီးလေးကို ပုံမှန်နင်းလာခဲ့မိပါသည်။

"It's only when I sleep. See you in my dreams. You got me spinning round and round. In turning upside down.

It's I only hear you breath. Somewhere in my sleep. You got me spinning round and round. In turning"

သူမ သီချင်းလေးကိုညည်းရင်းနှင့် ကျောင်းသို့ပင် ရောက်ခဲ့ပြီဖြစ်ပါသည်။ ထို့ကြောင့် စက်ဘီးလေးကို ကျောင်းရှေ့တွင်ရပ်ကာ အောင်စာရင်းစာရွက်များကပ်ထားသည့် Blackboardသို့ လျှောက်လှမ်းလာခဲ့ပါသည်။ သူမ လွန်စွာပျော်ရွှင်နေပြီဖြစ်ပါ၏။ အကယ်၍ အောင်စာရင်းတွင် သူမသည် D-လေးလုံးနှင့်အထက်ရပါက ဦးဝိဉာဏ်ခကို တွေ့ရတော့မည်ဖြစ်ပါသည်။

"နင်သိပ်တော်တယ် ယုဉ်နှိုင်းမိ။ 5-Dတောင်ထွက်တယ်။ နောက်ပြီး All-D ထွက်တဲ့လူထက်လည်း အမှတ်များသေးတယ်"

သူမကို အတန်းထဲမှ စာပြိုင်ဖက်တစ်ယောက်က သတင်းပေး၏။ သူမ ပြုံးရင်း တုံ့ပြန်မိပါသည်။ ထို့နောက် သူမ၏အောင်စာရင်းကို ကိုယ်တိုင်ပင်ကြည့်လိုက်ပါသည်။ ဟုတ်ပါ၏။ သူမကြားထားရသည့်သတင်းမှာ မှန်ကန်နေ၏။ သူမ ဦးဝိဉာဏ်ခနှင့်တွေ့နိုင်ရန် အခွင့်အရေးအပြည့်အဝရသွားပြီဖြစ်ပါသည်။ ထို့ကြောင့် သူမ အောင်စာရင်း Boardအရှေ့တွင် ထပင်ခုန်လိုက်မိပါသည်။

သူမ 5-Dနှင့်စာမေးပွဲအောင်လို့ မဟုတ်ပါ။ ဦးဝိဉာဏ်ခနှင့် တွေ့နိုင်တော့မည်ဖြစ်သောကြောင့်ပင်။ ထို့ကြောင့် စက်ဘီးလေးကိုနင်းကာ ပြန်လာရင်း သူမဆိုနေကျ သီချင်းလေးဖြစ်သည့် The Corrs အဖွဲ့၏ only when I sleep သီချင်းလေးကို ဆိုညည်းခဲ့ပါသေး၏။ သူမ အိမ်ခြံဝန်းထဲသို့ စက်ဘီးလေးကိုနင်းကာဝင်ခဲ့ပါသည်။ အိမ်ရှေ့ဝတွင် သူမကို ဒေါ်ဝတ်ရည်က စောင့်မျှော်နေပါ၏။

"သမီး . . . ဘယ်လိုလဲ?"

ဒေါ်ဝတ်ရည်သည်လည်း သူမ၏အောင်စာရင်းကို စိတ်အားထက်သန်စွာ သိချင်နေပေသည်။ သူမ စက်ဘီးလေးကိုထောင်လိုက်ပြီး ဒေါ်ဝတ်ရည်အနားသို့ပြေးသွားကာ ဒေါ်ဝတ်ရည်ကို ဖက်လိုက်ပါသည်။

"အန်တီ . . . သမီးအောင်တယ်။ 5-D ပါတယ် အန်တီ။ ဒါဆို သမီး ဦးဝိဉာဏ်ခကို တွေ့ရတော့မှာပေါ့နော်"

သူမ ခုန်ဆွခုန်ဆွလုပ်ရင်းပြောလိုက်သော် ဒေါ်ဝတ်ရည်တစ်ယောက် ပျော်ရွှင်လွန်း၍ မျက်ရည်ပင်ကျရပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

"တော်လိုက်တာ ယုဉ်လေးရယ်။ တော်လိုက်တာကွယ်"

"တော်မှာပေါ့ အန်တီရယ်။ ဒေါ်ဝတ်ရည်ရဲ့ တူမပဲ။ မတော်ဘဲ နေမလား?။ ဟား . . . ဟား . . . ဦးဝိဉာဏ်ခကို တွေ့ရတော့မယ် ဟေ့"

သူမသည် ခုန်ပေါက်ရင်းနှင့်ပင် ပြန်ဖြေရင်း ဒေါ်ဝတ်ရည်၏ပါး လေးကို ဖိကာနမ်းရှိုက်လိုက်ပါတော့သည်။

"ဩော် . . . ဒီကလေးနှယ်"

အပျိုကြီးဒေါ်ဝတ်ရည် ရှက်နေစဉ်မှာပင် သူမ ခြံဝန်းထဲသို့ပြေးသွား ကာ မြက်ခင်းပြင်ပေါ်တွင် စိတ်ကြိုက်ခုန်ပေါက်နေမိပြန်သေး၏။

"ဟေး . . .ပျော်တယ်ကွ၊ ပျော်တယ်။ ဦးဝိဉာဏ်ခနဲ့ တွေ့တော့ မယ်။ ပျော်တယ်"

သူမ ခုန်ပေါက်ရင်းလည်း စိတ်ထဲမှပြောချင်သည်များကို အားရပါး ရအော်ဟစ်နေမိပါသေး၏။ သူမ၏အပျော်များက ဒေါ်ဝတ်ရည်ကိုပါ ကူးစက်သွားပါ၏။ ဒေါ်ဝတ်ရည်သည်လည်း သူမနမ်းသွားသော ပါးပြင် လေးကိုကိုင်ကာ သူမကို ပြုံးလျက်ငေးကြည့်နေပါ၏။ အောင်စာရင်း ထွက်သည့်နေ့သည် သူမဖခင်ဆုံးပါးသွားပြီးသည့် နောက်ပိုင်းနေ့ရက် များတွင် အပျော်ရွှင်ဆုံးနေ့တစ်နေ့ ဖြစ်နေပါတော့သည်။

* * *



"အန်တီ . . . သမီး ဦးဝိဉာဏ်ခနဲ့ ဘယ်တော့လောက်တွေ့ရမှာ လဲ?။ အောင်စာရင်းထွက်ပြီးတာပဲ သုံးရက်ကြာနေပြီ"

သူမ တွေ့ရမည့်ရက်ကို မျှော်နေသော်လည်း မည်သို့မျှမထူးခြား လာသည့်အတွက် ဒေါ်ဝတ်ရည်ကို သူမ ပူဆာလိုက်မိခြင်းပင်ဖြစ်သည်။

"သမီးကိုတွေ့ဖို့ သူ စီစဉ်နေပါတယ် သမီးရယ်။ ဒါနဲ့ သမီးက သူ့ကိုဘာလို့ ဒီလောက်တောင် တွေ့ချင်နေတာလဲကွယ်"

ဒေါ်ဝတ်ရည်၏မေးခွန်းကို သူမ ပေါ့ပေါ့ပါးပါးနှင့် မဖြေချင်ပါ။ ထို့ကြောင့် ပြန်မဖြေမီ သူမ သေချာစွာ စဉ်းစားလိုက်ပါသေး၏။

"သမီးရဲ့ကျေးဇူးရှင်ကို မြင်ဖူးချင်တာကြောင့်ပါ"

"ဒါပဲလား သမီး"

"နောက်ပြီး သမီးအပေါ်မှာ ဦးဝိဉာဏ်ခရဲ့ကျေးဇူးတွေက တော် တော့်ကိုများနေပါပြီ အန်တီရယ်။ သမီးအတွက် ကျောင်းစားရိတ် က ရှေ့လျှောက်ဆိုရင် ပိုပြီးများလာမှာလေ။ အဲ့ဒါကြောင့် အပြင် မှာ အလုပ်လုပ်ရင်း အဝေးသင်ပဲ ဆက်တက်ချင်တယ်ဆိုတဲ့ အကြောင်းကိုပါ ပြောချင်လို့ပါ"

သူမ လေးနက်စွာ အဖြေပေးလိုက်မိပါသည်။



www.burmeseclassic.com

www.burmeseclassic.com

"သမီးရဲ့ကျေးဇူးရှင်ကို တွေ့ချင်တယ်ဆိုတဲ့ သမီးရဲ့ဆန္ဒကို ဦးဝိဉာဏ်ခ ဖြည့်ဆည်းပေးကောင်း ဖြည့်ဆည်းပေးနိုင်ပေမဲ့ သမီး ဆေးကျောင်းမတက်ဘူးဆိုတာကိုတော့ ဦးဝိညာဏ်ခ ငြင်းပယ်လိမ့်မယ်လို့ အန်တီထင်တယ်။ ဘာဖြစ်လို့လဲဆိုရင် သမီးဆယ်တန်းတက်ကတည်းက ဆေးကျောင်းတက်ရင် အသုံးပြုမယ့်စာအုပ်တွေ၊ နောက်ပြီး Computer တစ်စုံကိုလည်း ဝယ်ပေးမယ်လို့ပြောတယ်။ သူက တစ်ခါတည်းကြိုဝယ်ထားချင်တာ။ ဒါပေမဲ့ Computer model တွေက တစ်နေ့ထက်တစ်နေ့ အသစ်တွေပဲထွက်နေလို့ သူစိတ်လျှော့ထားတာတဲ့"

ဒေါ်ဝတ်ရည်ထံမှ ဦးဝိဉာဏ်ခ၏သဘောကို အရိပ်အကဲလောက် သူမသိလိုက်ရပါသည်။ သို့သော် သူမ တကယ်ပင်အားနာနေမိပါ၏။ သူမအတွက် အစစအရာရာ ဂရုစိုက်သည့်ကျေးဇူးရှင်ကို လေးလံသည့် တာဝန်ပေးမိသလိုဖြစ်မည်ကိုလည်း သူမစိုးရိမ်နေပါသေး၏။

"သမီးရယ်၊ သူ့ကျေးဇူးကိုဆပ်ချင်တယ်ဆိုရင်တော့ သူ့သဘောအတိုင်းသာ လုပ်လိုက်ပါကွယ်။ ဒါမှ သူလည်းစိတ်ကျေနပ်မှာပါ"

"ဒါနဲ့ သမီး ဦးဝိဉာဏ်ခကို ဘယ်တော့လောက်တွေ့ရမှာလဲ အန်တီ။ သူ့ကို မေးပေးပါနော်"

"အေးပါကွယ်။ အန်တီ မေးပေးပါ့မယ်"

သူမသိချင်နေသည့် တွေ့ဖို့ရက်ကို တိတိကျကျသိရတော့မည်ဆိုသောကြောင့် တကယ်ပင်ကျေနပ်သွားမိပါသည်။ သူမနှင့် ဒေါ်ဝတ်ရည်တို့၏ ထမင်းဝိုင်းလေး အေးဆေးစွာပြီးဆုံးသွားလေ၏။ အနှစ်နှစ်အလလက တွေ့ရန်မျှော်လင့်ခဲ့ရသောလူကို သူမ လက်တစ်ကမ်းချိန်တွင် တွေ့ရတော့မည်ဖြစ်ပါ၏။ သူမ ဘယ်လောက်ပျော်ရွှင်နေမှန်းကို သူမကိုယ်တိုင်ပင် မရိပ်မိနိုင်တော့ချေ။



သူမ ရေချိုးရင်း အမှတ်မထင်စွာ လက်ကောက်ဝတ်ကိုကြည့်လိုက်မိပါသည်။ ယနေ့မှ ထိုအမာရွတ်ကို သူမ သတိထားမိပါ၏။ တစ်လက်မခန့်ရှိသော အမာရွတ်ဖြူဖြူလေးကို သူမ ဘာကြောင့်ရခဲ့ပါသနည်း။ ငယ်ငယ်ကလည်း ချော်လဲကျခြင်း မရှိခဲ့ပါ။ ရေချိုးပြီးသည်နှင့် သူမ အောက် ထပ်သို့ဆင်းခဲ့လိုက်ပါသည်။ အောက်ထပ်သို့ရောက်သည်နှင့် ဒေါ်ဝတ်ရည်ကို . . .

"အန်တီ . . . သမီးရဲ့လက်ကောက်ဝတ်က အမာရွတ်က ဘယ်လိုလုပ်ရတာလဲဟင်?"

သူမ နားမလည်စွာ မေးလိုက်မိပါသည်။

"ဘယ်လိုလုပ်ရတယ်ဆိုတာ သမီးမသိဘူးလား?"

"အင်း . . . သမီးကို အန်တီစတွေ့ကတည်းက အဲ့ဒီအမာရွတ်ရှိနေတာလား?"

"အန်တီလည်း သေချာမသိပါဘူးကွယ်။ သတိမထားမိလို့များလား?"

သူမ နားမလည်ပါ။ ဘယ်ကဲ့သို့ ထိုအမာရွတ်မျိုး သူမထံတွင်ရှိနေရပါသနည်း။



www.burmeseclassic.com

www.burmeseclassic.com

"ကဲပါ . . . ယှဉ်ရယ်၊ စဉ်းစားမနေပါနဲ့တော့။ ခဏနေရင် ထမင်းစားကြမယ်နော်။ ခြံထဲဆင်းပြီးဆော့ချင်ရင် သွားဆော့ချည်"

ထူးဆန်းလှစွာ ဒေါ်ဝတ်ရည်ခွင့်ပေးမှုကြောင့် သူမ ခြံထဲသို့သာ ဆင်းခဲ့ပါတော့သည်။ ခါတိုင်း သူမ ခြံထဲဆင်းလျှင် တားနေကျဒေါ်ဝတ်ရည်က ယခုတော့ သူမကို စိတ်လိုလက်ရ ခြံထဲသို့ ဆင်းခိုင်းနေပါတော့သည်။

ႇ ႇ ႇ



သူမမွေးနေ့ရောက်လျှင် ဦးဝိဉာဏ်ခက သူမနှင့်တွေ့မည်ဟု ဒေါ်ဝတ်ရည်မှတစ်ဆင့် သူမကိုသိလိုက်ရပါသည်။ သူမ၏မွေးနေ့သည် August, 15 တွင်ဖြစ်သည်။ ထို့ကြောင့် သူမ သိပ်စောင့်စရာမလိုတော့။ သူမ နေ့ရက်များကို လက်ချိုးရေတွက်ရင်း မွေးနေ့ရောက်ရန်သာ ဆုတောင်းနေမိပါတော့သည်။ သူမ၏မွေးနေ့သည်လည်း ခါတိုင်းမွေးနေ့နှင့်မတူဘဲ လွန်စွာပျော်ရွှင်ပွဲဖြစ်လိမ့်မည်ဟု သူမ တွေးမိပြန်သေး၏။

ႇ ႇ ႇ



www.burmeseclassic.com

www.burmeseclassic.com

ယနေ့ သူမမွေးနေ့ပင်။ နံနက်သုံးနာရီထိုးကတည်းက သူမ နိုးနေနှင့်ပြီဖြစ်သည်။ အိပ်ရာမှထထချင်း မျက်နှာသစ်ပြီးသည်နှင့် ဖေကြီး ဦးကောင်းသန့်ကို ရည်စူးပြီး ကန်တော့လိုက်ပါ၏။

"ဖေကြီး . . . နေကောင်းပါတယ်နော်။ သမီးကတော့ နေကောင်းပါတယ်။ သမီးလေ ဒီနေ့ သမီးသိပ်တွေ့ချင်နေတဲ့ ဦးဝိညာဏ်ခကို တွေ့ရတော့မယ် ဖေကြီးရဲ့။ သမီးပျော်လိုက်တာ။ ဖေကြီးရော မပျော်ဘူးလား"

သူမသည် ဖခင်ကြီးကန်တော့တိုင်း ထိုကဲ့သို့စကားများ ပြောတတ်ပါ၏။ သူမအနီးတွင် ဖခင်ကြီးရှိနေလိမ့်မည်ဟု သူမ တစ်ထစ်ချယုံကြည်ထားသောကြောင့်ပင်။

"သမီးလေ၊ သူ့ကို အရမ်းတွေ့ချင်တာပဲဖေကြီးရယ်။ ဒီလောက်စိတ်သဘောထားပြည့်စုံတဲ့ လူတစ်ယောက်ရဲ့ပုံက ဘယ်လိုပုံလဲဆိုတာလည်း သိချင်တယ်။ သမီး ဒီနေ့ သူ့ကိုတွေ့ရမှာပါနော် ဖေကြီး။ သမီးကို အဆင့်အတန်းရှိရှိထားပေးတဲ့ ဦးဝိညာဏ်ခကို ဖေကြီးလည်း ဆုမွန်ကောင်းတောင်းပေးပါနော်"

သူမ၏ဖခင်မှတစ်ဆင့် ဦးဝိညာဏ်ခအတွက် ဆုမွန်ကောင်းတောင်းရန် သူမ ကန်တော့သည့်အချိန်တိုင်း ပူဆာနေကျပင်။ သူမပူဆာခြင်းကိုလည်း ဦးကောင်းသန့်က ဖြည့်ဆည်းပေးလိမ့်မည်ဟု သူမ တထစ်ချယုံကြည်ပါသေး၏။ ထို့နောက် သူမ ဘုရားရှိခိုးလိုက်ပါသည်။ အောက်ထပ်သို့ဆင်းလာပြီးနောက် နံနက်စာကို သူမကိုယ်တိုင် ပြင်ဆင်နေလိုက်၏။



"အန်တီ . . . ဦးဝိညာဏ်ခက သမီးတို့ဆီလာမှာလား?။ ဒါမှမဟုတ် သမီး ဘယ်မှာသွားတွေ့ရမှာလဲ?"

ထမင်းစားခန်းသို့ ဒေါ်ဝတ်ရည်ဝင်လာသည်နှင့် နံနက်စောစောမှာပင် သူမစိတ်စောပြီး မေးလိုက်ပါတော့၏။

"ဟောတော့ . . . ဒီကလေးနှယ်။ ဒါပဲတွေးနေတာလား"

"သမီး သူ့ကိုကန်တော့ချင်လို့ပါ။ အန်တီ့ကို နေ့တိုင်း သမီးကန်တော့အိပ်ရပေမဲ့ သမီးရဲ့ကျေးဇူးရှင်ကိုတော့ သမီး တစ်ခါဖူးမျှ မကန်တော့ဖူးဘူးလေ။ ကိုယ့်ကျေးဇူးရှင်ကို ကန်တော့ပြီးနှုတ်ဆက်ချင်လို့ပါ အန်တီ"

သူမ မျက်ရည်လေးဝဲရင်း ဖြေလိုက်မိပါသည်။ သူမရင်ထဲတွင် ဦးဝိညာဏ်ခနှင့်တွေ့ရရေးကို မည်မျှမျှော်လင့်မိကြောင်း သူမပင်သိပါ၏။

"အန်တီက စ,တာပါကွယ်။ ညနေပိုင်းကျရင် အန်တီတို့ဆီ သူလာမယ်လို့ပြောတယ်။ နောက်ပြီး သမီးအတွက် မွေးနေ့ကိတ်လည်း ယူလာမယ်တဲ့"

"တကယ်"

သူမ အတိုင်းမသိပျော်ရွှင်မိပါ၏။ တကယ်ပင် သူမမျှော်လင့်ထားသောနေ့ရက်တို့ အသက်ဝင်လာပေပြီ။ သူမလောက်ပျော်သည့်လူ လောကတွင်မရှိတော့ချေ။

"တကယ်ပေါ့။ မနက်ကပဲ ဦးဝိညာဏ်ခကိုယ်တိုင် ဖုန်းဆက်တယ်"

"ဒါဆို သမီးတကယ်ပဲ ဦးဝိညာဏ်ခနဲ့ တွေ့ရတော့မှာပေါ့နော်"

"ဒါပေါ့"



www.burmeseclassic.com

www.burmeseclassic.com

"သမီးလေ ဒီလိုနေ့ရက်မျိုးကို အရမ်းကိုမျှော်လင့်ခဲ့ရတာ။ အခုတော့ ပြည့်ပြီပေါ့နော်"

သူမ မျက်ရည်ပင်ဝဲမိပြန်သေး၏။ ထို့နောက် ဒေါ်ဝတ်ရည်ကို သူမ အားကိုးစွာသိုင်းဖက်ထားလိုက်ပါသည်။ ဦးဝိဉာဏ်ခကို တွေ့ရတော့မည်ကိုတွေးတိုင်း သူမ၏ရင်ခုန်သံများလည်း မြန်ဆန်နေရပြန်သည်။

"ကိုယ့်ကျေးဇူးရှင်ကိုတွေ့ဖို့ပဲ ဘယ်သူက ရင်မခုန်ဘဲနေပါ့မလဲ?"

မခုန်စဖူးခုန်နေသော ရင်ခုန်သံများကို သူမကိုယ်တိုင် ပြန်ကြားယောင်တိုင်း သူမ ထိုသို့ မည်သူမျှမသိအောင် တစ်ယောက်တည်း တီးတိုးပြောတတ်၏။ သူမ တကယ်ပင် အတိုင်းမသိပျော်နေမိပါ၏။ ထို့ကြောင့် အချိန်များကို အမြန်ဆုံးကုန်ပါစေဟုလည်း ဆုတောင်းနေမိပြန်သေး၏။

"ဒီနေ့မှ အချိန်ကလည်း ကုန်ခဲလိုက်တာနော်"

သူမ နာရီကိုကြည့်ရင်း မချိတင်ကဲဖြစ်မိပြန်ပါသေး၏။

"စာမေးပွဲခန်းမှာဆိုရင်တော့ မြန်လိုက်တဲ့အချိန်။ အခုတော့ သူမဟုတ်တဲ့အတိုင်းပဲ"

သူမ နာရီကိုဖွင့်ကာ ကိုယ်တိုင်လက်နှင့်ပင် နာရီလက်တံတွေကို ရွှေ့လိုက်ချင်စိတ်များ ပေါက်ပေါက်လာမိပြန်၏။ သို့သော် သူမလှည့်လိုက်တိုင်း တကယ့်အချိန်က လည်သွားမည်မဟုတ်ပြန်။ နောက်ဆုံးတွင်တော့ အကြံကုန် ဂဠုန်ဆားချက်ဆိုသည့်အတိုင်း သူမ ရေကိုတဝချိုးလိုက်ပြီး အိပ်ပျော်အောင်အိပ်လိုက်ပါတော့သည်။ သူမကို ဒေါ်ဝတ်ရည်က ညနေပိုင်းတွင် အိပ်ရာလာနှိုးလိမ့်မည်ပေါ့။ သူမ ကိုယ်ပိုင်အကြံနှင့်ပင် ရေချိုးပြီး အိပ်ပျော်အောင်အိပ်လိုက်ပါတော့သည်။



သူမ အိပ်နေရာမှ နိုးသွားရပါသည်။ မည်သူမျှ သူမကိုလာမနှိုးပါ။ သူမ ခုတင်ပေါ်တွင်ထိုင်လိုက်ပြီး ခုတင်ဘေးစားပွဲလေးပေါ်တွင် တင်ထားသော လက်ပတ်နာရီလေးကို ယူကြည့်လိုက်မိ၏။

"ဟင် . . . ညနေငါးနာရီတောင် ကျော်နေပြီ"

သူမ လျင်မြန်စွာ အိပ်ရာပေါ်မှဆင်းလိုက်ပါသည်။ ထို့နောက် အောက်ထပ်သို့ဆင်းပြီး ဒေါ်ဝတ်ရည်ကို ရှာဖွေလိုက်သော် ဒေါ်ဝတ်ရည် တစ်ယောက် ဧည့်ခန်းထဲတွင် တိတ်ဆိတ်စွာထိုင်ပြီး သိုးမွေးထိုးနေလေ၏။

"အန်တီ . . . သမီးကို ဘာလို့မနှိုးတာလဲ"

သူမ စိတ်မကောင်းစွာမေးလိုက်မိပါသည်။ တစ်အိမ်လုံး တိတ်ဆိတ်လွန်းနေ၏။

"သမီးအိပ်နေတာကို အန်တီက ဘာလို့နှိုးရမှာလဲ?။ နှိုးလိုက်လို့ သမီး ခေါင်းကိုက်သွားရင်ရော?။ နောက်ပြီး သမီးလည်း မနှိုးခိုင်းထားပါဘူး"

"မဟုတ်ဘူးလေ။ ဒီနေ့ ဦးဝိဉာဏ်ခက သမီးကိုလာတွေ့မယ့်နေ့လေ။ နောက်ပြီး မွေးနေ့ကိတ်လည်း ယူလာမယ်တဲ့"

"ဒါပေမဲ့ ဦးဝိဉာဏ်ခက အခုထက်ထိ မဆက်သွယ်သေးဘူး"



www.burmeseclassic.com

www.burmeseclassic.com

သူမသာ စိတ်လှုပ်ရှားစွာပြောနေသော်လည်း ဒေါ်ဝတ်ရည်ကတော့ ပကတိ တည်ငြိမ်လွန်းနေ၏။ သို့မွေးထိုးနေသည်ပင် မပျက်။

"အန်တီ . . . သူ ဒီနေ့လာမယ်လို့တော့ ပြောထားတယ်မဟုတ်လား"

"အင်းလေ . . . ဒါပေမဲ့ အခုအချိန်ထိ မဆက်သွယ်သေးဘူး"

"ဒါဆို အန်တီဆက်သွယ်လေ"

"သူက သူဆက်သွယ်မယ်လို့ပဲ ပြောထားတယ်"

သူမ စိတ်အားငယ်သွားမိ၏။ သို့သော် ကိုယ့်စိတ်ကိုကိုယ် ပြန်တင်းလိုက်နိုင်ပါသေးသည်။

"သမီး ရေချိုးလိုက်မယ်။ ပြီးရင် သမီးတို့ ထမင်းစားခန်းထဲမှာ ပြင်ဆင်ပြီးစောင့်နေလိုက်ကြတာပေါ့။ သူ့ဘက်ကဆက်သွယ်လိမ့်မယ်လို့ သမီးယုံတယ်"

"ဘာဖြစ်လို့ယုံတာလဲ သမီး"

"သူက သမီးကိုမွေးစားထားတဲ့ စိတ်ထားဖြူစင်တဲ့ အုပ်ထိန်းသူတစ်ယောက်ဖြစ်လို့ပါပဲ"

သူမ ပြတ်သားစွာပြောခဲ့ပြီး သူမအခန်းသို့ ပြန်လာခဲ့လိုက်ပါသည်။ ထို့နောက် ရေချိုးလိုက်ပြီး သူမပြောသည့်အတိုင်း ထမင်းစားခန်းလေးထဲတွင် သူမတို့ အားလုံးပြင်ဆင်ပြီး ထိုင်စောင့်နေလိုက်ပါသေးသည်။ အချိန်က ညနေခုနစ်နာရီပင် ထိုးတော့မည်ဖြစ်၏။ သို့သော် မည်သည့်ဖုန်းမျှ မဝင်သေး။ ဒေါ်ဝတ်ရည်လည်း သူမကို ဘာမှမပြော။ သူမစောင့်သည့်အတိုင်းသာ ဝိုင်းစောင့်ပေး၏။ ခုနစ်နာရီခွဲပေပြီ။ အိမ်လေးအတွင်း တိတ်ဆိတ်လျှက်။

"ယှဉ် . . . အဆင်ပြေပါတယ်နော်"

စောင့်မျှော်ရသည့်ခံစားချက်က အတော်ပင်ပြင်းထန်ပါ၏။ သူမရင်ဘတ်တွေအောင့်နေသကဲ့သို့ ခံစားနေရ၏။ သူမမျက်နှာလည်း အနည်းငယ်ပျက်ယွင်းနေပေပြီ။



"သမီး စောင့်နေဦးမှာပါ အန်တီ"

"အန်တီ ဖုန်းဆက်လိုက်ရမလား?"

"သူဆက်မယ်ဆို"

"သမီးသိတဲ့အတိုင်းပဲလေ။ သူက အလုပ်က ခပ်များများရယ်။ တော်ကြာ အလုပ်ကြောင့်မလာဖြစ်ဘူးဆိုရင် သမီးပဲ မျှော်မောကြီးဖြစ်နေမှာဆိုးလို့ အန်တီက သမီးကို မနှိုးတာပါကွယ်။ နောက်ပြီး သူကလည်း သမီးကို မစောင့်စေချင်ဘူးတဲ့"

"သူ လာမှာပါအန်တီ။ တကယ်လို့ အန်တီပြောသလို သူမလာဘူးဆိုရင်တောင် ဖုန်းလေးဖြစ်ဖြစ်တော့ ဆက်မှာပါ"

မိုးရွာတိုင်း ထီးအဝါလေးတစ်ချောင်းတစ်ချောင်း လာပေးရသောလောက် အပန်းမကြီးသော သူမ၏မွေးနေ့ပွဲဆီသို့ ဦးဝိဉာဏ်ခ ဆက်သွယ်မည်ကို သူမ Dead Sureသိနေ၏။

ထိုစဉ် သူမတို့ညှော်ခန်းလေးထဲမှ ဖုန်းမြည်လာပါသည်။ ဒေါ်ဝတ်ရည် ဖုန်းကိုင်လိုက်၏။ သူမ ထမင်းစားခန်းထဲတွင်ပင် စောင့်နေလိုက်ပါသည်။ ခဏကြာသော် ဒေါ်ဝတ်ရည် ညှော်ခန်းထဲထိ ဝင်လာပါသည်။

"ဦးဝိဉာဏ်ခဆီက မဟုတ်လား အန်တီ"

"အင်း . . ."

"သူ ဘာပြောလဲ?"

"ခဏနေဦးနော်။ နောက်ထပ် ငါးမိနစ်လောက်ကြာရင် အန်တီပြောပြမယ်"

သူမ ဘာစကားမျှမပြောဖြစ်တော့။ ဒေါ်ဝတ်ရည်ပြောသည့် ငါးမိနစ်ကိုပင် သူမဆက်စောင့်ရန် ဆုံးဖြတ်လိုက်မိပါသည်။ ဒီလောက် အချိန်အများကြီးစောင့်ခဲ့ပြီးမှ သူမ ငြူစူလို့မဖြစ်တော့ချေ။

ထိုစဉ် Door Bell မြည်သံ ကြားလိုက်ရပါသည်။ ဒေါ်ဝတ်ရည် ထ,သွားကာ တံခါးဖွင့်ပေးလိုက်၏။ ပါဆယ်ထုပ်ကြီးတစ်ထုပ်ပို့လိုက်



www.burmeseclassic.com

www.burmeseclassic.com

ခြင်းပင်။ ဒေါ်ဝတ်ရည်က ပါဆယ်ထုပ်ကြီးကို မ,လာပြီး ထမင်းစားခန်းထဲသို့ ဝင်ခဲ့ပါသည်။

"အန်တီ . . ."

သူမအရှေ့တွင်ချလိုက်သော ပါဆယ်ထုပ်ကြီးကိုကြည့်ပြီး သူမ သိချင်စွာမေးလိုက်မိပါသည်။

"ဦးဝိဉာဏ်ခ ပို့လိုက်တာ။ သူ အလောတကြီး ခရီးတစ်ခုထွက်သွားရလို့ မလာနိုင်တော့ဘူးတဲ့။ ဒီပါဆယ်ထုပ်ကြီးကိုသာ ဖွင့်ကြည့်ပြီးတော့ ကျေနပ်လိုက်ပါတဲ့"

"အခုနဖုန်းလာတာ အဲ့ဒါပြောတာလား အန်တီ"

"အင်း . . ."

သူမ ဘာမျှဆက်မမေးတော့ဘဲ ပါဆယ်ထုပ်ကိုသာ ဖွင့်လိုက်ပါတော့သည်။ ဖွင့်လိုက်သည်နှင့် သူမ စာအိတ်အပြာရောင်လေးတစ်အိတ်ကို တွေ့လိုက်ရပါသည်။ သူမ စာအိတ်လေးကိုဖွင့်လိုက်ပါသည်။ အထဲတွင် စာတစ်စောင်။ လက်ရေးနှင့်မဟုတ်။ Computer စာစီထားခြင်းပါ။

*ယုဉ်နှိုင်းမီ . . .*

*Happy Birthday ပါ။ မွေးနေ့မှာ ကတိမတည်နိုင်တဲ့အတွက် စိတ်မကောင်းပါဘူး။ မင်းဘွဲ့ယူတဲ့နေ့ကျရင် မင်းကို ငါလာတွေ့မှာပါ ယုဉ်နှိုင်းမီ။ နောက်ပြီး မင်းကို ဆေးဘွဲ့ပဲယူစေချင်တယ်။ ကျေးဇူးဆပ်ချင်ရင် မင်း ဆေးတက္ကသိုလ် ဆက်တက်ပေးပါ။ မင်းအတွက် လိုအပ်တာတွေအားလုံး ဒေါ်ဝတ်ရည်ကိုပြောပါ။ မင်းဘွဲ့ယူတဲ့နေ့ကျရင် ငါတို့တွေ့ဖြစ်ပါပြီ။ ဟုတ်ပြီနော်။*

*ဝိဉာဏ်ခ*



တိုတောင်းတဲ့စာလေးတစ်စောင်နှင့် သူမကို နှစ်သိမ့်လိုက်ခြင်းဝင်။ သူမ စာရွက်လေးကိုခေါက်ကာ သက်ပြင်းတစ်ခု ချလိုက်မိပါသည်။ ထို့နောက် ပါဆယ်ထုတ်ကို ဆက်ဖွင့်ကြည့်လိုက်သော် မွေးနေ့ကိတ်တစ်လုံးဖြစ်နေ၏။ မွေးနေ့ကိတ်ပေါ်တွင် ဆေးထိုးအပ်နှင့် နားကျပ်ပုံလေးကို သေသပ်စွာ ကရင်မ်များနှင့် ပုံဖော်ထားပါသေး၏။ သူမ မွေးနေ့ကိတ်လေးကိုကြည့်ရင်း ပြုံးလိုက်မိပါ၏။ တကယ်ပဲ အကွက်ကျလိုက်တဲ့ ဦးဝိဉာဏ်ခ။

"ကိတ်လေးက လှတယ်နော် သမီး။ ဒါနဲ့ ဒီဆေးထိုးအပ်နဲ့ နားကျပ်ပုံလေးက ဘာအတွက်ပါလိမ့်"

"ဦးဝိဉာဏ်ခက သမီးကို ဆေးကျောင်းပဲဆက်တက်ပါတဲ့။ ဘွဲ့ယူတဲ့နေ့ကျမှပဲ သူ့ကိုတွေ့ရတော့မယ်တဲ့"

"ဩော် . . . သူ့စိတ်ကူးက ကောင်းတယ်လို့ပြောမလား?"

"ဒုတိယကတိ တည်ပါစေလို့ပဲ ဆုတောင်းချင်တော့တယ်"

ဟုတ်ပါ၏။ သူမ တကယ်ပင် ထိုနေ့က မွေးနေ့ဖယောင်းတိုင်မှုတ်ရင်း ဦးဝိဉာဏ်ခ၏ ဒုတိယကတိတည်ပါစေလို့ပဲ ဆုတောင်းဖြစ်လိုက်ပါ၏။ ထို့နောက် သူမ၏မွေးနေ့လေးကို ဒေါ်ဝတ်ရည်နှင့်ပင် နှစ်ယောက်တည်း ကျင်းပခဲ့ကြပါသည်။ သူမတို့၏ကားကိုမောင်းပေးသော Driver ဦးတင့်က ပြန်သွားပြီဖြစ်သောကြောင့်ပင်။



www.burmeseclassic.com

www.burmeseclassic.com

စီစဉ်ထားသည့်အတိုင်းပင် ဆေးကျောင်းဆက်တက်ရပါ၏။ နေ့ရက်များကိုလည်း စာကြိုးစားရင်းနှင့်ပင် သူမ ကျော်ဖြတ်ခဲ့ပါသည်။ ဒေါ်ဝတ်ရည်မှတစ်ဆင့် ဦးဝိဉာဏ်ခနှင့် တွေ့ရဖို့ကိုလည်း သူမ မပူဆာတော့ချေ။

ကိုယ့်ဘက်မှ ယူထားသည့်တာဝန်ကိုသာ ကျေပွန်ချင်ပါတော့၏။ ထို့ကြောင့်ပင် သူမ ပထမကို အောင်မြင်စွာ ဖြေဆိုနိုင်ခဲ့သေး၏။ သူမအတွက် စာမေးပွဲတစ်ခုအောင်တိုင်းအောင်တိုင်း ဦးဝိဉာဏ်ခ၏မျက်နှာကို စိတ်ကူးထဲတွင် ပုံဖော်နိုင်လိုက်သလိုလည်း ခံစားမိပြန်သည်။

သို့သော် သူမစဉ်းစားသင့်သည့် အချက်တစ်ချက်ကိုတော့ သတိထားမိပါ၏။ ထိုရက်က ကြာမြင့်နေပြီဖြစ်သော်လည်း သူမ မှတ်မိနေသေး၏။သူမ ဆယ်တန်းအောင်သည့်နှစ် မွေးနေ့တုန်းကပင်။

ဦးဝိဉာဏ်ခကို သူမ စောင့်နေခဲ့ပါ၏။ သို့သော် ဦးဝိဉာဏ်ခက ပေါ်မလာချေ။ ထိုနေ့က သွေးပူနေသောကြောင့် သူမ ဘာကိုမျှသတိမထားမိခဲ့သော်လည်း တစ်ရက်တစ်ရက် အချိန်ကြာလာသည်နှင့်အမျှ သူမအတွက် သတိထားစရာအချက်များ ပေါ်လာတော့သည်။

ထိုအချက်ကတော့ သူမတို့ထံကို ထိုနေ့ညက ဦးဝိဉာဏ်ခ ဖုန်းဆက်ပါ၏။ ဖုန်းဆက်ပြီး မိနစ်အနည်းငယ်(သို့မဟုတ်) ငါးမိနစ်မျှပင်မကြာသောအချိန်အတွင်းတွင် သူမထံသို့ မွေးနေ့ဆုတောင်းနှင့် မွေးနေ့ကိတ်ရောက်ရှိခဲ့ပါသည်။



အကယ်၍ ဦးဝိဉာဏ်ခသည် ဖုန်းတွင်ပြောသည့်အတိုင်း ခရီးတွင်ရောက်နေပါမူ သူမထံသို့ ထိုမွေးနေ့ကိတ်ကို အချိန်ကိုက်ပြီးပို့ပေးနိုင်လိမ့်မည်မဟုတ်။ သို့သော် အချိန်ကိုက်ပို့ပေးနိုင်သောကြောင့် ထိုနေ့က ဦးဝိဉာဏ်ခသည် သူမတို့နှင့်အနီးတွင် ရှိနေလိမ့်မည်ဟု သူမ ယူဆမိပါသည်။

ထို့အပြင် ဦးဝိဉာဏ်ခသည် သူမကို ကြည့်ကောင်းကြည့်နေနိုင်သေး၏။ သူ့မွေးနေ့ဆုတောင်းကိုဖတ်လိုက်ပြီး ပြုံးလိုက်သော သူမအပြုံးကိုပင် ဦးဝိဉာဏ်ခ မြင်ကောင်းမြင်နိုင်ပါသေး၏။

သို့တည်းမဟုတ် ဦးဝိဉာဏ်ခက ခရီးတကယ်ထွက်သွားပြီး သူ့ဝန်ထမ်းတစ်ယောက်ကို ထိုသို့ အချိန်ကိုက်ဖြစ်အောင် ဖန်တီးခဲ့ခြင်းပင်လားဆိုသည့်နည်းလည်း ဖြစ်နိုင်ပါသေး၏။ သူမ မျက်စိမှိတ်ပြီး ဖြစ်စေချင်သည့်နည်းတစ်နည်းတည်း မတွေးချင်ပြန်။

သို့သော် ခရီးထွက်နေသည့်လူတစ်ယောက်ကတော့ ဘယ်နည်းနှင့်မျှ ရန်ကုန်တွင်ရှိနေသည့်လူတစ်ယောက်အတွက် မွေးနေ့ဆုတောင်းနှင့် မွေးနေ့ကိတ်ကို အချိန်ကိုက်မပို့နိုင်ပါ။ အနည်းငယ်လွဲချော်မှုတော့ ရှိနိုင်ပါ၏။



www.burmeseclassic.com

www.burmeseclassic.com

ဆယ်တန်းမွေးနေ့တုန်းက သူမအနားတွင် ဦးဝိဉာဏ်ခ ရှိ၏/မရှိ၏ဆိုသော သူမ၏မတင်မကျဖြစ်နေသည့်အတွေးကို သေချာသွားအောင် အကောင်အထည်ဖော်ချင်မိပါ၏။ ကူညီနိုင်သော တစ်ယောက်တည်းသောလူမှာ အန်တီဝတ်ရည်ပင်ဖြစ်ပါသည်။

"အန်တီ"

သူမတွေးထားသည်များက တဖြည်းဖြည်းများလာသည့်အလျောက် သူမ ကျောင်းမှအိမ်သို့ပြန်ရောက်သည်နှင့်တစ်ပြိုင်နက် ဒေါ်ဝတ်ရည်ကို မေးရန် ပြင်ဆင်လိုက်ပါတော့သည်။

"သမီး ပြန်ရောက်ပြီလား?"

"အန်တီ . . . သမီး ဆယ်တန်းအောင်တဲ့နှစ်တုန်းက သမီးမွေးနေ့ကို မှတ်မိသေးလား?"

"အင်း . . . မှတ်မိတာပေါ့။ အဲ့ဒီနေ့က အန်တီလေ သမီးအတွက် တော်တော့်ကို စိတ်မကောင်းဖြစ်ခဲ့ရတယ်"

"ဒါဆို အဲ့ဒီနေ့က ဖုန်းတစ်ကော ဝင်လာတာကိုလည်း အန်တီမှတ်မိသေးလား?"

"မှတ်မိတယ်လေ။ ဦးဝိဉာဏ်ခဆီကပဲ"



"သူကိုယ်တိုင်ဆက်တာလား အန်တီ"

"ဟုတ်တယ် သမီး။ သူကိုယ်တိုင်ဆက်တာ"

သူမ သိလိုက်ရသည့်အဖြေအတွက် အတော်ပင်ပျော်သွားမိပါ၏။ အဖြေကိုကြားလိုက်ရချင်းပင် သူမ ကျေနပ်စွာပြုံးလိုက်မိပါသည်။

"သမီး ဘာကိုတွေးပြီး ပြုံးလိုက်တာလဲ?"

"ရေတွင်းထဲကဖားက ကုန်းပေါ်ကို ဘယ်လိုတက်ရမလဲဆိုတာ သိသွားလို့ပါအန်တီ"

သူမ အော်ကာပြန်ဖြေရင်း အိမ်ပေါ်ထပ်သို့ ပြေးတက်ခဲ့ပါတော့သည်။ ဦးဝိဉာဏ်ခသည် သူမ၏အနီးတွင် ရှိနေခဲ့သည်မှာ သေချာသလောက်ဖြစ်သွားပြီပင်။ ထို့ကြောင့် သူမအနားတွင် ဦးဝိဉာဏ်ခရှိနေ၏၊ မရှိ၏ကို ဆန်းသပ်ဖို့ရာနည်းလမ်းကို သူမ တွေးတောရတော့မည်။



www.burmeseclassic.com

www.burmeseclassic.com

နှစ်တွေကြာနေပြီဖြစ်သော်လည်း ဆယ်တန်းမွေးနေ့တုန်းက အဖြစ်ကြောင့် သူမ၏အနီးတစ်ဝိုက်တွင် ဦးဝိဉာဏ်ခရှိနေလိမ့်မည်ဟု သူမ မိုက်မိုက်ရူးရူး ရဲရဲဆန်ဆန်စွာ ယုံကြည်မိနေ၏။

သို့သော် မသေချာလှပါ။ သူမဖြစ်နိုင်လျှင် သေချာစွာသိချင်နေပါသည်။ ထို့ကြောင့် မနေ့ကတစ်ညလုံး သူမအနီးတွင် ဦးဝိဉာဏ်ခရှိနေ၏/မရှိ၏ ကိုစမ်းသပ်ရန်နည်းလမ်းကို စဉ်းစားခဲ့ပြီဖြစ်ပါသည်။ သူမ ထိုနည်းလမ်းကို ယနေ့တွင်ပင် စမ်းသပ်ရန်ပြင်ဆင်လိုက်ပါတော့သည်။

သူမ ဆေးကျောင်းပထမနှစ်စတက်သည်နှင့် ဒေါ်ဝတ်ရည်က သူမကို ကားမောင်းသင်ခိုင်းပြီးသည်နှင့် Mark II ကားလေးတစ်စင်းကို သူမအသုံးပြုရန်ပေးထားပါ၏။ ထို့ကြောင့် ပထမနှစ်ကတည်းက သူမကိုယ်တိုင်ကားမောင်းကာ ကျောင်းသွားကျောင်းပြန်လုပ်ခဲ့ပါသည်။ သူမ ကော်ဖီသောက်ရန် Mr.guitar သို့ထွက်ခဲ့လိုက်ပါသည်။ Mr.guitar ထဲသို့မဝင်မီ ပိုက်ဆံအိတ်ကိုလည်း ကားထဲတွင် သေချာစွာချန်ထားခဲ့လိုက်ပါသေးသည်။

"အစ်မ . . . ဘာယူမလဲခင်ဗျာ"

သူမ ထိုင်ခုံတွင်ဝင်ထိုင်လိုက်သည်နှင့် စားပွဲထိုးလေးတစ်ယောက်က မေးလေ၏။

"ကော်ဖီ . . . Black နော်"

"ဟုတ်ကဲ့"



သူမ ထိုင်ခုံတွင်ဆက်ထိုင်နေလိုက်ပါသည်။ ဆိုင်အတွင်းကိုလည်း သူမ မျက်စိတစ်ချက်ဖွေ့ကာ လှမ်းကြည့်လိုက်ပါ၏။ ဦးဝိဉာဏ်ခဟုထင်ရနိုင်သည့်လူတစ်ယောက်မျှ သူမ မတွေ့ပါ။ သူမအတွက် ကော်ဖီခွက်ကို စားပွဲထိုးလေး လာချပေးပါသည်။

"လိုအပ်ရင် . . ."

"အင်း . . . ခေါ်လိုက်ပါ့မယ်"

သူမအနားမှ စားပွဲထိုးလေးကို ထွက်သွားစေချင်သောကြောင့် မြန်မြန်ပင် ပြန်ဖြေလိုက်ပါသည်။ ထို့နောက် သူမ ကော်ဖီကို စိမ်ပြေနပြေ သောက်ဟန်နှင့်သောက်ရင်း ဆိုင်တွင်ရှိနေသော မဂ္ဂဇင်းတစ်စောင်ကိုယူကာ ဖတ်နေလိုက်ပါသည်။ တကယ်တော့ သူမသည် ကော်ဖီ၏အရသာကို ခံနေခြင်းလည်းမဟုတ်။ စာအုပ်ကို စိတ်ဝင်စားလွန်း၍ ဖတ်နေခြင်းလည်းမဟုတ်။ သူမ သိချင်နေသည်ကို တိတိကျကျသိရအောင် ကြိုးစားရန် အကွက်ချနေခြင်းပင်။

သူမ ကော်ဖီထိုင်သောက်နေသည်မှာ နာရီဝက်ခန့်ကြာသွားပြီဖြစ်သည်။ ထို့ကြောင့် သူမ သောက်လက်စကော်ဖီကို လက်စဖြတ်လိုက်ပါသည်။

"ကဲ . . . ရှင်းမယ်"

သူမ စားပွဲထိုးလေးတစ်ယောက်ကို လှမ်းခေါ်လိုက်ပါသည်။ စားပွဲထိုးလေး အနားသို့ရောက်လာ၏။ ကားထဲတွင် ပိုက်ဆံအိတ်ချန်ထားခဲ့ပြီး ကော်ဖီဖိုးအတွက် စားပွဲထိုးလေးကိုတောင်းပန်ရန် စီစဉ်ထားပါသည်။ ရှိုးရှာသောကြောင့်အခက်တွေ့တိုင်း ဦးဝိဉာဏ်ခက ထီးလာပေးခဲ့သည်ပင်။ ယခုလည်း သူမအတွက် ကော်ဖီဖိုးရှင်းရန် အခက်တွေ့အောင် တမင်ဖန်တီးလိုက်ခြင်းပင်။

"ဘယ်လောက်ကျလဲ ?"

သူမ နဂိုကတည်းက မပါလာသောပိုက်ဆံအိတ်ကို ဟန်လုပ်ပြီးရှာရပါသည်။ သူမကို စားပွဲထိုးလေးကြည့်နေ၏။



www.burmeseclassic.com

www.burmeseclassic.com

"ဒုက္ခပါပဲ . . .။ အစ်မပိုက်ဆံအိတ် ပျောက်သွားပြီ။ ဘယ်လိုလုပ်မလဲ?။ ပြောပါဦး၊ ဘယ်လောက်ကျလဲလို့."

"အစ်မ . . ."

သူမကို စားပွဲထိုးလေးက စိုက်ကြည့်ရင်းခေါ်၏။

"အင်း . . . ပြောလေ။ ဘယ်လောက်ကျလဲ?"

"ဟို . . . အစ်မပိုင်းအတွက်က ရှင်းပြီးသွားပါပြီ။ နောက်ပြီး ဆိုင်ရှေ့မှာ အစ်မအတွက် ထီးအဝါရောင်လေးတစ်ချောင်းကိုလည်း အဲဒီလူကပဲ ထားခဲ့ပါသေးတယ်။ မိုးတွေရွာနေလို့ ထီးဆောင်းပြီး ကားရှိရာကိုပြန်ပါလို့လည်း မှာခဲ့ပါသေးတယ်?"

သူမ မအံ့ဩမိချေ။ သို့သော် ကျေနပ်သွားမိပါ၏။ အခုစမ်းသပ်ချက်ကြောင့် သူမအနီးတွင် ဦးဝိဉာဏ်ခသော်လည်းကောင်း၊ သို့မဟုတ် သူနှင့်ပတ်သက်နေသည့် လူတစ်ယောက်ယောက်သော်လည်းကောင်းရှိနေသည်ကို သူမ သေချာစွာသိလိုက်နိုင်သောကြောင့်ပင်။

"သူက ဘယ်လိုပုံစံလဲ။ ပြောလို့ရမလား"

"သူက မပြောရဘူးလို့ မှာခဲ့ပါတယ်အစ်မ။ ပြောရင် ကျွန်တော့်ချစ်သူနဲ့လွဲတဲ့။ အဲ့ဒါကြောင့် ကျွန်တော့်ကို မမေးပါနဲ့တော့ အစ်မရယ်။ နော် . . ."

စားပွဲထိုးလေးက သူမကို မျက်နှာငယ်လေးနှင့် တောင်းပန်ရှာ၏။ ထို့ကြောင့် သူမ စားပွဲထိုးလေးကို အကျပ်ကိုင်ပြီးမမေးချင်တော့။ သူမ ဆိုင်အတွင်းမှ ပြန်ခဲ့လိုက်ပါသည်။ သူမ အပြန်လမ်းတွင်တော့ သူမအနားတွင် လူတစ်ယောက်ရှိနေကြောင်း ကောင်းစွာသိခဲ့ရသော်လည်း ထိုလူသည် မည်သူမည်ဝါဖြစ်သည်ကိုတော့ သူမ တွေးတောနေမိပြန်သေး၏။

"ကျွန်မအနားမှာရှိနေတာ ဦးဝိဉာဏ်ခလား?။ ဒါမှမဟုတ် အခြားတစ်ယောက်လား?"

သူမ ကားလေးကိုပုံမှန်မောင်းရင်း အိမ်ပြန်ခဲ့လိုက်ပါတော့သည်။

* * *



တားထားသည်ကိုမှ ပိုလုပ်ချင်သည့် လူ့ဗီဇအတိုင်း သူမသည် သူ့ကို လွန်စွာတွေ့ချင်ပါတော့သည်။ လူတစ်ယောက်လုံးကို တာဝန်ယူရသည်မှာ လေးလံသည့်တာဝန်တစ်ရပ်ပင်။ ထိုလေးလံသည့်တာဝန်ကိုတော့ သူက ကျေပွန်စွာယူနိုင်ပြီး ဘာကြောင့် သူ့ကိုယ်သူတော့ ဖုံးကွယ်ထားရပါသနည်း။ သူမ နားမလည်နိုင်တော့။ ထို့အပြင် တစ်ရက်ထက်တစ်ရက် သူ့ကိုတွေ့ချင်နေသည့် သူမစိတ်များကို ထိန်းမထားနိုင်တော့ပြီ။

"ဘာလုပ်သင့်လဲ?။ ငါ ဘာလုပ်သင့်လဲ?"

သူနှင့်တွေ့ရရေးအတွက် ကျောင်းစာကိုဖိကာကြိုးစားသည်မှာ မှန်သော်လည်း သူမသည် အခုရက်တွင်ပင် သူ့ကိုတွေ့ချင်နေမိပြန်သည်။ ဒေါ်ဝတ်ရည်ကိုလည်း ပူဆာရန် သူမ အားနာမိပြန်၏။ ထို့အပြင် သူမအနားတွင် ဦးဝိဉာဏ်ခနှင့် ပတ်သက်သည့်လူသော်လည်းကောင်း၊ ဦးဝိဉာဏ်ခကိုယ်တိုင်သော်လည်းကောင်း ရှိနေသည်ကိုလည်း သူမ ကောင်းစွာ သိခဲ့ပြီးဖြစ်ပြန်သည်။ ထို့ကြောင့် ဦးဝိဉာဏ်ခနှင့် အဆက်အသွယ်ရအောင် သူမ ကိုယ့်နည်းကိုယ့်ဟန်နှင့် ဖန်တီးတော့မည်ဟု ဆုံးဖြတ်မိလိုက်ပါသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

"ဟယ် . . . သမီး၊ ဒီလောက် White board အကြီးကြီး ဘာလုပ်ဖို့ဝယ်လာတာလဲကွယ်"

သူမ နံနက်စောစောမှာပင် Market မှ Size အကြီးဆုံး White board ကို ဝယ်ခဲ့လိုက်ပါသည်။ ကျောင်းစာသင်ခန်းတွင်သုံးသည့် အရွယ်အစား white board ကြီးဝယ်လာသည့်အတွက် ဒေါ်ဝတ်ရည် အံ့သြနေ၏။

"သမီး လူတစ်ယောက်နဲ့ အဆက်အသွယ်လုပ်မလို့ အန်တီ"

သူမ White board ကို မ,လာသောဝန်ထမ်းများကို သူမအခန်းတွင်ပင်ချိတ်ထားရန် နေရာပြရင်း ဒေါ်ဝတ်ရည်ကို ဖြေလိုက်ပါသည်။ သူမသည် White board ကို လမ်းမဖက်သို့လှည့်ကာ သူမအခန်းတွင် ချိတ်လိုက်ပါသည်။ သို့မှသာ သူမပြောချင်နေသည့်၊ သူမရေးချင်နေသည့် စာသားများကို သူမ မြင်စေချင်သောလူက မြင်နိုင်မည်ဖြစ်သည်။

"သမီးရယ် . . . ဒါကြီးက လိုလို့လား?"

"အင်း . . . လိုတာပေါ့ အန်တီရယ်။ သိပ်လိုတာပေါ့"

"ဒါနဲ့ သမီး နံနက်စာရော စားပြီးပြီလား?။ တကယ်တည်း မနက်မိုးလင်းတာနဲ့အပြင်ထွက်ပြီး ဝယ်လာတဲ့ပစ္စည်းကလည်း တော်တော့်ကို အရေးပါတဲ့ပစ္စည်း"



ဒေါ်ဝတ်ရည်က သူမအကြံအစည်ကိုမသိရှာဘဲ White board ဝယ်လာသည့်အတွက် သူမကို ဆူချင်နေပါသည်။

"သမီးအတွက် တကယ်လိုအပ်လို့ပါ အန်တီရယ်၊ နော် . . ."

"အေးပါကွယ်။ ဝယ်ပါ။ ဒါပေမဲ့ ဘာလုပ်ဖို့လဲဆိုတာ အန်တီ့ကိုလည်း ပြောပြလေ"

"ပြောပြီးပြီလေ။ လူတစ်ယောက်နဲ့ အဆက်အသွယ်လုပ်ဖို့လို့"

"ဘယ်သူနဲ့လည်း"

"ဒါကတော့ Top Secret ပေါ့။ မမေးကြေး"

သူမ မျက်နှာမချိုမချဉ်နှင့် ဒေါ်ဝတ်ရည်ကို ပြန်ဖြေလိုက်ပါသည်။ လူကြီးသူမကို မခန့်လေးစားလုပ်ခြင်းမဟုတ်။ တကယ်တော့ သူမသည် ဦးဝိဉာဏ်ခနှင့် အဆက်အသွယ်လုပ်ရတော့မည်ဖြစ်သောကြောင့် အလိုလိုပျော်ရွှင်နေခြင်းပင်။

ဒေါ်ဝတ်ရည်ပြင်ဆင်ပေးထားသော နံနက်စာကိုစားသောက်ပြီး ဒေါ်ဝတ်ရည်ကိုနှုတ်ဆက်ကာ သူမ ကျောင်းသို့ထွက်ခဲ့လိုက်ပါသည်။ သူမ ကျောင်းရောက်သော်လည်း တွေ့လိုက်သည့်အရာရာတိုင်းအတွက် သူမ ပြုံးနေမိပြန်၏။

တစ်ခါတစ်ခါ သူမ ရယ်မိလိုက်ပါသေး၏။ သူမနှင့် အတန်းတူသူများက သူမ မျက်နှာရွှင်နေသည်ကို သတိထားမိကြပါ၏။ သူမသည် အရင်ရက်များက မျက်နှာတည်တံ့စွာနေပြီး မည်သူနှင့်မျှလည်း ဟတ်ဟက်ပက်ပက် ခေါ်ပြောခြင်းမရှိသောကြောင့်ပင်။ ယနေ့တော့ သူမသည် အတန်းထဲရှိလူတိုင်းလိုလိုကို ပြုံးပြပြီး နှုတ်ဆက်နေမိပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

သူမ ညစာစားပြီး အိမ်ပေါ်ထပ်သို့တက်လာသော် ညနေခြောက်နာရီခန့်ပင် ရှိပါသေး၏။ ထို့ကြောင့် သူမ စာကျက်ရင်း အချိန်ဖြုန်းနေလိုက်ပါသေးသည်။

တကယ်တော့ သူမသည် White board နှင့်တစ်ဆင့် ဦးဝိဉာဏ်ခနှင့်ဆက်သွယ်ရန် ကြိုးစားမည်ဟု တွေးထားသော်လည်း တကယ်တမ်းလုပ်ရမည်ဆိုသောကြောင့် ရင်ခုန်နေသည်ကတော့ အမှန်ပင်။ ထို့အပြင် ထင်ထားသည့်အတိုင်း အဆက်အသွယ်မရလျှင် White board ကြီးကအလကားဖြစ်ဦးမည်။

သူမ ရင်လေးတထိတ်ထိတ်နှင့် နာရီကိုကြည့်လိုက်သော် ညခုနစ်နာရီပင် တီးသွားပေပြီ။

“ဟုတ်ပြီ၊ အချိန်ကျပြီ”

သူမ အခုအချိန်ကို သူမကိုယ်တိုင်ရွေးထားခြင်းပင်။ သူမ ထိုင်ရာမှထကာ Marker Penယူလိုက်ပြီး White board တွင် ပထမဦးဆုံးစာတမ်းတစ်ခု ရေးချလိုက်မိပါသည်။

“*Good evening*”



ရေးပြီးသည်နှင့် သူမ တဆတ်ဆတ်တုန်ရင်နေသော ညာဖက်လက်ဖဝါးကို ဘယ်ဘက်လက်နှင့် ဆုပ်ကိုင်ထားလိုက်မိပါသည်။ တကယ်တော့ သူမကို အခုချိန်တွင် ဦးဝိဉာဏ်ခကြည့်နေစေကာမူ ဦးဝိဉာဏ်ခကို လှမ်းကာနှုတ်ဆက်လိုက်ခြင်းပင်။ ဦးဝိဉာဏ်ခမကြည့်လျှင်လည်း သူမ၏ အရှုးထမှုသက်သက်ပေပဲဟု သူမ တွေးထားမိပါသေး၏။

“ဘုရား . . . ဘုရား . . . ဦးဝိဉာဏ်ခ မြင်ပါစေနော်”

သို့သော် ဦးဝိဉာဏ်ခ မြင်၏၊ မမြင်၏ကိုတော့ သူမမသိနိုင်ချေ။

“ဘယ်လိုလုပ်ရပါ့”

သူမ စာရေးစားပွဲထိုင်ခုံလေးတွင် ပြန်ထိုင်ကာ စဉ်းစားနေမိ၏။

“ငါ အရူးထတာသက်သက်တော့ မဟုတ်ပါရစေနဲ့။ ဆက်သွယ်မှုတစ်ခုခုတော့ ရပါစေ၊ ရပါစေ”

သူမ ကျိတ်ကာဆုတောင်းနေပြန်သေး၏။

“ငါ့စာကို သူတွေ့တယ်၊ မတွေ့ဘူးဆိုတာ ငါသိရအောင် ကြံစမ်း၊ ကြံစမ်း ယှဉ်နိုင်းမီ ကြံစမ်း”

သူမ မေးစေ့လေးကို လက်ညှိုးနှင့်ထောက်ရင်း ခေါင်းပွင့်အောင် စဉ်းစားနေမိ၏။ ထိုစဉ် သူမလက်ထောက်ထားသော စာရွက်တွင် True False Question Typeလေးကို တွေ့လိုက်ရပါသည်။ ထိုမေးခွန်းလေးကို တွေ့လိုက်ရသည်နှင့် သူမ အကြံကောင်းတစ်ခုရသွားပါ၏။

“ဟုတ်ပြီ၊ သူ့ကို Yes or Noနဲ့ပြန်ဖြေလို့ရမယ့် မေးခွန်းမျိုးတွေရွေးမေးမယ်။ ဒါဆို ငါ့ကို သူပြန်ဖြေမှာပဲ။ ဒါပေမဲ့ သူပြန်ဖြေတာကို ငါ ဘယ်လိုသိအောင်လုပ်ရမလဲ ?”

သူမ တစ်ဆင့်ပြီးတစ်ဆင့် စဉ်းစားနေမိပါ၏။ သူမ၏ စာကြည့်ချိန်များ ကုန်ဆုံးနေသော်လည်း ယနေ့တော့ သူမ မနှမြောမိချေ။

“ဟုတ်ပြီ၊ ညှိခန်းကဖုန်းနံပါတ်ကို ဦးဝိဉာဏ်ခက သိနေတာပဲ။ သူ့ကို အဲ့ဒီဖုန်းကို ဆက်ခိုင်းရမယ်။ ဒါမှ ငါသိရမှာ”



www.burmeseclassic.com

www.burmeseclassic.com

သူမ အကြံရသည်နှင့် တုံ့ဆိုင်းမနေတော့ဘဲ ချက်ချင်းပင် White boardတွင် စာကြောင်းတစ်ကြောင်း ရေးချလိုက်ပါသည်။

*'ယုဉ်အခုရေးလိုက်တဲ့စာကို ဦးဝိဉာဏ်ခ ဖတ်ရလား။ Yes or No ပဲဖြေနော်။ ဘယ်လိုဖြေရမလဲဆိုတော့ ဧည့်ခန်းထဲက ဖုန်းကို လှမ်းဆက်လိုက်။ ယုဉ် စာကြောင်းရေးပြီး တစ်မိနစ်အတွင်း ဧည့်ခန်းထဲကဖုန်းမြည်လာရင် အဲ့ဒါ Yesပဲ။ တစ်မိနစ်အတွင်း ဖုန်းသံမမြည်ရင်တော့ အဲ့ဒါ Noပေါ့။ ဟုတ်ပြီလား?"*

သူမ Marker penနှင့် လက်ရေးကြီးကြီးရေးချပြီးသည်နှင့် ထိုင်ခုံတွင်ပြန်ထိုင်ကာ လက်မှနာရီကို ကြည့်နေမိပါသည်။ သူမအတွက် ဖုန်းသံမြည်/မမြည်ကို ထိုင်စောင့်နေမိခြင်းပင်။ နာရီမှ စက္ကန့်တံလေး တစ်ချက်ရွေ့သွားတိုင်း သူမရင်ခုန်သံက ပိုပိုပြီးမြန်လာရပြန်သည်။ ဦးဝိဉာဏ်ခ ပြန်မဆက်သွယ်မည်ကိုလည်း သူမ လွန်စွာစိုးရိမ်နေမိပြန်သေး၏။

"ဆက်သွယ်ပါစေ။ ဖုန်းသံမြည်ပါစေ"

သို့သော် သူမဆုတောင်းလေး မပြည့်ချေ။ စက္ကန့်တံလေး တစ်ပတ်သာပြည့်သွား၏။ ဖုန်းသံမြည်မလာပါ။ သူမ ရင်မောစွာ သက်ပြင်းလေး တစ်ခု ချလိုက်မိပါသည်။

"ငါ့စာကို သူ မမြင်လို့များလား?"

သူမ ဖြစ်နိုင်ခြေတွေကို တွေးမိနေပါတော့သည်။ သို့သော် ဆက်သွယ်မှုလေးတစ်ခုတော့ ရချင်ပါ၏။

"ဖုန်းမြည်ရင် ငါကိုင်လိုက်ပြီး သူနဲ့စကားပြောမှာစိုးရိမ်လို့ ဖုန်းမဆက်တာများလား?"

သူမ ဖြစ်နိုင်ခြေများကို တွေးကြည့်နေမိပြန်သေး၏။

"ဟုတ်လိမ့်မယ်။ သူက လျှို့ဝှက်တတ်တဲ့လူ။ ဒါဆို ငါဖုန်းမကိုင်ဘူးဆိုတာ သူ့ကိုအသိပေးမှပဲ"



သူမ ချက်ချင်းပင် အတွေးတို့ကို အကောင်အထည်ဖော်လိုက်ပါသည်။

*"ဦးဝိဉာဏ်ခ ဖုန်းဆက်လေ။ ဘာဖြစ်လို့လဲ?။ ယုဉ် ဖုန်းကိုင်လိုက်မှာ စိုးရိမ်လို့လား?။ မကိုင်ပါဘူး။ ဖုန်းက ဧည့်ခန်းထဲမှာ။ ယုဉ်က ယုဉ့်အိပ်ခန်းထဲမှာလေ။ တကယ်လို့ ဖုန်းကိုင် ချင်ရင်တောင် ဖုန်းအနားကိုပြေးသွားဖို့ မိနစ်အနည်းငယ်တော့ ကြာမှာပါ။ အဲ့ဒီအချိန်မှာ ဦးဝိဉာဏ်ခ ဖုန်းချလိုက်ပေါ့နော်"*

သူမ ချက်ချင်းပင် White board ပေါ်တွင် ရေးချလိုက်ပါသည်။ ထို့နောက် ထိုင်ခုံလေးတွင်ပြန်ထိုင်ပြီး လက်မှနာရီလေးကို ရင်မောစွာ ကြည့်နေမိပြန်၏။

"ဖုန်းသံမြည်ပါစေ၊ ဖုန်းသံမြည်ပါစေ"

သူမ နှုတ်မှလည်း ဆုတောင်းနေမိပြန်သေး၏။ တော်တော်ရင်မော ရသည့် အလုပ်ပင်။ သူမ မည်မျှပင် စောင့်နေစေကာမူ စက္ကန့်လက်တံလေးက နောက်ထပ်တစ်ပတ်ပြည့်သွားပြီဖြစ်သော်လည်း ဘာဖုန်းသံကိုမျှ သူမ မကြားရပြန်။ သူမ တော်တော်ပင် စိတ်မကောင်းဖြစ်မိသွားပါသည်။ ထို့အပြင် ရင်ထဲတွင်လည်း မောဟိုက်နေသလိုပင်။

"ငါ အရှုံးထတာပါပဲ"

သူမ စိတ်ပျက်စွာဖြင့် White board တွင်ရေးထားသော စာတမ်းများကို ဖျက်လိုက်ပါသည်။ ထို့နောက် White boardကြီးကို အဓိပ္ပာယ်မဲ့ ငေးကြည့်နေမိသေး၏။

"ငါ ဒီ White board ကြီးကို ဘာဆက်လုပ်ရပါ့။ ဘာလုပ်ဖြစ်သင့်လဲ?"

သူမ စိတ်မကောင်းဖြစ်ရင်း မျက်ရည်ပင်ဝဲမိပါ၏။ သူမ နောက်ဆုံးအနေနှင့် White boardပေါ်တွင် အောက်ပါစာတန်းလေးတစ်ကြောင်းကို ရေးချလိုက်ပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

*"မနက်ဖြန် ဒီ White board ကြီးကို မိဘမဲ့ကလေးကျောင်းမှာပဲ သွားလှူလိုက်တော့မယ် . . . နော်"*

သူမ စိတ်မကောင်းစွာဖြင့် စာတမ်းလေးကိုရေးပြီးသည်နှင့် ခုတင်ပေါ်တွင် ထိုင်လိုက်မိပါသည်။ ထို့နောက် သူမ အိပ်လိုက်ရန် ပြင်ဆင်လိုက်ပါတော့သည်။ သူမ၏စိမ်းသပ်မှုကြီးတစ်ခုလုံး ပက်ပက်စက်စက်များယွင်းသွားသည်ပင်။ သူမ ခေါင်းအုံးပေါ်တွင် လှဲအိပ်လိုက်ရင်း တွေးနေမိပြန်သေး၏။ ဘာကြောင့် သူမ တွက်ချက်မှားသွားရပါသနည်း။

"တော်ပါပြီ၊ မတွေးချင်တော့ဘူး။ တွေးတိုင်း ငါပဲခံစားရတာ။ ဒီညစာလည်းမကျက်တော့ဘူး။ အိပ်ပျော်နိုင်အောင် ကြိုးစားပြီးအိပ်လိုက်တော့မယ်"

အခန်းမီးလေးကို မှိတ်လိုက်ပါသည်။ ထို့နောက် စားပွဲတင်မီးလေးကိုလည်း ထပ်ကာမှိတ်လိုက်သောကြောင့် သူမ၏အိပ်ခန်းလေး မှောင်မိုက်သွား၏။ သူမ Air-con မှ အပူချိန်အရှိန်ကို အနည်းငယ်တင်လိုက်ပါသည်။ ညဖက် အရမ်းချမ်းလျှင် သူမ နိုးသွားတတ်သောကြောင့်ပင်။ ထို့နောက် သူမ အိပ်လိုက်ရန်အတွက် မျက်လုံးအစုံကို ပိတ်လိုက်ပါတော့သည်။

"Good Night ပါ ဦးဝိဉာဏ်ခ"

သူမ စောင်ကိုခြုံလိုက်ရင်း နှုတ်မှ တီးတိုးနှုတ်ဆက်လိုက်ပါသည်။ သူမ မျက်လုံးများမှိတ်လိုက်ပါပြီ။ ထိုစဉ် သူမ အသံတစ်ခုကို ကြားလိုက်ရ၏။ သူမမျက်လုံးများ ဆတ်ခနဲပွင့်သွားပါသည်။ ဟုတ်ပါ၏။ သူမ အသံတစ်ခုကို သေချာစွာကြားလိုက်ရခြင်းပါ။ သူမ ကုတင်ပေါ်မှ ဆတ်ခနဲထ,ထိုင်လိုက်မိပါသည်။ ထိုစဉ် ထိုအသံကို ဒုတိယမြောက် ထပ်မံကြားလိုက်ရပါသည်။

"ကလင် . . . ကလင် . . ."

ဧည့်ခန်းထဲမှ ဖုန်းကလေးအသံမြည်နေခြင်းပင်။ သူမ လွန်စွာပျော်ရွှင်သွားမိပါသည်။ သူမအခန်းမီးကို အလျှင်အမြန်ပင် ပြန်ဖွင့်လိုက်ပါ



သည်။ သူမကို ဦးဝိဉာဏ်ခ ပြန်လည်ဆက်သွယ်လိုက်ခြင်းပင်။ ထို့ကြောင့် သူမရေးနေသော White board မှ စာများကို ဦးဝိဉာဏ်ခ မြင်သွားသည်ပင်။ ချက်ချင်းပင် Marker pen လေးကိုကောက်ကိုင်ရင်း စာကြောင်းတစ်ကြောင်းကို White board ပေါ်တွင် ရေးချလိုက်ပါ၏။

*ယုဉ့်ကို ပြန်ဆက်သွယ်တာလား?*

သူမ ရေးပြီး လက်မှနာရီကိုငုံ့ကြည့်လိုက်၏။ ထိုစဉ် ဧည့်ခန်းထဲမှဖုန်းသံလေး ထပ်မံမြည်လာပြန်၏။ သူမကို ပြန်ဆက်သွယ်ခြင်းဖြစ်ကြောင်း ဖြေလိုက်သည်ပင်။ သူမ အတိုင်းမသိ ဝမ်းသာနေမိပါ၏။

*ကျေးဇူးတင်လိုက်တာ ဦးဝိဉာဏ်ခရယ်။ ကျေးဇူးတင်လိုက်တာ . . .*

သူမ ဆက်ကာ ရေးချလိုက်မိပါသည်။ ထို့နောက် သူမ လျင်မြန်စွာပင် ထိုစာတမ်းကို ပြန်ဖျက်လိုက်ပါသည်။ သူမတစ်ယောက်တည်း အိပ်ခန်းထဲတွင် White boardတစ်ခုနှင့် ပျော်ရွှင်စွာ အလုပ်ရှုပ်နေပါတော့သည်။

*ဦးဝိဉာဏ်ခ ထမင်းစားပြီးပြီလား?*

တစ်မိနစ်အတွင်း ဖုန်းသံမြည်လာ၏။ စားပြီးပြီပေါ့။ သူမ ရယ်လိုက်မိပါသည်။

*ကြက်သားဟင်းနဲ့လား?*

တစ်မိနစ်ကျော်သွား၏။ ဖုန်းသံမမြည်။ ကြက်သားဟင်းနှင့် မဟုတ်ဆိုသည့် အဖြေပင်။ သူမ ကောင်းစွာနားလည်လိုက်ပါသည်။

*သက်သတ်လွတ်လား?*

ဖုန်းသံမြည်လာ၏။ ဖုန်းသံမြည်လိုက်၊ ပျောက်သွားလိုက်နှင့် သူမ အတော့်ပင် ဟန်ကျနေပါ၏။

"အရင်ကတည်းက ယုဉ့်မှာ ဒီလိုအကြံရှိနေသင့်တာ။ တုံးလိုက်တဲ့ ငါ"



www.burmeseclassic.com

www.burmeseclassic.com

သူမ ကိုယ့်ကိုယ်ကိုယ်ပြန်ပြီး မချိတင်ကဲဖြစ်မိပြန်သေး၏။ ထို့နောက် ဦးဝိဉာဏ်ခံထံမှ သိချင်သည်များကိုမေးရန် သူမ ဆုံးဖြတ်လိုက်ပါသည်။

*ထီးတွေပို့ပို့ပေးနေတာ ဦးဝိဉာဏ်ခလား?*

ဖုန်းသံမမြည်ပါ။ မဟုတ်ဘူးဆိုသည့် သဘောလား။ သို့မဟုတ် မဖြေချင်သည့်သဘောလား သူမ သေချာမသိ။ ထို့ကြောင့် မေးခွန်းကို ကွေ့ဝိုက်၍မေးရန် သူမ ကြံစည်လိုက်ပြန်၏။

*ဦးဝိဉာဏ်ခ အရောင်တွေထဲမှာ အဝါရောင်ကို ကြိုက်တယ်နော်?*

ဖုန်းသံမြည်လာ၏။ သူမ ကျေနပ်မိပါသည်။ ဘယ်သူမဆို ကိုယ်ကြိုက်နှစ်သက်သည့်အရောင်ကိုပဲ လက်ဆောင်ပေးတတ်သည်ပင်။ ထို့ကြောင့် ထီးပေးသောလူသည်လည်း ဦးဝိဉာဏ်ခပင်ဖြစ်ကြောင်း သူမ သတ်မှတ်လိုက်မိပါသည်။

*ဦးဝိဉာဏ်ခကို ဦးဉာဏ်လို့ခေါ်ချင်တယ်?*

ဖုန်းသံမြည်လာပြန်သည်။ သူမကို ခေါ်ဟု ခွင့်ပေးလိုက်ခြင်းပင်။ သူမ ကျေနပ်စွာပြုံးလိုက်မိ၏။

*ဦးဉာဏ်လို့ခေါ်ခွင့်ရလို့ ယုဉ် သိပ်သဘောကျတယ်သိလား ဘာဖြစ်လို့လဲဆိုတော့ မင်ကုန်သက်သာလို့?*

သူမ ရေးချလိုက်ပြီး ရယ်နေမိပါသည်။ သူမ ထိုကဲ့သို့ဆက်သွယ်နေရသည့်အတွက် ကြည်နူးနေမိပါ၏။

*ဦးဉာဏ်လည်း ယုဉ့်လိုရယ်နေလား?*

ဖုန်းသံမြည်လာပြန်၏။ ရယ်နေသည်ပေါ့။

*ဦးဉာဏ်က အရုပ်ရှည်လား?*

တစ်မိနစ်ပြည့်သွားသော်လည်း ဖုန်းသံမြည်မလာပါ။

*ဒါဆို ဦးဉာဏ်က ပုတာပေါ့?*

ဖုန်းသံ မြည်မလာပြန်။



*ဘာလဲ မဖြေတော့ဘူးလား?*

ဖုန်းသံ မြည်မလာပြန်။ သူမနှင့် ဦးဝိဉာဏ်ခ အဆက်အသွယ် ပြန်ဖြတ်လိုက်သည်ထင်ပြီး သူမရင်ထဲ ထိတ်သွားမိပါ၏။

*ဦးဉာဏ်က မဖြေချင်တော့လို့လား?*

ထိုမေးခွန်းရေးလိုက်ပြီးသည်နှင့် ဖုန်းသံမြည်လာ၏။ ထိုအခါမှ သူမ ထိတ်လန့်မှုကြီးရပ်သွားရ၏။

*ယုဉ်လို အပ်တာတွေကို ဒီ White board ကတစ်ဆင့် ဦးဉာဏ်ကို ပူဆာလို့ရလား?*

ဖုန်းသံမြည်လာပြန်သည်။

*ဒါဆို အဆင်ပြေတာပေါ့။ မနက်ဖြန် မုန့်တစ်ခုခုစားချင်တယ်။ လာပို့ပေးမှာလား?*

ဦးဝိဉာဏ်ခကို တွေ့နိုင်မည့်နည်းလမ်း သူမရှာဖွေလိုက်ခြင်းပင်။ ဖုန်းသံ တစ်မိနစ်အတွင်း မြည်လာ၏။ လာပို့ပေးမည့်သဘောပင်။

*ဒါဆို ချောကလက်စားချင်တယ်။ လာပို့ပေးနော်*

ဖုန်းသံမြည်လာပြန်သည်။

*ကျေးဇူးပဲ။ ရောက်မလာရင် စိတ်ဆိုးမှာနော်။ ဒါနဲ့ ဘယ်တော့လာပို့မှာလဲ။ မနက်လား?*

ဖုန်းသံမမြည်။

*နေ့ခင်းလား?*

မမြည်ပြန်။

*ညနေပိုင်းလား?*

ဖုန်းသံ မမြည်သေးပြန်။

*ဒါဆို မပို့တော့ဘူးလား?*

သူမ စိတ်မထိန်းနိုင်ဘဲ ထိုစာတမ်းကို ရေးချလိုက်ပါတော့သည်။ ထိုအခါလည်း ဖုန်းသံမမြည်ပြန်။

*ဒါဆိုလည်း ကြိုက်တဲ့အချိန်သာပို့တော့*



www.burmeseclassic.com

www.burmeseclassic.com

သူမ ရေးချလိုက်ပြီးသည်နှင့် ဖုန်းသံမြည်လာ၏။ သူမအဖို့ အဆင်ပြေနေ၏။

*ဦးဉာဏ် နေကောင်းလား?*

ဖုန်းသံမြည်ပါ၏။ ဖုန်းသံမြည်လိုက်သည့်အခါတိုင်း အဖြေ၏ အဓိပ္ပာယ်က Yesပင်။

***အကြာကြီး စကားပြောမယ်နော်။***

ဖုန်းသံ မမြည်တော့။ သူမ စိုးထိတ်သွားပါသည်။

***ဘာဖြစ်လို့လဲ? ဘာလဲ၊ ယှဉ် အိပ်လိုက်ရတော့မှာလား။***

ဟုတ်ပါ၏။ ဦးဝိဉာဏ်ခက သူမကို အနားယူစေချင်နေသည်ပင်။ သူမရေးချလိုက်ပြီးသည်နှင့် ဖုန်းသံမြည်လာတော့၏။ သူမ ကျေနပ်စွာ ပြုံးလိုက်မိပြန်သည်။

***ယှဉ်လေ . . . ဦးဉာဏ်နဲ့တွေ့ရဖို့အတွက် စာတွေကြိုးစားနေတယ်သိလား။ နောက်ပြီး ညတိုင်း ဦးဉာဏ်ကိုမှန်းပြီး ကန်တော့တယ်။ ယှဉ် အတတ်နိုင်ဆုံး ဦးဉာဏ်ရဲ့စကားကို နားထောင်မှာပါ။ အခု ဦးဉာဏ်သဘောအတိုင်း ယှဉ် အနားယူလိုက်တော့မယ်နော်။ Goodnight ဦးဉာဏ်။***

သူမ စာရေးချလိုက်ပြီး ခဏအတွင်း ဖုန်းသံမြည်လာ၏။ ထို့နောက် သူမ White boardမှစာတန်းများကို ဖျက်လိုက်ပါသည်။ ထို့နောက်တွင်တော့ သူမ အိပ်ရာဝင်လိုက်ပါတော့သည်။ သူမ အိပ်ရာမဝင်မီ ပတ်ဝန်းကျင်ကို အကဲခတ်လိုက်သေး၏။ ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်လွန်းနေ၏။

"ဦးဉာဏ်က ငါ့ကို ဘယ်ကကြည့်နေပါလိမ့်"

သူမ တွေးကြည့်၏။ မရနိုင်။ ထို့နောက် သူမ အိပ်ပျော်ရန်သာ ကြိုးစားလိုက်ပါတော့သည်။



မနက်စောစောတွင် သူမ အိပ်ရာမှနိုးလာခဲ့ပါသည်။ သူမတစ်ကိုယ်လုံး လန်းဆန်းတက်ကြွနေ၏။ သူမ တစ်ကိုယ်ရည်သန့်ရှင်းရေးလုပ်ပြီး အိမ်အောက်ထပ်သို့ ဆင်းလာခဲ့ပါသည်။ ထမင်းစားခန်းစားပွဲပေါ်တွင် ချောကလက်လေးတစ်ဘူးတင်ထားသည်ကို သူမ တွေ့လိုက်ရပါသည်။

"အန်တီ . . . ဒါက ဘယ်လိုလုပ်ရောက်နေတာလဲ"

"ဪ . . . မနက်စောစောက ကလေးလေးတစ်ယောက် လာပို့သွားတာ။ ဒီအိမ်ကမမကို ပေးပေးပါတဲ့?"

သူမ ဦးဝိဉာဏ်ခ၏ ဉာဏ်ကြီးပုံကိုတွေးကာ ပြုံးလိုက်မိ၏။

"ယှဉ်က ဘယ်ဆိုးလို့လဲ။ ကလေးတွေနဲ့လည်း သူငယ်ချင်းလုပ်တတ်တာပဲလား"

နံနက်စာကိုပြင်ဆင်နေရင်း ဒေါ်ဝတ်ရည်က သူမကိုပြော၏။ သူမ ပြုံးရင်းနှင့်ပင် တုံ့ပြန်လိုက်မိပါသည်။

"ဒါနဲ့ ညက ဖုန်းဘာဖြစ်နေတယ်မသိဘူးနော်။ မြည်လာလိုက်၊ တိတ်သွားလိုက်နဲ့။ လိုင်းပူးနေလို့လား မသိဘူး"



www.burmeseclassic.com

www.burmeseclassic.com

ဒေါ်ဝတ်ရည်က သူမနှင့်ဦးဝိဉာဏ်ခကြားက ဆက်သွယ်မှုကို နည်းနည်းလေးမျှ မသိရှာဘဲပြော၏။ သူမ ညက ဆက်သွယ်မှုရသည့်အတွက် ကျေနပ်လွန်း၍ ပြုံးလိုက်မိပါသည်။ ထို့နောက် ကိုယ့်မျက်နှာပိုးကို အရှိန်သတ်လိုက်ရသေး၏။

"အန်တီက သမီး စာကျက်ပျက်မှာစိုးရိမ်လို့ ဖုန်းကြိုးကိုတောင် ဆင်းပြီးဖြုတ်ထားမလို့"

"မလုပ်ပါနဲ့ အန်တီ။ မြည်ပါစေနော်၊ မဖြုတ်ပါနဲ့နော်"

သူမ လိုက်လိုက်လဲ့လဲ့ပင် လျင်မြန်စွာတားမြစ်လိုက်မိပါသည်။ သူမ၏အမူအရာကို ဒေါ်ဝတ်ရည်ကစိုက်ကြည့်ကာ အကဲခတ်လိုက်၏။

"ကြည့်စမ်း၊ ဒီနေ့မနက် ယုဉ်တစ်မျိုးဖြစ်နေတယ်နော်။ ဖုန်းကြိုးလေးဖြုတ်တာပဲ ဘာလို့ဒီလောက် ထိတ်ထိတ်လန့်လန့်နဲ့ တားတာလဲ?"

သူမ ထိုအခါမှ အမူအရာကိုသတိထားလိုက်မိပြီး ပြုံးလိုက်မိပါသည်။

"ညဖက် အရေးတကြီးဆက်သွယ်လို့မရမှာစိုးလို့ပါ။ တခြား ဘာမှ မဟုတ်ပါဘူးအန်တီရယ်"

"မသိပါဘူးတော်။ ထိတ်ထိတ်လန့်လန့်နဲ့"

သူမ ရှက်သွားမိ၏။ ကိုယ့်အမူအရာကိုပင် သတိမထားနိုင်တော့သည့် သူမအဖြစ်။ ဒေါ်ဝတ်ရည်ကို အနောက်မှသိုင်းကာ ဖက်လိုက်မိပါ၏။

"ကြည့်စမ်း . . . ။ ဒီကောင်မလေး ဒီနေ့ တော်တော်အူမြူးနေတယ်။ ဘာတွေလုပ်ထားလဲ?"

"မပြောဘူးနော်။ ကလေးဆိုတာ နေရာတကာ သိစရာမလိုပါဘူး အန်တီရယ်"

ဒေါ်ဝတ်ရည်၏ပါးကို ဖိကာနမ်းလိုက်ရင်း သူမ ပြန်ပြောလိုက်ပါသည်။



"ဟုတ်ပါပြီတော်။ တစ်ခုခုတော့ တစ်ခုခုပဲ။ ယုဉ်နိုင်းမီး ညည်းနော် ကျူပ်ကိုတော့ မလျှို့ဝှက်နဲ့"

"ဟီး . . . ဟီး . . ."

သူမ ပြန်မဖြေမိ။ ယနေ့နံနက် ပတ်ဝန်းကျင်မှ အရာအားလုံး လှပနေသလိုပင်။ သူမ ခြံထဲသို့ပြေးဆင်းသွားလိုက်မိပါသည်။ ထို့နောက် မြက်ခင်းစိမ်းပေါ်တွင် သူမစိတ်ကြိုက် ခုန်ပေါက်နေမိပြန်သေး၏။

"ပျော်လိုက်တာ၊ ပျော်လိုက်တာနော်။ အရမ်းကိုပျော်တာပဲ"

သူမ အားနှင့်လည်း အော်ဟစ်လိုက်ပါသေးသည်။ သူမကို ဒေါ်ဝတ်ရည်ကတော့ နားမလည်စွာ ထမင်းစားခန်းပြတင်းပေါက်မှ လှမ်းကြည့်နေ၏။

"ကဲ . . . အူမြူးတာ တော်တော့။ အခု မနက်စာစားမယ်၊ လာခဲ့။ ကျောင်းတက်ရဦးမယ် မဟုတ်လား?"

"ဟုတ် . . ."

"လာခဲ့တော့"

"အန်တီလာခဲ့၊ လာ . . . ဒီမှာ ပြေးတမ်းလိုက်တမ်းဆော့မယ်"

"ဆော့စရာလား?"

"ဆော့စရာပေါ့။ လာပါ"

"မလာပါဘူးတော်။ ဆော့စရာလား ဒီအရွယ်နဲ့"

"ဟင် . . . သမီးအန်တီက ဒီလောက်ငယ်သေးတာပဲ။ ဆော့လို့ရပါသေးတယ်"

"မဆော့ချင်ပါဘူးတော်။ မောတယ်"

"မပြေးတတ်လို့မောတာ။ လာရင်လာနော်၊ မလာလို့ကတော့ သမီးလာဆွဲခေါ်မှာ"

"မလုပ်ပါနဲ့ ယုဉ်ရယ်။ လာပါ မနက်စာလာစား"

"မရဘူး၊ အန်တီလာခေါ်"

"ဟင့်အင်း . . ."



www.burmeseclassic.com

www.burmeseclassic.com

ဘယ်လိုခေါ်ခေါ် ခေါ်မရသောဒေါ်ဝတ်ရည်အနားသို့ သူမ ပြေးသွားပြီး ဒေါ်ဝတ်ရည်၏ခါးကို လက်နှင့်တို့ကာ စ,နှောက်လိုက်၏။ ထို့နောက် သူမ ဒေါ်ဝတ်ရည်လက်ကိုဆွဲကာ ခြံထဲသို့ခေါ်ခဲ့လိုက်ပါသည်။ ခြံထဲတွင် ဒေါ်ဝတ်ရည်ကို ပတ်ပြေးကာဆော့ရင်း သူမ လွန်စွာကျေနပ်နေမိပါသည်။ ယနေ့နံနက် သူမ အဘယ့်ကြောင့် ထိုမျှလောက်အူမြူးနေသည်ကိုတော့ သူမကိုယ်တိုင်လည်း မသိတော့ချေ။ ထမင်းစားပွဲပေါ်တွင် တင်ထားသော ချောကလက်လေးကိုကြည့်လိုက်မိတိုင်းလည်း သူမ မရယ်ဘဲ မနေနိုင်။ အနည်းဆုံး သူမ ပြုံးလိုက်မိပါ၏။



သူမ White board၏အကူအညီနှင့် ဦးဝိဉာဏ်ခနှင့် ဆက်သွယ်ရလွန်စွာ လွယ်ကူနေပါတော့သည်။ White board မှတစ်ဆင့် သူမလိုချင်သည်များကို ပူဆာတတ်ပြီး ဦးဝိဉာဏ်ခကလည်း နေ့ပင်မကူးဘဲ သူမ ပူဆာသည်များကို ပို့ပေးရှာပါသည်။ စာကျက်ရင်းနှင့် အရင်တုန်းကလို တစ်ယောက်တည်း မပျင်းရတော့ချေ။ စာကျက်လို့ပျင်းသည်နှင့် ဦးဝိဉာဏ်ခနှင့် ဆက်သွယ်လိုက်ပါတော့သည်။

***G-mail သုံးလား ဦးဉာဏ်?***

သူမ ထိုစာကြောင်းရေးပြီး တစ်မိနစ်ကြာသည်အထိ ဖုန်းသံမကြားရ။ မသုံးဘူးဆိုသည့် သဘော။

***ဦးဉာဏ် မသုံးတာတော့ မဖြစ်နိုင်ဘူး။ ယုဉ်ကို G-mail လိပ်စာ မပေးချင်လို့ပဲဖြစ်မယ်။ ဒါပေမဲ့ အခုလည်းယုဉ်တို့က White mail နဲ့သုံးတာ အဆင်ပြေနေတာပဲလေ။ G-mail မသုံးလည်း ဖြစ်ပါတယ်။***

White Boardနှင့် စကားပြောနည်းကိုစခဲ့တုန်းက သူမသည် မေးခွန်းများကိုသာရေးခဲ့သော်လည်း နောက်ပိုင်းတွင်တော့ သူမ သိချင်သည်များနှင့် သူမဆန္ဒများကိုပါ ရေးချတတ်ပါသည်။ သို့သော် ထိုသို့ရေးချသော်လည်း ဖုန်းသံလေးက မြည်မလာချေ။



www.burmeseclassic.com

www.burmeseclassic.com

*ဦးဉာဏ် ယှဉ်ရေးလိုက်တဲ့စာတန်းကြောင့် ယှဉ် ရယ်လိုက်မိတယ်။ ဦးဉာဏ်ရော ရယ်မိလား။ White-mail ဆိုတာကိုလေ . . .*

သူမရေးချပြီး တစ်မိနစ်မပြည့်ခင်မှာပင် ဖုန်းလာပါသည်။

သူမအတွက် စာတန်းရေးချပြီး တစ်မိနစ်စောင့်ရသည်မှာ ကြာမြင့်လွန်းသလိုပင်။ ထို့ကြောင့် Yes. ဆိုသည့်အဖြေကို ပေးမည်ဆိုတိုင်း ဖုန်းကိုမြန်မြန်လေးဆက်ပေးပါရန် သူမ ဦးဝိဉာဏ်ခကို တောင်းဆိုထားခဲ့ပါသည်။

ကျောင်းမှလူများအကြောင်း၊ အခက်အခဲများ။ အားငယ်မှုများ။ သူမလိုချင်သည့်အရာများ စသည်များကို White Board မှတစ်ဆင့် ပြောနိုင်နေသောကြောင့် နောက်ပိုင်းနေ့ရက်များတွင် သူမနှင့် ဦးဝိဉာဏ်ခ ဆက်သွယ်ဖို့အတွက် ဒေါ်ဝတ်ရည်ပင် မလိုအပ်တော့ချေ။



နှစ်တိုင်း၊ နှစ်တိုင်း ယနေ့ရောက်လျှင် သူမ ငိုကျွေးရသည်သာ။ သက်တမ်းမစေ့မနေထိုင်လိုက်ရဘဲနှင့် ပေါ့ဆလွန်းသည့် ဆရာဝန်တစ်ယောက်လက်ချက်ကြောင့် လူ့လောကထဲမှ ထွက်ခွာသွားရသည့် သူမဖေဖေဦးကောင်းသန့်၏ သေဆုံးခြင်းနှစ်ပတ်လည်နေ့။

ထိုဆရာဝန်ကြောင့်ပင် သူမလည်း မိဘမဲ့ဘဝသို့ လျင်မြန်စွာရောက်ခဲ့ပါသည်။ ပြန်တွေးကြည့်လိုက်တိုင်း မနေ့ကလိုပင် ဖခင်ဆုံးရှုံးလိုက်ရသည့်ခံစားချက်သည် ယနေ့အထိ လျော့ပါးသွားခြင်းမရှိ။

အရင်နှစ်များတွင်တော့ ယနေ့ရောက်လျှင် ဒေါ်ဝတ်ရည်က သူမကို ကောင်းစွာအဖော်လုပ်ပေးပြီး နှစ်သိမ့်ပေးရှာပါသည်။ ယခုနှစ်တွင်တော့ သူမကိုနှစ်သိမ့်ပေးမည့်လူ နောက်ထပ်တစ်ယောက်တိုးလာပါသည်။ ဦးဝိညဏ်ခပင်။

နံနက်ပိုင်း ဘုရားသွား ကောင်းမှုကုသိုလ်လုပ်၊ ဥပုသ်စောင့်။ တစ်နေ့လုံး ဖခင်ကိုလွမ်းကာငိုချင်နေသည့်စိတ်ကို ညဖက် သူမအိပ်ခန်းထဲရောက်မှ အားကုန်ငိုလိုက်ရင်း ဖြေချလိုက်ပါတော့သည်။ ကုတင်အောက်တွင်ထိုင်ကာ ကုတင်ပေါ်တွင် မျက်နှာအပ်ငိုကျွေးနေသည့် သူမကို နှစ်သိမ့်ပေးသူ တစ်ယောက်မျှပင်မရှိ။



www.burmeseclassic.com

www.burmeseclassic.com

"ကလင် . . . ကလင် . . ."

ထိုစဉ် မထင်မှတ်ဘဲ သူမ ဖုန်းမြည်သံကို ကြားလိုက်ရပါသည်။ ဦးဝိညာဏ်ခနှင့် ဆက်သွယ်မိသည့်တစ်လျှောက်လုံးတွင် ဦးဝိညာဏ်ခဘက်မှ စ၍ဆက်သွယ်ခြင်းသည် ယနေ့ပထမဦးဆုံး ဖြစ်ပါ၏။

"ကလင် . . . ကလင် . . ."

ဝမ်းနည်းနေချိန်တွင် သူမအတွက် ဦးဝိညာဏ်ခထံမှ အဆက်အသွယ်ရလိုက်၍ သူမ ကျေနပ်မိပါသည်။

*ဦးညာဏ် ယုဉ်အရမ်းဝမ်းနည်းနေတယ်။*

သူမ စာတန်းလေးရေးလိုက်ပါသည်။ ထို့နောက် ဖုန်းမြည်သံလေးကြားရပြန်၏။

*ယုဉ်လေ ဒီနေ့ဆိုရင် အရမ်းငိုချင်တာပဲ။ ဦးညာဏ် ယုဉ့်ကို ကိုယ်ချင်းစာမိလား?*

ဖုန်းသံလေး မြည်လာပါသည်။

*ဦးညာဏ် ယုဉ်ငိုနေတာကိုမြင်ရလား?*

ဖုန်းသံမြည်လာပါသည်။ မြင်နေရသည်ပေါ့။

*ယုဉ် ဖေကြီးကို ဒီလိုနေ့ရောက်တိုင်း အရမ်းသတိရတာပဲ။ ဖေကြီးကို ဘာကြောင့်များ ကံကြမ္မာကြီးက ယုဉ့်ဆီကခေါ်သွားလဲ မသိဘူးနော်။*

*ယုဉ့်ဖေကြီးနဲ့ယုဉ့်ကို ဝေးအောင်လုပ်တဲ့လူကို ယုဉ် ဒီတစ်သက်မကျေဘူး။ ဖေကြီးအကြောင်း စဉ်းစားမိတိုင်း အဲ့ဒီဆရာဝန်ကို ယုဉ်သတ်ချင်နေတယ်။ အသေစားသေခြင်းပေါ့။*

မွန်းကျပ်နေသမျှကို White Board တွင် ချရေးလိုက်မိပါသည်။ သူမ ငိုရင်းငိုရင်း စာရေးနေသည်ကို ဦးဝိညာဏ်ခ တွေ့နိုင်ကောင်းပါ၏။



*ယုဉ့်ဆီကို ခဏလောက်ဖြစ်ဖြစ် လာခဲ့ပေးပါလား ဦးညာဏ်ရယ်။ ယုဉ်လေ ဦးညာဏ်ကိုတွေ့ရရင် ခံစားချက်တွေ နည်းနည်းလောက် သက်သာသွားမယ်ထင်လို့ပါ။*

သူမ၏ စာကြောင်းလေးဆုံးသွားတိုင်း မြည်နေကျဖုန်းသံသည် ယခုတစ်ခေါက်တော့ မမြည်တော့ပြန်။ ဦးဝိညာဏ်ခ သူမထံသို့ မလာနိုင်သေးဘူးဆိုသည့် သဘောပင်။

*ရပါတယ်။ ဘွဲ့ရတဲ့အထိပဲ ယုဉ် သည်းခံပြီးစောင့်ပါတော့မယ်။ ဘာပဲဖြစ်ဖြစ်ပါ၊ ယုဉ်တစ်ယောက်တည်း ခံစားနေရတဲ့အချိန်မှာ ယုဉ့်အတွက် အဖော်လုပ်ပေးလို့ ဦးညာဏ်ကို ကျေးဇူးတင်ပါတယ်။ အခု ယုဉ် အိပ်လိုက်သင့်ပြီလား?*

ဖုန်းသံလေးမြည်လာပါသည်။ အိပ်သင့်ပြီပေါ့။

*Goodnight ပါ ဦးညာဏ်ရယ်။ ယုဉ် အိပ်လိုက်ပါတော့မယ်။*

သူမ အခန်းမီးလေးပိတ်ပြီး အိပ်ရာဝင်လိုက်ပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

အချိန်များ တရွေ့ရွေ့ကုန်ဆုံးပြီး သူမ ဘွဲ့ယူသည့်နေ့သို့ ရောက်ခဲ့ပေပြီ။

သူမနှင့်ဦးဝိဉာဏ်ခသည်လည်း White Board မှတစ်ဆင့် အရင်ကထက် များစွာရင်းနှီးခဲ့ပြီးပြီပင်။ တစ်ယောက်အကြောင်းကို တစ်ယောက် ကောင်းစွာ သိခဲ့ကြပြီးပြီပင်။ နေ့တိုင်း အဆက်အသွယ်လုပ်မိနေသော်လည်း သူမ ယခုအချိန်ထိ ဦးဝိဉာဏ်ခ၏မျက်နှာကို မမြင်ဖူးသေးချေ။

"သမီး . . . ဘွဲ့ယူတဲ့အခမ်းအနားပြီးမှ ဦးဝိဉာဏ်ခ ရောက်လာမယ်တဲ့။ မနေ့ညက ဖုန်းဆက်တယ်"

မနေ့ညက ဦးဝိဉာဏ်ခသည် သူမနှင့်လည်း White Board မှတစ်ဆင့် စကားပြောကြပါသေးသည်။ နံနက်ပိုင်းစောစော သူမထံသို့ လာပါဟူသော သူမ၏တောင်းဆိုမှုအတွက် ဖုန်းသံလေးမပြည်ခဲ့ပေ။

"အင်းလေ . . . သမီးက စောင့်နေရုံကလွဲပြီး တခြားဘာမှ တတ်နိုင်တာမှမဟုတ်တာ"

အားလုံး အစီအစဉ်တကျပြင်ဆင်ပြီး သူမ ဘွဲ့ယူခဲ့ပါသည်။ ဘွဲ့ယူပြီးသော အတန်းသားနှင့်လည်းကောင်း၊ ဆရာ၊ ဆရာမများနှင့်လည်းကောင်း အတူဓာတ်ပုံတွဲရိုက်နေသည်အထိ ဦးဝိဉာဏ်ခ၏အရိပ်အယောင်ကိုပင် သူမ မတွေ့ရ။



"တချို့လူတွေတောင် ပြန်ကုန်ပြီသမီးရယ်"

ကားသံတစ်ခုကြားလိုက်တိုင်း ခါးလေးမတ်ကာမတ်ကာနှင့် မျှော်နေသောသူမကို ဒေါ်ဝတ်ရည်က သနားစွာပြောသော် သူမ ခေါင်းခါလိုက်မိပါ၏။

"သူလာမှာပါ အန်တီ၊ သမီးသိနေတယ်"

သူမ၏အကျင့်အတိုင်း ဖွဲ့မလျော့၊ စောင့်နေမိပါသည်။

ထိုစဉ် လူအများ၏ရယ်သံ၊ မောသံ၊ စကားပြောသံများအကြားမှ ခြေတစ်စုံ၏လှမ်းလျှောက်သံကို သူမ ကွဲပြားရှင်းလင်းစွာ ကြားလိုက်ရပါ၏။ ခြေသံလာရာ သူမ၏နောက်ကျောသို့ လှည့်ကြည့်လိုက်သော် လွန်စွာမှရုပ်ရည်သန့်ပြန့်ပြီး အသက်သုံးဆယ့်ငါး ပတ်ဝန်းကျင်ခန့်ရှိမည့် လူကြီးတစ်ယောက်သည် သူမကို မျက်ဝန်းစိုစိုများနှင့် ငေးကြည့်နေလေသည်။

"ဦးဉာဏ်"

ထိုလူ၏မျက်ဝန်းများကိုကြည့်ခြင်းနှင့်ပင် ထိုလူသည် သူမ၏ ဦးဝိဉာဏ်ခဖြစ်ကြောင်း ကောင်းစွာသိလိုက်ပါသည်။ သိလိုက်သည်နှင့် တစ်ပြိုင်နက် သူမ၏ခြေအစုံသည်လည်း ဦးဝိဉာဏ်ခထံသို့ လှမ်းသွားမိပါသည်။

"ဦးဉာဏ်"

သူမ မက်မောစွာခေါ်လိုက်တော့ ဦးဝိဉာဏ်ခက အေးချမ်းသည့် အပြုံးတစ်ခုကို သူမအတွက် ဖန်တီးပေးလိုက်ပါသည်။

သူမ တွေးထားသည့်အတိုင်းပင် သူမ ဘွဲ့ဝတ်စုံဝတ်ထားသော်လည်း ဘာမှဆက်မပြောတော့ဘဲ ဦးဝိဉာဏ်ခ၏အရှေ့ဖက်တွင် ဒူးထောက်ထိုင်လိုက်ပါသည်။ ပတ်ဝန်းကျင်ကိုပင် ဂရုမစိုက်တော့ဘဲ လက်ဆယ်ဖြာထိပ်မှာမိုးပြီး ဦးဝိဉာဏ်ခကို ရှိခိုးဦးချလိုက်ပါတော့သည်။

သူမ၏လုပ်ရပ်သည် အများအဖို့ အနည်းငယ်ကြောင်တောင်တောင်နိုင်မည်မှာ မှန်သော်လည်း နှစ်အကြာကြီး ကိုယ့်ကိုစောင့်ရှောက်သော



www.burmeseclassic.com

www.burmeseclassic.com

လူကို ပထမဦးဆုံး စတွေ့သည့်နေ့မှာ ထိုသို့ကန်တော့ရခြင်းကိုပင် သူမ လွန်စွာကျေနပ်နေမိပါ၏။ ဦးဝိဉာဏ်ခသည်လည်း သူမကို ပြုံးလျက်သာ ငေးကြည့်နေပြီး ကန်တော့ဦးချခြင်းကို မတားမြစ်ချေ။ ဒေါ်ဝတ်ရည်က တော့ အံ့သြမှင်သက်နေ၏။

"တစ်ဘဝလုံးစာအတွက် ကျေးဇူးအရမ်းတင်ပါတယ် ဦးဉာဏ်"

သူမ လှိုက်လှဲစွာပြောလိုက်သော် . . .

"ကျေးဇူးက မင်းလုပ်ရပ်ကြောင့် ကျေနေပါပြီကွယ်။ မင်းက အရမ်းတော်ပါတယ်။ ပြောတဲ့အတိုင်း လုပ်ပေးနိုင်တယ်"

ဦးဝိဉာဏ်ခ၏နှုတ်မှ သူမ ပထမဦးဆုံးကြားလိုက်ရသည်က သူမကို ချီးမွမ်းသည့်စကားလုံးပင် ဖြစ်ပါတော့သည်။



သူမ ရန်ကုန်ဆေးရုံကြီးတွင်ပင် House Surgeon ဆင်းရပါသည်။ သူမသည် ဦးဝိဉာဏ်ခကို တွေ့ချင်တဲ့အချိန်တိုင်း တွေ့နိုင်သည့်အခွင့်အရေးကိုလည်း ရသွားပြီဖြစ်ပါသည်။ ထို့ကြောင့် သူမသည် တစ်ရက်လျှင် အနည်းဆုံး တစ်ခေါက်လောက်တော့ ဦးဝိဉာဏ်ခထံသို့ အကြောင်းအမျိုးမျိုးရှာပြီး သွားတတ်ပါသည်။

ယနေ့လည်း သူမ ဆေးရုံတွင် Duty ရှိသော်လည်း သူငယ်ချင်းကို အကူအညီတောင်းပြီး ဦးဝိဉာဏ်ခနှင့်တွေ့ရန် ကော်ဖီဆိုင်သို့ ထွက်လာခဲ့လိုက်ပါသည်။

"အခုလာခဲ့နော် ဦးဉာဏ်။ ယုဉ်က အခု ကော်ဖီဆိုင်ကိုရောက်တော့မှာ"

သူမပူဆာသမျှကိုလည်း ဦးဝိဉာဏ်ခသည် ဖန်တီးပေးပါသည်။ သူမ ချိန်းသည့်နေရာတိုင်းကိုလည်း ဦးဝိဉာဏ်ခ ရောက်အောင်လာပေးရှာပါ၏။ သူမ ကော်ဖီဆိုင်ထဲသို့ဝင်သော် ဆိုင်ထဲတွင် ဦးဝိဉာဏ်ခရောက်ရှိနေပြီးဖြစ်ပြီး သူမအတွက် ကော်ဖီပင်မှာပေးပြီးသားဖြစ်နေ၏။

"ဦးဉာဏ်က အရမ်းတော်တာပဲနော်"

သူမ ထိုင်ခုံတွင်ဝင်ထိုင်လိုက်သည်နှင့် ချီးမွမ်းလိုက်မိပါသည်။



www.burmeseclassic.com

www.burmeseclassic.com

"ကော်ဖီသောက်လိုက်ပါဦး"

"ဟုတ်ကဲ့"

ဦးဝိဉာဏ်ခမှာပေးထားသော ကော်ဖီမှာ သူမအကြိုက် Cappuccino ကော်ဖီပင်။ သူမ နှစ်ခြိုက်စွာ သောက်လိုက်မိပါသည်။

"ဦးဉာဏ်က အရမ်းတော်တာပဲနော်။ ယုဥ်ပူဆာတဲ့အရာတိုင်းကို ရအောင်လုပ်ပေးတတ်တယ်။ နောက်ပြီး အဲ့ဒီပူဆာတဲ့ပစ္စည်းတွေကိုလည်း ယုဥ့်အနားကို ရောက်အောင်ပို့ပေးတယ်နော်"

သူမ တကယ်ပင် ကျေနပ်စွာချီးကျူးနေတဲ့အခါတိုင်း ဦးဝိဉာဏ်ခသည် သူ့အကျင့်အတိုင်း ပြုံးရုံသာ တုံ့ပြန်တတ်ပါ၏။

"ဘာပြောစရာရှိလို့ ခေါ်တာလဲ ယုဥ်နှိုင်းမီ"

"ယုဥ့်ဆီကို ထီးအဝါရောင်လေးတွေက ဦးဉာဏ်ပို့တာမဟုတ်လား"

ဦးဝိဉာဏ်ခ ပြန်မဖြေပါ။ မေးခွန်းကိုပင် မသိသလိုလုပ်နေ၏။

"ဦးဉာဏ် မဖြေချင်ဘူးလား?"

"အင်း . . . မဖြေချင်ဘူး။ ဖြေဖို့လည်း လိုမှမလိုတာ"

"ဒါပေမဲ့ ထူးဆန်းတာက ယုဥ့်ဆီကို အဲ့ဒီထီးလေးတွေက အခုချိန်ထိရောက်နေသေးတယ် သိလား ဦးဉာဏ်။ တကယ်လို့ ယုဥ့်ဘဝအတွက် လက်တွဲဖော်ရွေးမယ်ဆိုရင် ယုဥ့်ကို အဲ့လိုစောင့်ကြည့်ပြီး အရာရာဖြည့်ဆည်းပေးတဲ့လူကိုပဲ ရွေးချယ်မိမှာ"

နောင်တရင်းရှင်းနှင့်ပင် သူမပြောလိုက်သော် ဦးဝိဉာဏ်ခသည် သူမကို ငေးငေးလေးကြည့်နေရှာပါသည်။

"ကော်ဖီသောက်ပြီးရင် ဦးဉာဏ်အိမ်ကို လိုက်လည်ချင်တယ်"

"Duty ရှိတယ် မဟုတ်လား"

"ယုဥ့်မှာ Duty ရှိတယ်ဆိုတာ ဦးဉာဏ် ဘယ်လိုလုပ်သိလဲ?"

သူမအနားတွင် အမြဲလိုလိုရှိနေတတ်သူမှာ ဦးဝိဉာဏ်ခပင်ဖြစ်ကြောင်း သူမ တစ်ထစ်ချ ယုံကြည်နေပါသည်။ ဦးဝိဉာဏ်ခ၏ ထူးခြား



ချက်မှာ သူမမေးသည့်မေးခွန်းတိုင်းကို မဖြေခြင်းပင်ဖြစ်သည်။ မဖြေချင်သောမေးခွန်းများအတွက် သူမကိုငေး၍သာ ကြည့်နေတတ်သော ဦးဝိဉာဏ်ခ၏ မျက်ဝန်းနက်နက်များကို ငေးကြည့်မိတိုင်း သူမ ရင်ခုန်သံတွေ မြန်မြန်သွားရ၏။

ရိုးသားစွာတဲ့အကြည့်တစ်ချက်တိုင်းမှာ
ဖြစ်ပေါ်တဲ့ ရင်ခုန်သံအဓိပ္ပာယ်တို
ရှာဖွေကြည့်မယ်ဆိုရင်
24 နာရီလုံး
ကျွန်မ အားလပ်တော့မည်မဟုတ်။



www.burmeseclassic.com

www.burmeseclassic.com

"ဦးဉာဏ်မှာ အိမ်ထောင်ရှိလား အန်တီ"

ရင်ထဲမှမမျိုသိပ်နိုင်သည့်အဆုံး ဒေါ်ဝတ်ရည်ကို သူမ မေးလိုက်မိပါသည်။ ထိုအခါ သိုးမွေးထိုးနေသော ဒေါ်ဝတ်ရည်သည် သူမကို အံ့သြစွာ ငေးကြည့်နေပါ၏။

"ဘာဖြစ်လို့လဲ အန်တီ။ သမီးမေးခွန်းမှာ ဘာများအံ့သြစရာပါလို့လဲဟင်"

"သမီးက ဘာ့ကြောင့်သိချင်တာလဲကွယ်"

"နောက်ပြီး အန်တီနဲ့ဦးဉာဏ်ဆိုရင် အန်တီကအသက်ကြီးပေမဲ့ ဘာဖြစ်လို့ ဦးဉာဏ်ကို ဦးဝိဉာဏ်ခလို့ ခေါ်တာလဲ?"

"ဒါကတော့ ရိုသေမှုနဲ့ပေါ့ကွယ်"

"ဦးဉာဏ်မှာ အိမ်ထောင်ရှိလားအန်တီ"

"မရှိပါဘူးကွယ်။ သမီးရဲ့ဦးဉာဏ်က ငယ်ငယ်ကတည်းက ရည်းစားထားတယ်လို့လည်း အသံမကြားမိဘူး။ တစ်ယောက်တည်း အေးအေးသာနေတတ်တာ သူ့အကျင့်ပဲကွယ့်"

ဖြစ်နိုင်လျှင် သူမသည်လည်း ဒေါ်ဝတ်ရည်ကဲ့သို့ပင် ဦးဝိဉာဏ်ခ၏ အနီးဆုံးလူသားတစ်ယောက် ဖြစ်ချင်နေမိပါသည်။



"ဦးဉာဏ်အသက် ဘယ်လောက်ကတည်းက အန်တီနဲ့တွေ့တာလဲ?"

"ငါးနှစ်လောက်ကဖြစ်မယ်။ အန်တီက ဦးဉာဏ်တို့အိမ်ရဲ့ ဘဏ္ဍာထိန်းလေ"

"ဦးဉာဏ်ငယ်ငယ်တုန်းကလည်း အခုလို ချစ်ဖို့ကောင်းလား အန်တီ"

အသည်းယားစွာမေးလိုက်သော သူမမေးခွန်းကိုနားထောင်ရင်း ဒေါ်ဝတ်ရည် မျက်လုံးအဝိုင်းသားနှင့် သူမကိုငေးကြည့်လိုက်၏။

"အခုလိုချစ်ဖို့ကောင်းလားလို့ မေးလိုက်တာလားယုဉ်"

မေးပြီးမှ သူမစကားလုံး၏အဓိပ္ပာယ် လွန်သွားပြီမှန်း သတိထားလိုက်မိပါသည်။

"ဟို . . . ဟိုလေ . . ."

ဒေါ်ဝတ်ရည်တစ်ယောက် သူမကို သူခိုးဖမ်းသည့်မျက်လုံးများနှင့် စိုက်ကြည့်ရင်း . . .

"ယုဉ် . . . သမီး . . . ဦးဝိဉာဏ်ခအပေါ်မှာ ဟို . . ."

ဟု မေးချင်သည်ကို ထစ်ထစ်ငေါ့ငေါ့မေးလိုက်ပါသည်။ ဒေါ်ဝတ်ရည်၏မေးခွန်းကို သူမ အဆုံးထိနားမထောင်ရသော်လည်း မေးခွန်းကို ကောင်းစွာသဘောပေါက်မိပြီး ကျေနပ်စွာပြုံးလိုက်မိပါသည်။

"ဟုတ်လား ယုဉ်၊ ပြောပါဦးကွယ်။ အန်တီမေးတာ ဟုတ်လား?"

"အန်တီ့မေးခွန်းက ဘာလဲဟင်?။ မေးခွန်းက အဆုံးမှမသတ်သေးဘဲ"

"အန်တီ ဘယ်လိုမေးရမှာလဲ?။ ဒါပေမဲ့ မေးခွန်းအဓိပ္ပာယ်ကို ယုဉ်သိနေပါတယ်ကွယ်"

"ယုဉ်လေ . . . အခု ဦးဉာဏ်ကို အရမ်းခင်တွယ်နေမိတယ်ဆိုတာ ဝန်ခံရဲပါတယ်"



www.burmeseclassic.com

www.burmeseclassic.com

"ဘုရား . . . ဘုရား . . ."

ဒေါ်ဝတ်ရည် အံ့သြလွန်း၍ ဘုရားပင် တ,လိုက်ပါတော့သည်။

"နောက်ပြီး သမီး . . . ဦးဉာဏ်ကို . . . ဟို . . . ဟို . . ."

ပြောရင်း သူမ ရင်ခုန်သံများလွန်စွာဆူညံလာပြီး လျှင်မြန်လာသော ကြောင့် ရင်ဘတ်လေးကို သူမလက်ဖဝါးလေးနှင့် ဖိလိုက်မိပါသည်။

"ရင်တွေခုန်လိုက်တာ အန်တီရယ်။ ရင်ခုန်လွန်းလို့ ခေါင်းတောင် မူးချင်တယ်"

သူမစကားကို အံ့သြခြင်းကြီးစွာနှင့် နားထောင်နေသူကတော့ ဒေါ်ဝတ်ရည်ပင်။ နောက်ထပ် မည်သည့်စကားတစ်ခွန်းမျှလည်း ထပ်မမေးတော့ချေ။



ယနေ့ သူမကို တိုင်ပင်စရာရှိသည်ဟုပြောကာ မချိန်းစဖူးချိန်းသော ဦးဝိဉာဏ်ခနှင့်တွေ့ရန် သူမ ထွက်ခဲ့လိုက်ပါသည်။ ဦးဝိဉာဏ်ခအတွက် Parker ဖောင်တိန်လေးတစ်ချောင်းကို လက်ဆောင်အဖြစ် သူမ ဝယ်ခဲ့ပါသေးသည်။

"ဦးဉာဏ်အတွက် . . ."

ထိုင်ခုံတွင် ဝင်ထိုင်လိုက်သည်နှင့် သူမ ဖောင်တိန်လေးကို စားပွဲပေါ်တင်ပေးရင်း ဦးဉာဏ်ကိုပေးလိုက်ပါသည်။ ဦးဉာဏ်သည် ဖောင်တိန်လေးကို မြတ်နိုးစွာယူလိုက်ပါသည်။

"ကျေးဇူးပဲ ယုဉ်နှိုင်းမီ။ ဒါနဲ့ ဘာအထိမ်းအမှတ်နဲ့လဲ?"

"ဒီနေ့ မနက်ကတည်းက ဦးဉာဏ်ကိုအရမ်းသတိရနေတာနဲ့ပဲ သတိရတဲ့အထိမ်းအမှတ်နဲ့ ဝယ်လိုက်တာ"

ရင်ခုန်သံများ၏ အဓိပ္ပာယ်ကို သူမ ကောင်းစွာနားလည်ပါ၏။ ထို့ကြောင့် ထိုရင်ခုန်သံများကို အသက်သွင်းရန် သူမ ကြိုးစားနေခြင်းပင်။ မိန်းကလေးဖြစ်နေသောကြောင့် ကိုယ့်ဘက်ကစဖွင့်ပြောရမည်မှာလည်း လွယ်ကူမည့်အလုပ်မဟုတ်ပြန်။

"ဦးဉာဏ် သဘောကျရဲ့လား?"



www.burmeseclassic.com

www.burmeseclassic.com

ဖောင်တိန်လေးကိုကြည့်ကာ ဦးဉာဏ်ကိုစိုက်ကြည့်ရင်း မေးလိုက်ပါသည်။

"အင်း . . . ကျပါတယ်။ မင်းကို ဦးဉာဏ် ပြောစရာရှိတယ်"

"ပြောလေ၊ ယုဥ်နားထောင်နေပါတယ်"

"အခု မင်းမှာ ရည်မှန်းထားတဲ့လူရှိလား?"

တည်ငြိမ်လှသောမေးခွန်းကြောင့် သူမ ခေါင်းလေးဆတ်ခနဲ ထောင်သွားရ၏။ ဦးဝိဉာဏ်ခ ဘာရည်ရွယ်ချက်နှင့်မေးသနည်း။

"မရှိပါဘူး ဦးဉာဏ်"

သူမကို ဦးဝိဉာဏ်ခက ဘဝတစ်ခုလုံးစာ စောင့်ရှောက်သွားဖို့ တောင်းဆိုပါက (သို့မဟုတ်) သူမကို ချစ်ရေးဆိုပါက တစ်ထိုင်တည်းပင် အဖြေပြန်ပေးဖို့ သူမ ဆုံးဖြတ်ပြီးသားပင်။

"ဦးဉာဏ်မှာ မင်းနဲ့သင့်တော်မယ်လို့ထင်တဲ့ လူတစ်ယောက်ရှိတယ်။ သူက လူကောင်းတစ်ယောက်ပါ။ စီးပွားရေးနယ်ပယ်မှာလည်း အတော်လေးအောင်မြင်နေတဲ့ လူတစ်ယောက်ပါ။ စာရိတ္တလည်း ကောင်းတယ်"

ဦးဝိဉာဏ်ခသည် သူမမျှော်လင့်ထားသည်နှင့် ကွဲပြားခြားနားသော စကားများကို ပြောလိုက်ပါသည်။

"ဘာအတွက် ယုဥ်ကို ဒီစကားတွေလာပြောနေတာလဲ ဦးဉာဏ်"

"မင်းဘဝအတွက် လိုအပ်တာအားလုံးကို ဦးဉာဏ်က ဖန်တီးပေးရမယ်လေကွယ်။ မဟုတ်ဘူးလား?"

သူမ မည်သည့်စကားမျှ ဆက်မပြောလိုတော့ပါ။ သူမ၏ရင်ထဲမှ ခံစားချက်များကို ဦးဝိဉာဏ်ခ မမြင်ပေဘူးလား။ မြင်အောင် သူမ မည်သို့ ပြောရမည်နည်း။

"ကောင်းပြီလေ . . . ။ ဦးဉာဏ်ပြောတဲ့လူနဲ့တွေ့ဖို့ ယုဥ်ကြိုးစားပါဦးမယ်"



"ကျေးဇူးတင်ပါတယ် ယုဥ်နိုင်းမီ"

"ယုဥ်ကို ခွင့်ပြုပါဦး ဦးဉာဏ်။ ယုဥ် ကိစ္စလေးတွေရှိသေးတယ်"

ခါတိုင်း ဦးဉာဏ်ပြန်မည်ပြောမှ ဆိုင်မှထပြန်တတ်သော သူမသည် ယခုတစ်ခါတွင်တော့ ဦးဉာဏ်ထက်အရင် ဆိုင်မှထပြန်ခဲ့လိုက်ပါသည်။ သူမ ဦးဉာဏ်ကို စိတ်ဆိုးနေမိပါသည်။



www.burmeseclassic.com

www.burmeseclassic.com

"သမီးရယ် . . . ဦးဉာဏ်က သမီးကို တာဝန်အရမေးတာရော မဖြစ်နိုင်ဘူးလား?"

ရင်ထဲမှခံစားချက်နှင့်အတူ ဒေါ်ဝတ်ရည်အရှေ့မှာပင် သူမ မျက်ရည်များကျနေမိပါသည်။

"ဘာပဲဖြစ်ဖြစ် မမေးသင့်ဘူးလို့ သမီးထင်တယ်အန်တီ။ သမီးရဲ့ ခံစားချက်တွေကို ဦးဉာဏ်မမြင်ဘူးလား?။ သူနဲ့ဆက်သွယ်ရမယ်ဆိုရင် မနက်ဖြန်စာမေးပွဲရှိတာကိုတောင် အရေးမစိုက်ဘဲ ညဖက်အိပ်ရေးအပျက်ခံပြီး ဆက်သွယ်ခဲ့တာ။ သူတောင်းဆိုတဲ့အတိုင်း တစ်သဝေမတိမ်းလုပ်ပေးခဲ့တာ။ အဲ့ဒါတွေကို ဦးဉာဏ်မမြင်ဘူးလား အန်တီရယ် . . . ပြောပါဦး"

ဒေါ်ဝတ်ရည်ကိုဖက်ရင်းနှင့်ပင် သူမ မျက်ရည်တွေတွေကျရင်း မေးလိုက်မိပါသည်။

"ယှဉ်လေးရယ်၊ သူ့ဘက်ကလည်း ပြန်စဉ်းစားကြည့်လေ။ ယှဉ်ကို သူကမွေးစားခဲ့တာလေ။ ယှဉ်ဖြစ်ချင်တဲ့အတိုင်း ဦးဉာဏ်နဲ့ယှဉ်တို့ ဒီထက်မြင့်တဲ့ ဆက်ဆံရေးတစ်ခုခုကို အဆင့်တက်လိုက်ကြမယ်ဆိုရင် ပတ်ဝန်းကျင်က ဘာပြောမလဲ?"



"ပတ်ဝန်းကျင်ကို ယှဉ်အရေးမစိုက်ဘူး အန်တီ။ ဘာဖြစ်လို့လဲဆိုတော့ ဖေကြီးဆုံးပြီး ခိုလှုံရာမဲ့နေတဲ့အချိန်တုန်းက အဲ့ဒီပတ်ဝန်းကျင်ဆိုတဲ့အရာကြီးက ယှဉ်ကို မိဘမဲ့ကျောင်းကို ပို့ပစ်လိုက်ဖို့ ဆုံးဖြတ်ခဲ့ကြတယ်လေ"

သူမ ခံစားချက်များအတိုင်း ရင်ဖွင့်လိုက်ပါတော့သည်။

"ဒါပေမဲ့ ဦးဝိဉာဏ်ခကတော့ ပတ်ဝန်းကျင်ဆိုတာကြီးကို ထည့်တွက်နေတယ်လို့ အန်တီထင်တယ်။ ကိုယ်မွေးတဲ့ကလေးကို ကိုယ်ကပြန်ပြီး အို . . . ပြောဖို့တောင် မသင့်တော်တဲ့အနေအထားကြီး တစ်ခုကို မဖန်တီးချင်ပါနဲ့လား ယှဉ်ရယ်နော်"

"အန်တီရယ် . . . သမီးလေ ဒီတစ်သက်မှာ တစ်ခါပဲရင်ခုန်ဖူးဝါတယ်။ အဲ့ဒီရင်ခုန်သံက ဦးဉာဏ်က စခဲ့ရတာပါ။ တကယ်လို့ ဦးဉာဏ်ကြောင့်ပဲ အဲ့ဒီရင်ခုန်သံကို မြေမြှုပ်ပစ်ရမယ်ဆိုရင် တရားပါ့မလား အန်တီ။ စဉ်းစားပေးပါ"

"သမီးဘာပဲပြောပြောပါ။ ဦးဝိဉာဏ်ခကတော့ ရှေ့ကိုတိုးမှာမဟုတ်ဘူး"

သူမပြောရန် မည်သည့်စကားလုံး ရှိပါတော့မည်နည်း။

"ဦးဉာဏ်အရှေ့မတိုးဝံ့ဘူးဆိုတိုင်း သမီး အလျှော့ပေးမှာမဟုတ်ဘူး အန်တီ။ ဦးဉာဏ် အရှေ့မတိုးတိုးအောင် သမီးဖန်တီးမယ်"

ရင်ထဲမှ ခိုင်မာလှသောရင်ခုန်သံများကို အားကိုးရင်း သူမ ခိုင်ခိုင်မာမာပြောလိုက်သော် ဒေါ်ဝတ်ရည်ထံမှ သက်ပြင်းချသံတစ်ခုကို သူမ ကြားလိုက်ရပါသည်။

"သမီး ဦးဉာဏ်ကို အရမ်းချစ်မိနေပြီ အန်တီ။ အဲ့ဒါ အသေချာဆုံးပဲ။ သမီး ရဲရဲကြီးကို ရှေ့ဆက်တိုးမှာပါ"



www.burmeseclassic.com

www.burmeseclassic.com

ငယ်စဉ်ကတည်းက ငွေကြေးအမြောက်အမြားအကုန်ခံပြီး သူမဘဝကို တာဝန်ယူခဲ့သော ဦးဝိဉာဏ်ခသည်လည်း သူမအပေါ်တွင် ခံစားချက်မဲ့နေလိမ့်မည်ဟု သူမမထင်ပါ။ သူမနှင့်ထပ်တူ ခံစားချက်များ လေးနက်နေကြောင်းကို ဦးဝိဉာဏ်ခ၏မျက်ဝန်းများကို ကြည့်လိုက်တိုင်း သူမသိနေခဲ့သည်ပဲ။ ဦးဉာဏ် ဘာကြောင့် ရှေ့တိုးဖို့တွန့်ဆုတ်နေတာလဲ?။

"ဦးဉာဏ်ပြောတဲ့လူနဲ့တွေ့ဖို့ ယုဉ်ငြင်းပါတယ်"

ဦးဝိဉာဏ်ခ ရုံးခန်းထဲတွင်အလုပ်ရှုပ်နေခိုက် သူမ ဦးဝိဉာဏ်ခရုံးခန်းထဲသို့ဝင်သွားကာ သူမ၏ဆန္ဒကို ပွင့်လင်းစွာပြောလိုက်သော် ဦးဝိဉာဏ်ခ နားမလည်သောမျက်လုံးများနှင့် သူမကို ငေးကြည့်နေ၏။

"နောက်ပြီး လောလောဆယ် ယုဉ် ဘယ်သူ့ကိုမှစိတ်မဝင်စားဘူး ဦးဉာဏ်။ ဒီတော့ ယုဉ့်အတွက် အိမ်ထောင်ဖက်ရှာမယ့်ကိစ္စကို ဦးဉာဏ် လက်လျှော့လိုက်ပါတော့"

သူမဘက်မှ ခံစားချက်များကို ပွင့်လင်းစွာ ပြောချလိုက်ပါတော့သည်။

"ထိုင်ပါဦး ယုဉ်နှိုင်းမိ"



ရုံးခန်းထဲဝင်ဝင်ချင်းပင် ကိုယ်ပြောချင်သည့်စကားများကို အားတင်းကာပြောလိုက်သောကြောင့် သူမ ထိုင်ရန်ပင် မေ့လျော့နေ၏။ ဦးဝိဉာဏ်ခပြောမှ သူမ ထိုင်လိုက်ပါသည်။

"ဘာဖြစ်လို့ အိမ်ထောင်ဖက်ရွေးတဲ့ကိစ္စကို ငြင်းနေရတာလဲ ယုဉ်နှိုင်းမိရယ်။ နောက်ပြီး ယုဉ်နှိုင်းမိရဲ့အရွယ်က ဘဝအတွက်လိုအပ်တာတွေ စဉ်းစားရတော့မယ်လေ။ မဟုတ်ဘူးလား?"

သူမသည်သာ အလျင်လိုနေသော်လည်း ဦးဝိဉာဏ်ခကတော့ ပကတိတည်ငြိမ်စွာပြောနေ၏။

"ယုဉ့်အတွက် ဘာဖြစ်လို့ ဒီလောက်တောင်အဆုံးထိတွေးပြီး စီစဉ်ပေးချင်နေတာလဲ ဦးဉာဏ်"

ဦးဝိဉာဏ်ခ၏မျက်နှာသို့ စေ့စေ့ကြည့်ရင်း သူမ မေးလိုက်သော် ဦးဝိဉာဏ်ခ မျက်လွှာချရင်း သူမအကြည့်ကို ရှောင်လိုက်ပါသည်။

"ယုဉ်နှိုင်းမိဘဝတစ်ခုလုံးကို ဦးဉာဏ်က တာဝန်ယူထားတာလေ။ ဒီတော့ ယုဉ်နှိုင်းမိအတွက်စိတ်ပူပြီး အကောင်းဆုံးဖြစ်အောင် စီစဉ်ပေးတာပါ"

"ယုဉ့်ကိုကြည့်ပါဦး ဦးဉာဏ်"

မျက်လွှာချရင်းပြောနေသော ဦးဝိဉာဏ်ခကို သူမ မျက်နှာပြောင်တိုက်ပြီးပြောလိုက်သော် ဦးဝိဉာဏ်ခသည် သူမပြောသည့်အတိုင်း သူမမျက်ဝန်းကို မဝံ့မရဲလှမ်းကြည့်လိုက်၏။

"ယုဉ့်ဘဝတစ်ခုလုံးစာယူထားတဲ့ တာဝန်ကိုကျေချင်တယ်ဆိုရင် ဘာဖြစ်လို့ ဦးဉာဏ်ကိုယ်တိုင်ပဲ ယုဉ့်ကို တစ်သက်လုံးစောင့်ရှောက်ဖို့ မတောင်းဆိုတာလဲ ဦးဉာဏ်"

"ယုဉ်နှိုင်းမိ . . ."

ရဲတင်းစွာပြောလိုက်သော သူမစကားကို ဦးဝိဉာဏ်ခ တားမြစ်မည်ပြင်လိုက်စဉ် သူမနာမည်ခေါ်လိုက်သည်နှင့်တစ်ပြိုင်နက် လက်ကာပြရင်း သူမ တားလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

"ယုဉ် ဆက်ပြောပါရစေ။ ယုဉ့်ဘဝတစ်ခုလုံးကို တာဝန်ယူခွင့်ရှိတဲ့ ယောကျ်ားက ဒီလောကမှာ တစ်ယောက်တည်းရှိတယ်။ အဲ့ဒါ ဦးဉာဏ်ပဲ။ ယုဉ့်အိမ်ထောင်ဖက်ကို ဦးဉာဏ်ကိုယ်တိုင်ရွေးပေးမယ့် အစား ဦးဉာဏ်ပဲ . . ."

"တော်စမ်း ယုဉ်နှိုင်းမီ"

"တစ်သက်လုံး ဦးဉာဏ်စကားကိုပဲ နားထောင်ခဲ့တာပါ။ ဒီတစ်ခါ တော့ ဦးဉာဏ်စကားကို ယုဉ်နားမထောင်ပါရစေနဲ့။ ယုဉ်လေ . . ဦးဉာဏ်ကလွဲပြီး . . ."

"ယုဉ်နှိုင်းမီ . . . အခုချက်ချင်း ဦးဉာဏ်ရဲ့ရုံးခန်းထဲက ထွက် သွားပေးပါ။ အခုချက်ချင်း ထွက်သွားပါ"

သူမကို မျက်နှာချင်းမဆိုင်ဘဲပြောနေသော ဦးဝိဉာဏ်ခအနားမှ သူမထွက်လာခဲ့ပါတော့သည်။ သို့သော် သေချာနေသည်က သူမသည် ဦးဝိဉာဏ်ခတစ်ယောက်တည်းကိုပင် လွန်စွာချစ်မိနေခြင်းပါ။ ထိုကဲ့သို့ မောင်းထုတ်လိုက်ရုံလေးနှင့်တော့ သူမ၏အချစ်များ လျော့သွားလိမ့်မည် မဟုတ်။



သူမ ယခုရက်ပိုင်းအတွင်းတွင် ဦးဝိဉာဏ်ခထံသို့ ဆက်သွယ်မှု များကို ရပ်လိုက်ပါသည်။ ထို့အပြင် သူမ အိမ်တွင်ပင် နေထိုင်ပါ၏။ ဒေါ်ဝတ်ရည်သည်လည်း ယခုရက်ပိုင်း သွေးတိုးပြန်ထ,နေပါသေး၏၊ ထို့ကြောင့် သူမ အပြင်မထွက်မိချေ။ လိုအပ်သည်များကို ဦးတင့်နှင့် သာဝယ်ခိုင်းပြီး သူမ အိမ်တွင်သာနေကာ ဒေါ်ဝတ်ရည်ကို စောင့်ရှောက် နေလိုက်ပါတော့သည်။

"အန်တီ . . . အငန်လျော့စားကြရအောင်နော်"

ဒေါ်ဝတ်ရည် သွေးတိုးတက်လာလျှင် လွန်စွာ စိုးရိမ်ရပါသည်။ အပေါ်သွေး180နှင့် အောက်သွေး60ရှိနိုင်ပါသည်။ ထိုအခါ သူမ လျှင် မြန်စွာပင် သွေးကျဆေးထိုးပေးရပါ၏။ ထို့ကြောင့် သူမလည်း အပြင် သို့ သိပ်မထွက်ဖြစ်ပေ။

"ဦးဝိဉာဏ်ခကို သမီးဘာဖြစ်လို့ ဖုန်းမဆက်တာလဲ?"

"သူကမေးလို့လား အန်တီ"

"အင်း . . . မေးတယ်။ နောက်ပြီး သမီးဖုန်းကိုလည်း မျှော်နေရှာ တယ်"



www.burmeseclassic.com

www.burmeseclassic.com

သူမသည်သာ ဦးဝိဉာဏ်ခနှင့် အဆက်အသွယ်ဖြတ်ထားသော်လည်း ဒေါ်ဝတ်ရည်နှင့် ဦးဝိဉာဏ်ခကတော့ ဖုန်းအဆက်အသွယ် အမြဲရှိနေပါ၏။

"မျှော်ရတာ တော်တော့်ကိုပင်ပန်းတယ်ဆိုတာ သူသိသွားလောက်ပြီထင်ပါရဲ့ အန်တီ"

"ဒီလိုလဲ ဘယ်ဟုတ်ပါ့မလဲကွယ်။ သူက လူကြီးဆိုတော့ . . ."

"လူကြီးက လူငယ်ကိုလှည့်စားတာတော့ ဘယ်ကောင်းမလဲ အန်တီရယ်။ ကဲပါ ယှဉ့်အန်တီရယ်၊ ကိုယ့်ကျန်းမာရေးကိုပဲ ဂရုစိုက်ပါနော်။ ယှဉ် ဦးဉာဏ်ကိစ္စကို ဆက်ထိန်းထားလိုက်ပါ့မယ်။ နောက်ပြီး ယှဉ်လည်း ဦးဉာဏ်ကို အရမ်းသတိရနေပြီလေ"

သူမ ပွင့်လင်းစွာဝန်ခံလိုက်သော် ဒေါ်ဝတ်ရည်က သူမနဖူးလေးကို လက်သီးနှင့်ဖွဖွထုရင်း . . .

"တော်တော်တတ်ပါ့ ယှဉ်နှိုင်းမီ"

ဟု ပြောလိုက်ပါသည်။

သူမ အပြုံးနှင့် ဒေါ်ဝတ်ရည်ကိုဖက်လိုက်မိသည်။ ယခုရက်ပိုင်းအတွင်း သွေးတိုးတက်လာပြီး ဒေါ်ဝတ်ရည်ကျန်းမာရေးက သိသိသာသာ ယုတ်လျော့လာပါသည်။

ထို့ကြောင့် သူမလည်း အချိန်တိုင်း ဒေါ်ဝတ်ရည်အနားတွင်နေပြီး စောင့်ရှောက်ပေးနေမိပါတော့သည်။

သွေးတိုးက ရုတ်တရက် လူ့အသက်ကိုအန္တရာယ်ဖြစ်စေနိုင်သည့် ရောဂါပင်မဟုတ်ပါလား။



## အခန်း (၂)

သူမ မည်သို့မျှမထင်မှတ်ထားသည့် အပြောင်းအလဲကြီးတစ်ခုကို ကံကြမ္မာကြီးက သူမအတွက် ဒုတိယအကြိမ် ဖန်တီးပေးလိုက်ပြန်သည်။ ဒေါ်ဝတ်ရည်ကို သူမဘဝထဲမှ သေခြင်းတရားကြီးက ဆွဲခေါ်သွားပြန်သည်။ သူမ မည်သို့မျှမထင်မှတ်ထားသည့် အနေအထားပင်ဖြစ်ပါသည်။

"အန်တီ အိပ်ငိုက်လို့ ခဏလောက်ဖြစ်ဖြစ် လှဲလိုက်ဦးမယ်နော်"

ဟုဆိုကာ အိပ်လိုက်သောဒေါ်ဝတ်ရည်သည် ညနေမိုင်းရောက်သည်အထိ ပြန်မနိုးလာသောကြောင့် သူမသွားနှိုးသော် အသက်မဲ့နေသောဒေါ်ဝတ်ရည်၏ ကိုယ်ခန္ဓာကိုသာ တွေ့လိုက်ရပါတော့သည်။

ဒေါ်ဝတ်ရည်ဆုံးသွားသည့်နေ့က ဦးဝိဉာဏ်ခသည် ပထမဦးဆုံးအနေနှင့် သူမတို့အိမ်သို့ ရောက်လာခဲ့ပါသည်။ ထို့နောက် ဒေါ်ဝတ်ရည်ကိစ္စအဝဝကို ဦးဝိဉာဏ်ခက အားလုံးတာဝန်ယူကာ ဆောင်ရွက်ပေးပါသည်။

ဒေါ်ဝတ်ရည်၏ ဈာပနကိစ္စလုပ်နေစဉ်တွင် ဦးဝိဉာဏ်ခသည် သူမ၏အိမ်သို့ အဝင်အထွက်လုပ်သော်လည်း သူမက ဦးဝိဉာဏ်ခကို စကား



www.burmeseclassic.com

www.burmeseclassic.com

ပြောခွင့်မပေးပါ။ ဦးဝိဉာဏ်ခကလည်း စကားပြောနိုင်ရန် မကြိုးစားပြန်။ ရက်လည်ဆွမ်းသွတ်ခြင်း၊ ဘုန်းကြီးပင့်ဖိတ် တရားနာခြင်းများ ပြုလုပ်ပြီးသည့်နောက်ပိုင်းတွင် ဦးဝိဉာဏ်ခသည် သူမအတွက် နေရေးထိုင်ရေးကိစ္စကို သေချာစွာ စဉ်းစားပေးရှာပါသည်။

"နေဖို့ထိုင်ဖို့ကိစ္စက အဆင်ပြေပါတယ် ဦးဉာဏ်။ နောက်ပြီး ယှဉ်က ကားကိုလည်း ကောင်းကောင်းမောင်းနိုင်နေပြီဆိုတော့ ဦးတင့်ကိုလည်း ဦးဉာဏ်ပြန်ခေါ်ထားလိုက်ပါ"

ဒေါ်ဝတ်ရည်အတွက် ဝမ်းနည်းနေသည်ကတစ်ကြောင်း၊ သူမဦးဝိဉာဏ်ခကို ကောင်းစွာ စကားမပြောချင်သည်က တစ်ကြောင်းတို့ကြောင့် မျက်မှောင်ကုတ်လျက်ပင် ဦးဝိဉာဏ်ခကို ဆက်ဆံနေမိပါသည်။

"ဒါပေမဲ့ မိန်းကလေးတစ်ယောက်တည်း နေဖို့ထိုင်ဖို့ကျတော့ . ."

"ရပါတယ် ဦးဉာဏ်"

"မင်းကရတယ်ဆိုပေမဲ့ မသင့်တော်ဘူးလေ ယှဉ်နှိုင်းမီ။ မင်းအတွက် အဖော်ရအောင် မိန်းကလေးတစ်ယောက်လောက်ဖြစ်ဖြစ် ခေါ်ထားမှဖြစ်မယ်"

"တကယ်လို့ ယှဉ်တစ်ယောက်တည်းဖြစ်နေမှာ တကယ်စိုးရိမ်တယ်ဆိုရင်တော့ ယှဉ် တခြားဘယ်သူ့ကိုမှ မခေါ်ထားချင်ပါဘူး ဦးဉာဏ်။ ဦးဉာဏ်ပဲ ယှဉ့်အိမ်မှာ လာနေပေးပါ"

သူမ တည်တံ့စွာပင် တောင်းဆိုလိုက်သော် ဦးဝိဉာဏ်ခသည် သူမထံမှ အကြည့်လွှဲလိုက်ပြီး ထိုင်နေသည့်စားပွဲမှ ထ,ထွက်သွားပါသည်။ သူမ၏တောင်းဆိုမှုကို လစ်လျူရှုလိုက်သည့်သဘောပင်။ သူမလည်း မည်သို့မျှ ဆက်ပြောမနေတော့ချေ။

ထိုသို့ သူမ၏မဖြစ်နိုင်သော တောင်းဆိုမှုကြောင့် ဦးဝိဉာဏ်ခသည် သူမ၏နေထိုင်ခြင်းအတွက် မည်သို့မျှထပ်မမေးတော့ချေ။

ጙ ጙ ጙ



ဒေါ်ဝတ်ရည် ဆုံးပါးသွားပြီးနောက်တွင်တော့ သူမသည် အိမ်တွင် တစ်ယောက်တည်းပင် နေထိုင်ပါတော့သည်။ ဦးတင့်ကိုလည်း မလိုအပ်ပါဟူသော သူမ၏စကားအတိုင်း ဦးဝိဉာဏ်ခသည် ပြန်ခေါ်သွားလေသည်။

တစ်ယောက်တည်းနေသော သူမသည် ဦးဝိဉာဏ်ခထံသို့ ဖုန်းဆက်ခြင်းကို အရှင်းမလုပ်တော့ချေ။ အဆက်အသွယ်ရပ်ထားသော်လည်း ဦးဝိဉာဏ်ခဘက်မှ မည်သို့မျှ ထူးခြားမလာချေ။ ထို့အတွက် သူမ အကြံအိုက်နေပါ၏။

သူမကို ဦးဝိဉာဏ်ခဘက်မှ သံယောဇဉ်ကြီးမားသည်ကိုလည်း သူမသိနေပါလျက်နှင့် နေနိုင်လွန်းသည့် ဦးဝိဉာဏ်ခ၏လုပ်ရပ်ကို သူမ မည်သို့မျှ နားမလည်နိုင်တော့ချေ။ သူမ မည်သို့ဆောင်ရွက်မှ သူမဘက်မှခံစားချက်များကို ဦးဝိဉာဏ်ခ လက်ခံပေးပါမည်နည်း။ တွေးတိုင်း သူမ သက်ပြင်းမောလေးများ ချနေမိပါတော့၏။

"ငါ . . . ဘာဆက်လုပ်သင့်လဲ?။ ဘာဆက်လုပ်နိုင်ဦးမှာလဲ ယှဉ်နှိုင်းမီ။ ဦးဉာဏ်ရဲ့အချစ်ကိုရဖို့ နင် ဘယ်လိုဆက်လုပ်သင့်လဲ?"

ထိုမေးခွန်းကို အချိန်တိုင်းစဉ်းစားနေရင်း နောက်ဆုံးတွင်တော့ သူမ အကောင်းဆုံးအဖြေတစ်ခုကို စဉ်းစားနိုင်သွားပါတော့သည်။ ထိုစဉ်းစားမိသည့်အတိုင်း အကောင်အထည်ဖော်ရန် သူမ ဆုံးဖြတ်လိုက်မိပါတော့သည်။

ጙ ጙ ጙ



www.burmeseclassic.com

www.burmeseclassic.com

သူမအစီအစဉ်၏ ပထမဦးဆုံးခြေလှမ်းကို သူမ စလှမ်းလိုက်သည့်နှင့်တစ်ပြိုင်နက် ထိုနေ့မှာပင် သူမထံသို့ ဦးဝိဉာဏ်ခ ဖုန်းဆက်လာပါတော့၏။ ထို့ကြောင့် သူမ၏အစီအစဉ်သည် အရာထင်ကောင်းထင်နိုင်သည်ဟုတွေးကာ သူမ လွန်စွာ ကျေနပ်မိပါတော့သည်။

"ဆေးရုံမှာ Dutyမဝင်တာ နှစ်ရက်ရှိပြီဆို ယုဉ်နှိုင်းမီ။ ဘာဖြစ်လို့ Duty တွေ ပျက်နေတာလဲ?။ နေမကောင်းဖြစ်လို့လား?"

ဦးဝိဉာဏ်ခံအသံမှာ အရင်အတိုင်းအေးစက်နေသော်လည်း နွေးထွေးသည့်မေတ္တာများ၊ စိုးရိမ်စိတ်များပါဝင်နေကြောင်း သူမ အလိုလိုသိနေပါ၏။

"ဒီအတိုင်းသက်သက် Duty ဖျက်လိုက်တာပါ ဦးဉာဏ်။ ဆေးရုံသွားချင်စိတ် မရှိလို့ပါ"

"ဘာဖြစ်လို့လဲ ယုဉ်နှိုင်းမီ။ ဆေးရုံမှာ မင်းကို စိတ်အနှောင့်အယှက်ဖြစ်စေမယ့် ကိစ္စတစ်ခုခုဖြစ်နေလို့လား?"

"ယုဉ်စိတ်ကိုက အနှောင့်အယှက်ဖြစ်နေတော့ အလုပ်ဝင်ဖို့လည်း စိတ်မပါလို့ပါ။ ဒါပဲနော် ဦးဉာဏ်။ ယုဉ် ဖုန်းချလိုက်တော့မယ်"



တကယ်တော့ ဦးဝိဉာဏ်ခနှင့် သူမ စကားဆက်ပြောချင်နေပါသေးသည်။ သို့သော် ကိုယ့်အစီအစဉ်အတိုင်း သူမ လိုက်နာရမည်ပင်။ သူမ ဖုန်းချလိုက်ရပါသည်။

သူမသည် အလုပ်ပျက်ကွက်ခြင်း၊ ဦးဝိဉာဏ်ခကို အဆက်အသွယ်ဖြတ်ခြင်းများပြုလုပ်ခြင်းဖြင့် ဦးဝိဉာဏ်ခ၏အချစ်ကို ထွက်ပေါ်လာအောင် ဖန်တီးမည်ဟု စီစဉ်ထားပါ၏။



www.burmeseclassic.com

www.burmeseclassic.com

သူမအစီအစဉ်လေးသည် အတော်ပင် အသက်ဝင်လှပါသည်။ သူမ ဆေးရုံသို့မသွားသည်မှာ လေးရက်ကြာသွားပြီပင်။ သူမ ဘာလုပ်သည်၊ ဘယ်သွားသည်ကို အတိအကျသိနေသော ဦးဝိဉာဏ်ခလည်း သူမ ဆေးရုံသို့မသွားသည်နှင့် ချက်ချင်းပင်ဖုန်းဆက်၏။ ယခု လေးရက်မြောက်သောနေ့တွင်တော့ သူမအိမ်သို့ ဦးဝိဉာဏ်ခကိုယ်တိုင် ရောက်လာပါသည်။

ရောက်လာသည့် ဦးဝိဉာဏ်ခ၏မျက်ဝန်းတွင် စိုးရိမ်မှုအရိပ်အယောင်များ ပြည့်နှက်နေသော်လည်း ဟန်ဆောင်ကောင်းလှသော ဦးဝိဉာဏ်ခ၏အမူအရာများကတော့ ပင်ကိုအတိုင်း အေးစက်နေ၏။

"ဘာကိစ္စရှိလို့လဲ ဦးဉာဏ်"

"နေမကောင်းဖြစ်နေလို့လား ယုဉ်နှိုင်းမီ"

ဦးဉာဏ်ကို သူမ ဧည့်ခန်းထဲတွင်ပင် ဧည့်ခံလိုက်ပါသည်။

"ကော်ဖီသောက်ပါဦးလား?"

"ကော်ဖီသောက်ဖို့ လာခဲ့တာမဟုတ်ဘူး ယုဉ်နှိုင်းမီ"

"ယုဉ်က ဦးဉာဏ်ကို ကော်ဖီဖျော်တိုက်ဖို့တောင် အခွင့်အရေးမရှိတော့ဘူးလား?"



သူမမေးခွန်းကို ဦးဝိဉာဏ်ခမဖြေပါ။ သူ့အကျင့်အတိုင်း လစ်လျူရှုလိုက်၏။

"ခဏစောင့်နော်။ ယုဉ် ကော်ဖီယူလာခဲ့မယ်"

သူမ နောက်ဖေးသို့ဝင်ကာ ကော်ဖီဖျော်ကာယူလာပြီး သူ့ထံသို့ပေးလိုက်ပါသည်။

"ကော်ဖီသုံးဆောင်ပါဦး ဦးဉာဏ်"

သူ ကော်ဖီယူသောက်လိုက်ပါသည်။

"ပြောပါဦး၊ နေလည်းကောင်းရဲ့သားနဲ့ ဘာ့ကြောင့် ဆေးရုံမသွားရတာလဲ?"

"တကယ်တော့ ယုဉ် ဆရာဝန်အဖြစ်ကပါ အပြီးအနားယူဖို့ စဉ်းစားထားပါတယ် ဦးဉာဏ်"

သူမစကားကြောင့် သူ ထိတ်ထိတ်ပျာပျာဖြစ်သွားလေသည်။

"ဘာအတွက်လဲ ယုဉ်နှိုင်းမီ"

"ကိုယ်ဖြစ်နေတဲ့ခံစားချက်ကိုတောင် မကုနိုင်တဲ့ယုဉ်လိုလူက ဆရာဝန်တစ်ယောက်ဖြစ်နေဖို့ မထိုက်တန်ပါဘူး ဦးဉာဏ်"

သူမစကားက သူ့ကို ချောင်ပိတ်လိုက်သလိုနှယ်။ သူမကို ငေးကြည့်နေ၏။

"ယုဉ် ဆရာဝန်မလုပ်ချင်တော့ဘူး ဦးဉာဏ်။ ကိုယ့်ဘာသာ အေးအေးပဲနေချင်ပြီ။ တစ်ချိန်လုံး စာတွေကြိုးစား၊ အခုလည်း ပျော်ရွှင်ရမယ့်အချိန် မရှိပြန်ဘူး။ နေ့တိုင်းလိုလို ခွဲစိတ်ခန်းနဲ့ နှစ်ပါးသွားနေရတဲ့ဘဝကို စိတ်ပျက်လာပြီ"

"မင်းကြောင့် လူနာတွေ အသက်ရှင်ရတယ်လေ ယုဉ်နှိုင်းမီ။ သူတို့ မင်းကြောင့် အသက်ချမ်းသာရာ ရကြတယ်လေ"

"ဒါပေမဲ့ ကျွန်မမပျော်ဘူး ဦးဉာဏ်။ ကျွန်မဖြစ်ချင်နေတဲ့ဘဝက အဲ့လိုမဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com

သူမ ပြတ်သားစွာပင်ပြောလိုက်သော် သူသည် သူမကိုငေးငေးလေး ကြည့်နေမိပါတော့သည်။

"ယုဉ် ဘာဖြစ်ချင်နေတာလဲဆိုတာ မမေးတော့ဘူးလား ဦးဉာဏ်"

သူ့အကျင့်အတိုင်း တိတ်ဆိတ်နေ၏။

"ယုဉ့်အပေါ်မှာ ဦးဉာဏ်တကယ်ပဲ ခံစားချက်မဲ့နေတာလား ဦးဉာဏ်"

"မမေးသင့်တဲ့မေးခွန်းတွေကို မမေးစမ်းနဲ့ ယုဉ်နှိုင်းမီ"

သွေးအေးအေးနှင့်ပင် သူ တားမြစ်ပြန်၏။

"ယုဉ် ငယ်ငယ်ကတည်းက တစ်ဘဝလုံးရဲ့တာဝန်ကို မငြီးမငြူယူခဲ့တဲ့ ဦးဉာဏ်က ယုဉ့်အပေါ်မှာ ခံစားချက်မရှိဘူးဆိုတာ မဖြစ်နိုင်တဲ့ကိစ္စပါ။ ယုဉ်က မမေးသင့်တဲ့မေးခွန်းမေးတာမဟုတ်ပါဘူး။ ဦးဉာဏ် မဖြေချင်တဲ့မေးခွန်းကို မေးလိုက်မိတာပါ။

သူ့မျက်ဝန်းကို သေချာစွာစိုက်ကြည့်ပြီး သူမပြောချင်သည်များကို ပြောလိုက်ပါသည်။

"ယုဉ့်ဘဝတစ်ခုလုံးကို ဦးဉာဏ်စောင့်ရှောက်ပေးပါ။ ယုဉ့်ကို ဦးဉာဏ်လက်ထပ်ပါ။ တကယ်လို့ ဦးဉာဏ်က ယုဉ့်ကိုမချစ်ဘူးဆိုရင်လည်း လက်ထပ်ပါ ဦးဉာဏ်။ ဦးဉာဏ်ရင်ထဲက သံယောဇဉ်အတိမ်အနက်ကို ယုဉ်ကောင်းကောင်းသိတယ်"

"ယုဉ်နှိုင်းမီ . . . မင်း ပတ်ဝန်းကျင်ကို ထည့်မတွက်တော့ဘူးလား?"

"ယုဉ့်ခံစားချက်တွေကို ပတ်ဝန်းကျင်ကြောင့် မြေမြှုပ်ပစ်လိုက်ရမှာလား ဦးဉာဏ်?"

ဦးဝိဉာဏ်ခ မျက်နှာလွှဲလိုက်၏။

"မေးတဲ့မေးခွန်းကိုဖြေပါ ဦးဉာဏ်ရယ်။ ဦးဉာဏ် ယုဉ့်အပေါ်မှာ နည်းနည်းလေးမှ ခံစားချက်မရှိဘူးလား?"

ဦးဝိဉာဏ်ခ နှုတ်ဆိတ်နေသေး၏။



"ယုဉ်ကတော့ ဦးဉာဏ်ကို အရမ်းချစ်တယ်။ ဦးဉာဏ်က ယုဉ့်ကို လက်မခံဘူးဆိုရင်တော့ အခု ယုဉ်ရောက်နေတဲ့ ဘဝတစ်ခုလုံးကို စွန့်လွှတ်လိုက်တော့မယ်။ ယုဉ် နောင်တရမှာ မဟုတ်ပါဘူး။ အရင်ကတည်းက ယုဉ်နှိုင်းမီဆိုတဲ့မိန်းကလေးက ဘာမှမရှိတဲ့ဘဝက လာတာပါ"

သူမစကားလုံးများက ပြာဖုံးနေသော ဦးဝိဉာဏ်ခ၏ခံစားချက်များကို ယပ်ခပ်ပေးလိုက်နိုင်ပါသည်။

"ယုဉ်နှိုင်းမီ . . . အဲ့လိုမလုပ်ပါနဲ့နော်။ ဦးဉာဏ် ရူးလိမ့်မယ်"

"ဒါဆို ဦးဉာဏ် ယုဉ့်ကိုလက်ခံလိုက်ပါနော်။ ဦးဉာဏ် ယုဉ့်ကို ချစ်တယ်ဆိုတာ ယုဉ်ကောင်းကောင်းသိတယ်"

"ပတ်ဝန်းကျင်က ကဲ့ရဲ့ကြလိမ့်မယ်"

"သူတို့ကို လစ်လျူရှုလိုက်ပါ ဦးဉာဏ်ရယ်။ နော် . . ."

သူမ ဦးဝိဉာဏ်ခ၏မျက်ဝန်းများကို ငေးငေးလေးကြည့်ရင်း တောင်းပန်လိုက်ပါသည်။ သူမမျက်ဝန်းတွင် အချစ်ကြောင့်ဖြစ်ပေါ်လာသည့် မျက်ရည်စတို့ကို ဦးဝိဉာဏ်ခ မြင်လိုက်ရပါတော့သည်။

"ယုဉ်နှိုင်းမီ . . . ငိုနေတာလား?"

"ငိုရုံတင်မကဘူး။ ယုဉ်လေ . . . သေတောင်သေချင်တာ"

"မပြောပါနဲ့ ယုဉ်နှိုင်းမီ၊ မင်းသေဖို့ မပြောပါနဲ့"

သူမကို ဦးဝိဉာဏ်ခ ထိတ်လန့်စွာတားမြစ်လိုက်ပါသည်။ ထိုအခါ ဦးဝိဉာဏ်ခမျက်ဝန်းတွင်လည်း မျက်ရည်များရှိနေကြောင်း သူမ တွေ့လိုက်ရပါသည်။

"ဦးဉာဏ် . . . ယုဉ့်ကိုချစ်တယ်မဟုတ်လား"

ဦးဝိဉာဏ်ခ၏မျက်ဝန်းကို စိုက်ကြည့်ရင်း သူမ ရဲရင့်စွာမေးလိုက်ပါသည်။

"မင်းကို ငါအရမ်းချစ်တာပါ ယုဉ်နှိုင်းမီ။ မင်းကို ယုဉ်နှိုင်းမီမှန်း မသိခင်ကတည်းက၊ မင်းငိုသံသဲ့သဲ့လေးကို ကြားလိုက်ရကတည်းက ငါ့နှလုံးသားတစ်ခုလုံးတုန်လှုပ်ပြီး မင်းကိုချစ်မိခဲ့တာပါ"



www.burmeseclassic.com

www.burmeseclassic.com

ဦးဝိဉာဏ်ခ သူမကိုငေးငေးလေးကြည့်ရင်း ဝန်ခံလိုက်စဉ်ဝယ် ဦးဝိဉာဏ်ခမျက်ဝန်းမှ မျက်ရည်ပေါက်များလည်း လိမ့်ဆင်းလာပါတော့၏။ သူမ ဦးဝိဉာဏ်ခကို ကျေနပ်စွာကြည့်ရင်း ထိုင်ရာမှထ,ကာ ထိုင်နေသော ဦးဝိဉာဏ်ခ၏ကျောဘက်မှ ကျေနပ်စွာ သိုင်းဖက်လိုက်ပါတော့သည်။

"ကျေနပ်လိုက်တာ ဦးဉာဏ်ရယ်။ ယုဉ်ကိုချစ်နေတာကို ဝန်ခံပေးလို့ ကျေးဇူးတင်လိုက်တာ"

သူမ သိုင်းဖက်ရင်းပြောလိုက်စဉ် သူမ၏မျက်ရည်ပေါက်များသည် ဦးဝိဉာဏ်ခပခုံးလေးပေါ်သို့ စုန်ဆင်းသွားပါတော့သည်။

"ငါ့ကိုချစ်မိတဲ့အတွက် မင်း နောင်တရလိမ့်မယ် ယုဉ်နှိုင်းမီ"

ဦးဝိဉာဏ်ခသည် သူမဖက်ထားသည်ကို မရုန်းထွက်ဘဲ လေးလံစွာ ပြောလိုက်ပါသည်။

"ဟင့်အင်း . . . ဘာနောင်တမှ ရမှာမဟုတ်ဘူး။ ယုဉ်အရမ်းချစ်တဲ့ ဦးဉာဏ်ကို နောင်တကင်းကင်းနဲ့ ချစ်မှာပါ ဦးဉာဏ်။ စိတ်ချ"

သူမကို ဦးဝိဉာဏ်ခ မည်သို့မျှမတုံ့ပြန်တော့ချေ။ ထိုစဉ် သူမနှင့်သူရှိနေသော အခန်းလေးသည်လည်း တိတ်ဆိတ်နေပြီဖြစ်ပါသည်။ မျက်ရည်များနှင့် ကျေနပ်စွာပြုံးရင်း ဦးဝိဉာဏ်ခကို မလွတ်တမ်းသိုင်းဖက်ထားသူကတော့ ယုဉ်နှိုင်းမီပင်ဖြစ်ပါတော့သည်။



"ပြောပါဦးယုဉ်၊ ဒီနေရာကို ဘာလို့ချိန်းတာလဲ ?"

ကားရပ်ရခက်ခဲလှသော ဗန္ဓုလတံတားအလယ်ခေါင်သို့ သူမ ချိန်းဆိုလိုက်သောကြောင့်ပင်ဖြစ်သည်။

"ကားရပ်ရတာလည်း တော်တော့်ကိုခက်တယ် ယုဉ်"

သူမချိန်းသည့်အတိုင်း ဦးဝိဉာဏ်ခရောက်လာ၍ သူမ တကယ်ပင်ကျေနပ်လှပါသည်။

"ဦးဉာဏ် . . . ယုဉ့်ကားလည်း ဒီလိုပဲရပ်ထားတာပဲလေ"

သူမပြောသော် ဦးဝိဉာဏ်ခ သူမကားလေးကိုလှမ်းကြည့်၏။ ထို့နောက် ကားပေါ်မှဆင်းလာလေသည်။

"ကားက ဘာဖြစ်လို့လဲ ?"

သူမကားလေး Bonnet ဖုံးဖွင့်ထားသည်ကိုကြည့်ကာ မေးလိုက်ပါသည်။

"မျက်လှည့်ပြထားတာလေ။ ဒါမှ ကားပျက်လို့ ရပ်ထားတယ်ထင်။ ဦးဉာဏ်ရဲ့ Bonnet ကိုလည်းဖွင့်လိုက်"

"ဟောဗျာ . . ."

ဦးဝိဉာဏ်ခသည် သူမ၏ဉာဏ်များပုံကိုကြည့်ကာ ပြုံးလိုက်ပါ၏။

"တစ်ခါတလေလည်း အရမ်းသဘောကျတယ်ဆိုရင် ရယ်ဖူးတယ်ရှိအောင် ရယ်ကြည့်ပါလား ဦးဉာဏ်ရယ်"

Bonnet ဖုံးဖွင့်နေသော ဦးဝိဉာဏ်ခကိုကြည့်ကာ သူမ အားမလိုအားမရ ပြောလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

"ကဲ . . . အခု ဘာဆက်လုပ်မလဲ?"

"လမ်းလျှောက်မယ်"

သူမ သွက်သွက်လေးပင် ဦးဝိညာဏ်ခ၏ လက်လေးတစ်ဖက်ကို လှမ်းကိုင်ရင်း တံတားတစ်လျှောက် လမ်းလျှောက်ခဲ့ပါတော့သည်။

"ညနေခင်းလေးက ကြည်နူးစရာလေးနော် ဦးညာဏ်"

"အင်း . . ."

"ယုဉ်ချစ်သူလေးရှိနေလို့ ပိုပြီး ကြည်နူးဖို့ကောင်းနေတာလားမသိဘူး"

ဦးဝိညာဏ်ခ သဘောကျစွာ ပြုံးလိုက်ပါသည်။ သူမတို့ တံတားအလယ်လောက်ရောက်သော် ရပ်လိုက်ကြပါသည်။ ထို့နောက် ပုဇွန်တောင်မြစ်အတွင်းတွင် ခုတ်မောင်းနေသော သင်္ဘောများကို ကြည့်နေမိကြတော့သည်။

"ဒီလို တံတားပေါ်လမ်းလျှောက်ရမယ်လို့ ဘယ်သူသင်ပေးထားတာလဲ ယုဉ်"

"ဦးညာဏ်လေ . . ."

"ဘယ်လို?"

"နောက်တာပါ။ ယုဉ်တွေးကြည့်ပြီး ဦးညာဏ်ကို ဖုန်းဆက်လိုက်တာ"

"သြော် . . ."

သူမ တံတားလက်တန်းဘောင်သို့တင်ထားသော သူမလက်လေးမှ အမာရွတ်အဖြူရောင် အစင်းလေးကို မြင်တွေ့လိုက်မိပါသည်။

"ဦးညာဏ် . . . ယုဉ် ဘယ်လိုလုပ် ဒီအမာရွတ်ရခဲ့တာလဲဆိုတာ ဦးညာဏ်သိလား?"

ဦးဝိညာဏ်ခသည် သူမကိုပြန်မဖြေဘဲ ငေးငေးလေးကြည့်နေ၏။

"ဦးညာဏ် . . . မေးတာလည်း ဖြေပါဦး"



သူမကိုကြည့်နေသော ဦးဝိညာဏ်ခတစ်ယောက် သူမပြောမှ အာရုံရသွားသလိုနှင့် သက်ပြင်းချလိုက်ပါသည်။

"ယုဉ် မမှတ်မိဘူးလား?"

"မမှတ်မိဘူး ဦးညာဏ်။ ဦးညာဏ် ယုဉ်ကိုစတွေ့တုန်းက ဒီအမာရွတ်က ရှိနေပြီလား?"

"ဦးညာဏ် မသိဘူး"

သက်ပြင်းချရင်းဖြေလိုက်သော ဦးညာဏ်၏အဖြေကို သူမ ဘဝင်မကျပါ။

"မသိဘူးဆိုတာက မမြင်တာလား?။ ဒါမှမဟုတ် သတိမထားမိတာလား?"

"ဦးညာဏ် မသိဘူးလို့ပဲ ဖြေပါရစေနော်။ နောက်ပြီး ဘာဆက်မေးချင်သေးလဲ?။ မမေးချင်ဘူးဆိုရင် ဦးညာဏ်ပြန်ချင်ပြီ"

သူမ မေးခွန်းများကို ရပ်တန့်လိုက်ရန် ချက်ချင်းပင် ဆုံးဖြတ်လိုက်ပါ၏။ သို့တည်းမဟုတ် ရခဲလှစွာသော သူမနှင့် ဦးဝိညာဏ်ခတို့၏ အချိန်များ ကုန်ဆုံးသွားမည်ကို စိုးရိမ်သောကြောင့်ပင်။

"မမေးတော့ဘူး။ ဟုတ်ပြီလား။ ဦးညာဏ်လည်း မပြန်နဲ့ဦး။ ဒီမှာ လမ်းလျှောက်ပြီးရင် ယုဉ်တို့ တစ်နေရာရာကို သွားကြမယ်၊ ပြီးရင် ဆိုင်တစ်ဆိုင်ဆိုင်မှာ ယုဉ်ကို ညစာလိုက်ကျွေး။ ပြီးရင် အိမ်ပြန်ကြမယ်။ ဟုတ်ပြီလား?"

ဦးဝိညာဏ်ခ ခေါင်းညိတ်ရုံသာညိတ်ပြီး ဖြေ၏။ သို့သော် ထိုအဖြေအတွက် သူမ ကျေနပ်လိုက်ပါ၏။ တစ်ဆက်တည်းမှာပင် ဦးဝိညာဏ်ခ၏ ဘယ်ဖက်လက်ဖဝါးလေးကို သူမ အသာအယာ လှမ်းကိုင်လိုက်ပါတော့သည်။

ညနေခင်းလေးက သူမတို့နှစ်ယောက်အတွက် သာယာလွန်းနေပါ၏။



www.burmeseclassic.com

www.burmeseclassic.com

သူမ နေ့ရက်များက ဆေးရောင်စုံခြယ်သ,ထားသော လှပသည့် ပန်းချီကားလေးတစ်ချပ်လိုပင် သာယာလှပါ၏။ သူမအလိုချင်ဆုံး ဦးဝိဉာဏ်ခ၏ အချစ်များကို သူမ ပိုင်ဆိုင်နေပြီမဟုတ်ပါလား။ အချိန်တိုင်း ဦးဝိဉာဏ်ခထံသို့ သူမ ဖုန်းဆက်နေတတ်ပါသည်။

ထို့အပြင် အကြောင်းအမျိုးမျိုးပြကာလည်း ဦးဝိဉာဏ်ခ၏ရုံးခန်းသို့ သွားတတ်ပါသည်။ သူမ ပြုမူသမျှတို့ကို ပြုံးရုံသာ တုံ့ပြန်တတ်သူကတော့ ဦးဝိဉာဏ်ခပင်ဖြစ်ပါသည်။ ယခုလည်း သူမ အိမ်လိုက်လည်ချင်ပါသည်ဟူသော ပူဆာမှုကြောင့် ညနေဆေးရုံမှဆင်းသော ဦးဝိဉာဏ်ခနှင့်အတူ ဦးဝိဉာဏ်ခ၏အိမ်သို့ လိုက်ခဲ့လိုက်ပါသည်။

တကယ်တော့ သူမလွန်စွာရောက်ချင်သည့် ဦးဝိဉာဏ်ခ၏အိမ်သည် သူမ၏ရပ်ကွက်အတွင်းတွင်ပင် ရှိပါသည်။

“အန်တီက နှုတ်လုံလိုက်တာ ဦးဉာဏ်ရယ်။ ယုဉ့်ကို တစ်ခါမှ မပြောပြဘူး”

ဦးဝိဉာဏ်ခ၏ခြံဝန်းထဲသို့ ကားမောင်းဝင်ခဲ့စဉ်က သူမ တအံ့တသြ ပြောသော် ဦးဝိဉာဏ်ခက သူ့ထုံးစံအတိုင်း ပြုံးရုံသာပြုံးနေ၏။

“ဦးဉာဏ် . . . ဦးဉာဏ်အတွက် ယုဉ် ကော်ဖီဖျော်ပေးမယ်နော်”



ဦးဝိဉာဏ်ခ၏အိမ်တွင် ဦးတင့်လည်းနေထိုင်ပါသည်။ ဧည့်ခန်းထဲသို့ရောက်သည်နှင့် သူမက ကော်ဖီဖျော်ရန် သွက်သွက်လေးပြောသော်—

“ဖျော်လေ . . . ဒီဖက်ကနေသွားရင် နောက်ဖေးကိုရောက်တယ်”

ဟု ဦးဝိဉာဏ်ခ တုံ့ပြန်ပါ၏။ ထို့ကြောင့် သူမသည် ကော်ဖီနှစ်ခွက်ကိုဖျော်ယူပြီး ဧည့်ခန်းထဲသို့ ပြန်လာခဲ့လိုက်ပါသည်။

“ဦးဉာဏ် အလုပ်ကပြန်လာတယ်ဆိုတော့ အဝတ်အစားလဲလေ”

“မင်းပျင်းနေမှာပေါ့ ယုဉ်နှိုင်းမိ”

“မပျင်းလောက်ဘူးထင်တယ် ဦးဉာဏ်။ ယုဉ်က ဒီအိမ်ကြီးမှာရှိတဲ့ အခန်းတိုင်းကို လိုက်ကြည့်ရဦးမယ်လေ”

“ဘာဖြစ်လို့?”

“မကြာခင် ယုဉ်နှိုင်းမိဆိုတဲ့ယုဉ်က ဒီအိမ်ပိုင်ရှင်ဖြစ်တော့မယ်ဆိုတော့ ဘယ်အခန်းဘယ်မှာရှိတယ်ဆိုတာ သိသင့်တယ်မဟုတ်လား?။ တော်ကြာ ကိုယ့်အိမ်ရဲ့မီးခလုတ် ဘယ်မှာရှိတယ်ဆိုတာ တောင်မသိတဲ့ အိမ်ရှင်မဆိုပြီး သူများတွေပြောရင် ဘယ့်နှယ်လုပ်မလဲ?”

သူမစကားဆုံးသည်နှင့် ဦးဝိဉာဏ်ခတစ်ယောက် ကျေနပ်စွာပြုံးလိုက်ပါတော့သည်။

“ပြောတတ်လိုက်တာ ယုဉ်နှိုင်းမိရယ်”

ဦးဝိဉာဏ်ခပြုံးသော် သူမ ရယ်ဖြိုးဖြိုးနှင့် . . .

“ဟီး . . . ဟီး . . . ဘယ်လိုလဲ ဦးဉာဏ်။ ယုဉ့်စကားက မှန်ပါတယ်နော်”

“မှန်မယ်လို့တော့ ထင်တာပဲ ယုဉ်နှိုင်းမိ”

“အခု အိမ်ကိုလာလည်ရတဲ့ ရည်ရွယ်ချက်ပြောပြမယ်နော်။ ဦးဉာဏ်နားထောင်”

“ပြောလေ . . .”



www.burmeseclassic.com

www.burmeseclassic.com

"အိမ်လာလည်ရတဲ့ ရည်ရွယ်ချက် သုံးချက်ရှိတယ်"

သူမ လက်ချောင်းလေးသုံးချောင်းထောင်ရင်း ပြောလိုက်သော် ဦးဝိဉာဏ်ခ မျက်ခုံးလေးမြင့်ရင်း သူမကိုကြည့်နေ၏။

"တစ်အချက်က ယုဉ်ကို ဦးဉာဏ်အခုအချိန်ကစပြီး ယုဉ်လို့ပဲခေါ်ရမယ်။ နှစ်အချက်က ဦးဉာဏ်ရဲ့အိပ်ခန်းထဲကို ယုဉ်လိုက်ကြည့်ချင်တယ်။ သုံးအချက်ကတော့ နောက်နေ့တိုင်းနေ့တိုင်း ယုဉ်ကို ဆေးရုံလိုက်ပို့၊ လိုက်ကြို လုပ်ပေးရမယ်"

"အဲ့ဒါ ရည်ရွယ်ချက်မှမဟုတ်တာ ယုဉ်နှိုင်းမီ။ တောင်းဆိုမှုတွေလေ"

"ဟုတ်တယ်လေ။ ဦးဉာဏ် ဖြည့်ကိုဖြည့်ပေးရမယ့် တောင်းဆိုမှုတွေလေ။ နော် . . . ဦးဉာဏ် လက်ခံပေးမှာမဟုတ်လား?"

"ဒါပေမဲ့ ဆေးရုံကို လိုက်ပို့၊ လိုက်ကြိုရမယ့်အချက်ကိုတော့ . . ."

"မရဘူးနော် ဦးဉာဏ်။ သုံးချက်လုံး ဖြည့်ကိုဖြည့်ဆည်းပေးရမယ်။ မဖြည့်ဆည်းပေးလို့ကတော့ နောက်နေ့ ယုဉ် ဆေးရုံသွားတော့မှာမဟုတ်ဘူး"

သူမ၏ချိန်းခြောက်မှုကြောင့် ဦးဝိဉာဏ်ခ နောက်ဆုံးတော့ ခေါင်းညိတ်လိုက်ရပါတော့သည်။

"ဟုတ်ပြီလေ။ မင်းသဘောပါပဲ ယုဉ်နှိုင်းမီ"

"မဟုတ်ပါဘူး ဦးဉာဏ်ရယ်။ ယုဉ်လေ၊ ယုဉ်လို့ခေါ်ကြည့်"

"ယုဉ် . . ."

ဦးဝိဉာဏ်ခ နှုတ်မှမရဲတရဲခေါ်လိုက်သော် သူမ ကျေနပ်စွာပြုံးလိုက်ပါတော့သည်။

"အခု ယုဉ်တို့နှစ်ယောက် ဦးဉာဏ်အခန်းထဲကို သွားကြမယ်"

"ဦးဉာဏ် ဒီကပဲစောင့်နေပါ့မယ်"

"ဦးဉာဏ်ကို ယုဉ် ကိုက်စားမှာမဟုတ်ပါဘူး ဦးဉာဏ်ရယ်။ လာပါ"



သူမ ထိုင်ရာမှထကာ ဦးဉာဏ်၏လက်လေးကိုဆွဲခေါ်ကာ အိမ်ပေါ်ထပ်သို့ တက်ဖြစ်ခဲ့ပါတော့သည်။ ထို့နောက် ဦးဝိဉာဏ်ခက သူ့အိပ်ခန်းကိုပြလိုက်သည်နှင့် သူမ ထိုအခန်းအတွင်းသို့ဝင်လိုက်ပါသည်။

ဦးဝိဉာဏ်ခ၏ အိပ်ခန်းပတ်လည်ကို မှန်များနှင့်ကာရံထားလေသည်။ ထိုမှန်များအနားတွင်လည်း အဝေးကြည့်မှန်ဘီလူးတစ်ခု ထောင်ထားလေ၏။ သူမ မှန်ဘီလူးကိုချိန်ထားသည့်အတိုင်း ကြည့်လိုက်သော် မှန်ဘီလူးအတွင်းမှ သူမ၏အိပ်ခန်းကို တန်းမြင်လိုက်ရပါသည်။

"ဟယ် . . ."

သူမ အံ့ဩလွန်း၍ အာမေဋိတ်သံပင် ပြုလိုက်မိပါသည်။

"ဦးဉာဏ်"

သူမအနောက်တွင်ရပ်ကာ သူမလုပ်ပုံကိုင်ပုံများကို ငေးကြည့်နေသော ဦးဝိဉာဏ်ခကို ဂရုဏာသက်စွာ ခေါ်လိုက်မိပါသည်။ မှန်ဘီလူးထဲမှ သူမအိမ်ခန်းသာမက သူမထောင်ထားသည့် White Boardလေးကိုပါ မြင်လိုက်ရပါသည်။

"ယုဉ်ကို တစ်ချိန်လုံးစောင့်ကြည့်ပြီးမှ အရာရာလိုက်ဖြည့်ဆည်းပေးရတာ တော်တော်လေးကို ပင်ပန်းခဲ့မှာပဲနော်"

ဦးဝိဉာဏ်ခကို ငေးငေးလေးကြည့်ရင်းမှ သူမမျက်ဝန်းတွင် ဂရုဏာမျက်ရည်များ ရစ်သီလာရပြန်၏။

"ဦးဉာဏ်က ကျေနပ်နေခဲ့တာပါ ယုဉ်"

"ယုဉ်လေ . . . ဦးဉာဏ်ကို အရမ်းချစ်တယ်။ ဒါပေမဲ့ ယုဉ့်အချစ်တွေက ဦးဉာဏ်ရဲ့အချစ်တွေကို မမီနိုင်ဘူးနော်။ ယုဉ်သိနေတယ်"

"ဦးဉာဏ် ကျေနပ်ပါတယ် ယုဉ်ရယ်"

သူမ ဦးဉာဏ်အနားသို့ တစ်လှမ်းချင်းစီသွားရင်း ဦးဉာဏ်ကို ဖက်လိုက်ပါတော့သည်။

"လောကမှာ ယုဉ်နှိုင်းမီက ကံအကောင်းဆုံးမိန်းကလေးပါ



www.burmeseclassic.com

www.burmeseclassic.com

ဦးညဏ်"

ဦးဝိညာဏ်ခက သူမ၏ဆံနွယ်များကို လက်ဖြင့်အသာသပ်ပေးပါ၏။

"ဘာဖြစ်လို့လဲဆိုတော့ ဦးညဏ်ရဲ့အချစ်ကို အပိုင်ရလိုက်လို့လေ။ ဦးညဏ် . . ."

ဦးဝိညာဏ်ခရင်ခွင်ထဲမှ ခေါင်းမော့ရင်း သူမခေါ်လိုက်သော် ဦးဝိညာဏ်ခ မေးဆတ်ရင်းထူး၏။

"ဟိုမှာ ယုဥ်တစ်ယောက်တည်း မနေချင်တော့ဘူး။ ယုဥ် ဦးညဏ်ရဲ့အိမ်ကို ပြောင်းလာခဲ့တော့မယ်နော်"

"ပတ်ဝန်းကျင်မှာ ဘယ်သင့်တော်ပါ့မလဲ ယုဥ်"

"သင့်တော်အောင် ယုဥ်တို့လက်ထပ်ကြမယ်လေ ဦးညဏ်။ ဦးညဏ် လက်ထပ်ဖို့စီစဥ်တော့လေ။ နော် . . ."

ဦးဝိညာဏ်ခ၏ရင်ခွင်ထဲတွင်ရှိနေသော သူမသည် ဦးဝိညာဏ်ခ၏ သက်ပြင်းသံ့သံ့ကို ကောင်းစွာကြားလိုက်ရပါသည်။

"စိတ်ချပါ။ ယုဥ်အရမ်းပျော်နေမှာပါ ဦးညဏ်။ လက်ထပ်ဖို့ စီစဥ်လိုက်တော့နော်"

ဦးဝိညာဏ်ခ ခေါင်းကို လေးလံစွာညိတ်ရင်းသာ သူမကို ပြန်ဖြေရှာ၏။

ᄍ ᄍ ᄍ



"ခဏနေရင် ပြန်ချင်ရင်ပြန်ဖြစ်မယ်ထင်တယ်။ ယုဥ်လူနာတွေဖတ်က တစ်ခုခုထူးရင် နည်းနည်းလောက်ကူညီဦးနော်"

သူမ နားနေခန်းထဲသို့ဝင်လာသော သူမကဲ့သို့ပင် House Surgeon ဆင်းသော ဒေါက်တာမိုးပွင့်ဖြူကို အကူအညီတောင်းလိုက်သော် မိုးပွင့်ဖြူသည် မျက်ခုံးလေးမြင့်ရင်း သူမကိုလှမ်းကြည့်လိုက်၏။

"ဘာတွေများ အရေးကြီးနေလို့လဲ ယုဥ်"

"ဦးညဏ်လာကြိုမယ်လေ။ ဦးညဏ် ကားပါကင်ထဲမှာ စောင့်နေရမှာစိုးလို့ပါ"

"ကြည့်စမ်း . . . မိန်းမ၊ ကဲနေလိုက်တာ။ ပြောစမ်း၊ ပြောစမ်း၊ ဦးဝိညာဏ်ခကို ဘယ်လောက်အထိ မြူဆွယ်လိုက်ပြီလဲ ?"

"မကြာခင်လက်ထပ်ရအောင် ငါစည်းရုံးထားတယ်"

"ဘုရားရေ . . . ယုဥ် တော်တော်တောင် ခရီးပေါက်နေပြီပဲ။ ဒါနဲ့ နင်တို့ ဘယ်အဆင့်ထိရောက်ပြီးပြီလဲ ယုဥ်"

"အမယ်လေး၊ ဦးညဏ်က အခုထက်ထိ ယုဥ့်ပါးကိုတောင် မနမ်းသေးပါဘူး မိုးရယ်။ လက်ကိုင်တာတောင် ယုဥ်ကချည်း အရင်စနေရတယ်"



www.burmeseclassic.com

www.burmeseclassic.com

"ဒါဆို ဦးဝိဉာဏ်ခက လိမ္မာတဲ့လူဆိုးလေးပေါ့။ ဟုတ်လား?"

"အို . . . လိမ္မာတဲ့လူဆိုးလေးတော့ မဟုတ်လောက်ဘူး။ အေးစက်တဲ့ လူလိမ္မာလေးပဲဖြစ်မှာပါ ဟား . . . ဟား . . ."

"ဟီး . . . ဟီး . . . ပြောတတ်ပါ့ ယုဉ်နှိုင်းမီ"

သူမ ရယ်ရယ်မောမောပြောခဲ့ပြီး လိုအပ်သည့်ပစ္စည်းများကိုသိမ်းကာ နားနေခန်းထဲမှထွက်လာခဲ့လိုက်ပါသည်။ ကော်ရစ်တာအတိုင်း သွက်သွက်လေးလျှောက်လာရင်း ကော်ရစ်တာအကွေ့တစ်နေရာတွင် ဦးဝိဉာဏ်ခနှင့် ဒေါ်နော်လားဖော်တို့ စကားပြောနေသည်ကိုတွေ့လိုက်ရ၍ သူမခြေ လှမ်းကို အနည်းငယ်နှေးလိုက်ပါ၏။ နော်လားဖောဆိုသည်မှာ အနီးရောင်ဝတ် Nurse တစ်ယောက်ဖြစ်ပြီး အသက်သုံးဆယ်ငါးနှစ်ခန့်ရှိလေသည်။

"ဆရာ့ကို ဒီမှာပြန်တွေ့ရလိမ့်မယ်လို့ ဘယ်လိုမှမထင်မှတ်ထားဘူးဆရာရယ်"

နော်လားဖောသည် ဦးဝိဉာဏ်ခကို ရင်းနှီးစွာ ဆက်ဆံနေသည့်အပြင် ဆရာဟုပါခေါ်နေသေးကြောင်း သူမ တွေ့လိုက်ရပါသည်။

"ကျွန်တော် ကိစ္စလေးရှိလို့ပါ။ ခွင့်ပြုပါဦး လားဖော"

သူမကိုလာကြိုသော ဦးဝိဉာဏ်ခသည် အဘယ့်ကြောင့် နော်လားဖောနှင့်စကားပြောသည်ကိုဖြတ်ပြီး ဆေးရုံအပြင်သို့ပြန်ထွက်ရန် ကြိုးစားနေပါသနည်း။

"ဦးဉာဏ်"

သူမခေါ်ရင်း သူတို့အနားသို့ သွက်သွက်လေးလှမ်းလျှောက်လိုက်ပါသည်။

"သြော် . . . ယုဉ်တောင်ရောက်လာပြီပဲ။ ကဲ . . . လားဖော၊ ခွင့်ပြုဦးနော်။ ကိုယ်တို့ သွားစရာရှိသေးလို့"

ဦးဝိဉာဏ်ခသည် နော်လားဖောနှင့်စကားပြောနေသည်ကို သူမမြင်သွားသောကြောင့် စိတ်အနှောင့်အယှက်ဖြစ်နေပုံ ပေါ်ပါသည်။ သူမလည်း မည်သည့်မေးခွန်းမျှ မေးမနေတော့ဘဲ ဦးဝိဉာဏ်ခအနောက်သို့သာ လိုက်ပါလာခဲ့ပါတော့သည်။ နော်လားဖောကတော့ သူမနှင့်သူ့ကို နားမလည်စွာငေးကြည့်ရင်း ကျန်ရစ်ခဲ့ပါသည်။

ကားပါကင်သို့ရောက်သော် ဦးဝိဉာဏ်ခသည် ကားပေါ်တက်ပြီး တော်တော်နှင့်ကားမောင်းမထွက်သေးချေ။ သူမလည်း ကားခေါင်းခန်းသို့ပင် သွက်သွက်လေးတက်လိုက်ပါသည်။

"ဦးဉာဏ် ဘာဖြစ်လို့လဲ?"

ဦးဝိဉာဏ်ခ ပြန်မဖြေပါ။ ခေါင်းကို နောက်သို့မှီထား၏။

"တစ်ခုခုဖြစ်နေလို့လား ဦးဉာဏ်"

သူမ စိုးရိမ်စွာမေးလိုက်သော် ဦးဝိဉာဏ်ခ သူမကို လှမ်းကြည့်လိုက်ပါသည်။

"နောက်နေ့တွေ ဦးဉာဏ်လာမကြိုချင်တော့ဘူး ယုဉ်။ ဖြစ်မလား?"

ဦးဝိဉာဏ်ခကိုယ်တွင် ချွေးများထွက်နေသည်ကိုလည်း သူမ တွေ့လိုက်ရပါသည်။ စိတ်လွန်စွာလှုပ်ရှားနေကြောင်းကိုလည်း သူမ သိလိုက်ရပါ၏။

"ယုဉ်တောင်းဆိုလို့သာ ဦးဉာဏ် ဒီကိုလာခဲ့တာပါ။ တကယ်တော့ ဒီနေရာကြီးကို ဦးဉာဏ်သိပ်ကြောက်တာ"

နှုတ်ခမ်းများတုန်လှုပ်ရင်း ချောက်ချားစွာပြောလိုက်သော ဦးဝိဉာဏ်ခကိုကြည့်နေရင်းနှင့်ပင် သူမ အလိုက်သင့် ခေါင်းညိတ်လိုက်မိပါတော့၏။

"ဟုတ် . . . ဟုတ်ကဲ့၊ ဒါဆို နောက်နေ့ ယုဉ်ဘာသာပဲ ပြန်လိုက်ပါ့မယ်။ ဟုတ်ပြီလား။ ဦးဉာဏ် လာမကြိုနဲ့တော့လေ နော်"

"ကျေးဇူးပါပဲ ယုဉ်"

"အခု ဦးဉာဏ် ကားမောင်းလို့ဖြစ်ပါ့မလား?"

"ဦးဉာဏ် အရမ်းစိတ်လှုပ်ရှားနေတယ် ယုဉ်"

"အင်း . . . ဒါဆို ယုဉ်ပဲကားမောင်းလိုက်ပါ့မယ်။ ဟုတ်ပြီလား"



www.burmeseclassic.com

www.burmeseclassic.com

သူမပင်ကားမောင်းပြီး ဆေးရုံဝန်းထဲမှ ထွက်ခဲ့လိုက်ပါတော့သည်။ အဘယ့်ကြောင့် ဦးဝိဉာဏ်ခသည် ဆေးရုံဝန်းကို ထိုမျှလောက်ကြောက်ရွံ့နေပါသနည်း။ သူမ နားမလည်နိုင်တော့ချေ။

သို့သော်လည်း လွန်စွာတုန်လှုပ်နေသော ဦးဝိဉာဏ်ခကိုတော့ ချက်ချင်းကြီး သူမ မမေးရက်ပြန်။ သူမ လမ်းတစ်လျှောက်လုံး စကားတစ်ခွန်းမျှ မပြောမိ။ ဦးဝိဉာဏ်ခ၏ အိမ်ခြံဝန်းထဲသို့ ကားလေးကွေ့ဝင်ပြီး အိမ်ရှေ့ဆင်ဝင်အောက်တွင်ရပ်ပြီး သည်အထိ ဦးဝိဉာဏ်ခ၏တုန်လှုပ်မှုများ မလျော့ကျသေးချေ။

"ယုဉ် . . . အိမ်ထဲအထိ လိုက်ပို့ပေးမယ်နော်"

သူမ ဦးဝိဉာဏ်ခကိုတွဲခေါ်ပြီး ဧည့်ခန်းထဲသို့ ခေါ်လာခဲ့ပါသည်။

"Air-con ကို နည်းနည်းလောက်လျှော့ပေးပါလားယုဉ်။ ဦးဉာဏ် အရမ်းချမ်းလို့"

သူမ Air-con အပူချိန်ကို တိုးပေးလိုက်ပြီး စိတ်မချသောကြောင့် ဦးဉာဏ်၏ နဖူးလေးကိုစမ်းကြည့်လိုက်ရာ ဦးဝိဉာဏ်ခ ကိုယ်ပူနေမှန်း သူမ သိလိုက်ရပါသည်။

"ဦးဉာဏ် ကိုယ်ပူနေတယ်"

သူမ ထိတ်လန့်စွာပြောလိုက်ပါသည်။ ထိုအခါ အိမ်နောက်ဖေးမှ ဦးတင့်ပြေးထွက်လာပါသည်။

"သမီးယုဉ် . . . ပြန်ရောက်ပြီလား?"

"ဦးတင့် . . . ဦးဉာဏ် ကိုယ်တွေအရမ်းပူနေတယ်။ အဲ့ဒါ . . ."

"နေ . . . နေ . . . သမီး၊ ဦးဝိဉာဏ်ခပြနေကျ Family Doctor ကို ဦးတင့်ခေါ်လိုက်မယ်။ သမီးက ဦးဉာဏ်ကို သူ့အိပ်ခန်းထဲကိုပဲ ပို့ပေးပါနော်"

"သမီးလည်း ဒေါက်တာတစ်ယောက်ပါ ဦးတင့်ရယ်"

"ဦးဉာဏ်မှာ မတည့်တဲ့ဆေးရှိလို့ပါ သမီးရယ်။ တစ်မျိုးမထင်ပါနဲ့"



သူမ ဘာစကားမျှဆက်မပြောတော့ဘဲ ဦးဉာဏ်ကို အိပ်ခန်းထဲသို့ တွဲခေါ်သွားလိုက်ပါသည်။ ခဏကြာသော် အခန်းထဲသို့ ဦးတင့်နှင့်အတူ Family Doctor ဦးမိုးမြင့်လည်း ဝင်လာပါသည်။

"ဘယ်လိုဖြစ်တာလဲ ဝိဉာဏ်"

ဦးမိုးမြင့်သည် အသက်လေးဆယ်ဝန်းကျင်လောက် ရှိပြီဖြစ်သော်လည်း သူ့ထက်အသက်ငယ်သော ဦးဝိဉာဏ်ခကို 'ဝိဉာဏ်'ဟုပင် ရင်းရင်းနှီးနှီးခေါ်ဝေါ်လေသည်။

"မသိပါဘူး ကိုမိုးမြင့်ရယ်"

ဦးမိုးမြင့်သည် ဦးဝိဉာဏ်ခကို အပူချိန်တိုင်းလိုက်ပါသည်။

"အရင်အတိုင်း စိတ်လှုပ်ရှားလို့ ကိုယ်ပူလာတာပါ ဝိဉာဏ်။ စိုးရိမ်စရာမရှိပါဘူး။ ကိုယ် မင်းကို ဆေးတစ်လုံးထိုးပေးခဲ့မယ်။ ခဏ အိပ်လိုက်။ အိပ်ရာကနိုးရင် ပုံမှန်အတိုင်းဖြစ်နေလိမ့်မယ်။ ဟုတ်ပြီလား"

"ဟုတ်ကဲ့"

ဦးမိုးမြင့်သည် ဦးဝိဉာဏ်ခကို ဆေးတစ်လုံးထိုးပေးလိုက်ပါသည်။ ထို့နောက် သူမကိုကြည့်ကာ . . .

"မင်းက ယုဉ်နှင်းမိဟုတ်ပါရဲ့နော်"

"ဟုတ်ကဲ့"

"အေးကွာ၊ ဝိဉာဏ်က မင်းကြောင့် အရမ်းစိတ်လှုပ်ရှားတိုင်းလည်း ဒီလိုပဲ ကိုယ်ပူနေကျကွ"

သူမကြောင့် စိတ်လှုပ်ရှားရသည်တဲ့။ ဘာ့ကြောင့်ဆိုသည်ကို သူမ သိချင်နေမိပြန်သည်။

"မင်းအတွက်ဆိုရင် အမြဲလိုလို စိတ်လှုပ်ရှားနေတော့ ဘာ့ကြောင့်လဲဆိုတာကိုတော့ ငါ့ကိုမမေးနဲ့တော့နော်။ ဒါနဲ့ မင်းကလည်း ဆရာဝန်ပဲဆို။ ဝိဉာဏ်ပြောပြထားတယ်"



www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်ကဲ့။ ဒါနဲ့ အခုန ဦးတင့်ပြောတော့ ဦးဉာဏ်နဲ့မတည့်တဲ့ဆေး ရှိတယ်တဲ့။ ဟုတ်လားဆရာ?"

"ဟုတ်တယ်၊ သူက (Penicillin)ပင်နီစလင်နဲ့ မတည့်ဘူးလေ"

"ဟုတ်ကဲ့"

"စိတ်ချပါ ယုဉ်နိုင်းမီ။ ဝိဉာဏ် ဘာမှမဖြစ်ပါဘူး။ အလတ်ကြီးရှိ ပါသေးတယ်။ ဟုတ်တယ်မလား ဝိဉာဏ်"

ဦးဝိဉာဏ်ခ ထုံးစံအတိုင်း ပြုံးရုံသာပြုံးပြီး တုံ့ပြန်၏။

"ကဲ . . . ကဲ . . . ခဏနားလိုက်၊ ဟုတ်ပြီလား။ ကိုယ်လည်း ပြန်တော့မယ်"

ဦးတင့်က ဦးမိုးမြင့်ကို လိုက်ပို့ပေးပါသည်။ သူမ ဦးဝိဉာဏ်ခအခန်း အတွင်းတွင် ကျန်ရစ်ခဲ့လိုက်ပါသည်။

"ခဏလောက်ဖြစ်ဖြစ် အိပ်လိုက်နော် ဦးဉာဏ်"

"ယုဉ်တစ်ယောက်တည်း ဖြစ်နေမှာပေါ့"

"ဖြစ်ပါစေ။ မနက်ဖြန် ယုဉ့်အတွက် အချိန်ပိုပေးပေါ့"

သူမ ပြုံးပြရင်းပြောလိုက်သော် ဦးဝိဉာဏ်ခ စိတ်ချစွာ မျက်လုံး မှိတ်လိုက်ပါတော့သည်။



"ဦးဉာဏ် . . . ဒီနေ့ရုံးတက်လား?"

သူမ နံနက်အိပ်ရာနိုးသည်နှင့် ဦးဝိဉာဏ်ခထံသို့ ဖုန်းဆက်လိုက် ပါတော့သည်။

"အင်း . . . တက်တယ်"

"သက်သာလား?"

"သက်သာပါတယ်"

"ညနေကျရင် မင်္ဂလာဝတ်စုံ သွားအပ်ရမယ်နော်။ အလုပ်ကို စောစောဖြတ်ထား။ ယုဉ် ဦးဉာဏ်ကိုလာခေါ်မယ်"

"တကူးတကန့်ဖြစ်နေမှာပေါ့"

"ရတယ်။ ဘာပဲဖြစ်ဖြစ်၊ ဦးဉာဏ်မျက်နှာမြင်လိုက်ရရင် ကျေနပ် တယ်"

"ဟုတ်ပြီလေ။ ကိုယ်စောင့်နေမယ်"

"ဒါဆို ယုဉ် ဖုန်းချလိုက်တော့မယ်နော်။ အိပ်ရာထနောက်ကျလို့ မြန်မြန်လုပ်ရဦးမယ်"

"အင်း . . ."



www.burmeseclassic.com

www.burmeseclassic.com

"သြော် . . . ဒါနဲ့ ဦးဉာဏ်၊ ယုဥ္ဇ်ကို အချိန်တိုင်း မှန်ပြောင်းနဲ့ ချောင်းကြည့်မနေနဲ့နော်။ ယုဥ္ဇ်ရှက်တတ်တယ်"

သူမ ဖုန်းမချခင် ဦးဝိဉာဏ်ခကို စ,နောက်လိုက်ပြီး ဖုန်းလေးကို မြန်မြန်လေးပိတ်လိုက်ပါသည်။ ထို့နောက် သူမ ကျေနပ်စွာ ရယ်လိုက်မိပါသေး၏။

"ချစ်ဖို့ကောင်းလိုက်တဲ့ ဦးဉာဏ်"

ဆေးရုံသို့ အချိန်မီရောက်နိုင်အောင် သူမ သွက်သွက်လေးပင် ပြင်ဆင်လိုက်ရပါတော့သည်။



ဦးဝိဉာဏ်ခနှင့်အတူ သူမ Wedding Dress Store သို့ဝင်လာသည်နှင့် လူတိုင်းက သူမတို့အတွဲကို ငေးကြည့်ကြလေသည်။ ထိုအခါ ဦးဝိဉာဏ်ခသည် သူမနှင့်အနည်းငယ်ခွာပြီးလျှောက်ရန် တစ်ဖက်သို့တိုးလိုက်သည်နှင့် သူမ ဦးဝိဉာဏ်ခ၏လက်မောင်းကို လှမ်းကိုင်လိုက်ပါသည်။

"အသက်ကြီးတာ၊ ငယ်တာကိုထည့်တွက်ပြီး ဦးဉာဏ်ကို ယုဥ္ဇ်ချစ်ခဲ့တာမဟုတ်ပါဘူး ဦးဉာဏ်"

ဟုလည်း တိုးတိုးလေးကပ်ပြောလိုက်ပါသေးသည်။

ထို့နောက် သူမနှင့်သင့်တော်မည့် Design များထဲမှ အကောင်းဆုံးတစ်ခုကို ရွေးချယ်နိုင်ရန် သူမ Simple များကို ကြည့်နေပါတော့သည်။

"သတို့သားအတွက်ကရော ညီမ"

Designer အစ်မကြီးက သူမကိုမေးသော် သူမသည် ဦးဝိဉာဏ်ခ၏လက်မောင်းလေးကို သွက်သွက်လေးလှမ်းဖက်လိုက်ပြီး . . .

"ယုဥ္ဇ်သတို့သားက တော်တော်လေးကြည့်ကောင်းတော့ သူ့ထက်သာအောင် ယုဥ္ဇ်ကိုပဲ အရင်ဦးဆုံးဖန်တီးပေးပါ အစ်မရယ် . . . နော်"

ဟုပြောလိုက်သော် ဆိုင်ထဲရှိလူများ ပြုံးစေ့စေ့ဖြစ်သွားကြပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

"ယုဉ်ပြောတာ မှန်တယ်မဟုတ်လား ဦးဉာဏ်"

"မှန်လို့လား ယုဉ်"

"အစ်မ . . . ယုဉ့်အမျိုးသားက ယုဉ့်ထက် အသက်နည်းနည်းကြီးတယ်ထင်ရပေမယ့် တကယ်တော့ ယုဉ့်အမျိုးသားက ပိုပြီးရင့်ကျက်တာပါ။ ရည်းစားစကားကိုတောင် မရင့်ကျက်တဲ့ယုဉ်က အရင်စပြောခဲ့ရတယ်ဆိုရင် အစ်မယုံမလား?"

ဟု သူမ မရှက်တမ်းဝန်ခံလိုက်ပြီးမှ ရှက်မိသွားပြီး ဦးဝိဉာဏ်ခ၏ လက်မောင်းနှင့် သူမမျက်နှာကိုဖွက်ကာ ရှက်ရယ်ရယ်လိုက်ပါတော့သည်။ ထို့နောက် သူမနှင့်အလိုက်ဖက်ဆုံး Design တစ်စုံကိုဝတ်ဆင်ပြီး ဦးဝိဉာဏ်ခကိုပြလိုက်သော် ဦးဝိဉာဏ်ခသည် သူမကို ငေးငေးလေးကြည့်နေရှာပါသည်။

"ယုဉ့်ကို ရဲရဲကြီးသာလက်ထပ်လိုက်ပါ ဦးဉာဏ်။ ယုဉ် ဦးဉာဏ်ကို အပျော်မကြံပါဘူး"

Wedding Dress ဝတ်ပြီး ဦးဝိဉာဏ်ခအရှေ့တွင် ဒူးလေးကိုင်းကာ ပြောလိုက်သော သူမစကားကြောင့် ဦးဝိဉာဏ်ခ ပြုံးလိုက်သော်လည်း ဆိုင်ထဲတွင်ရှိနေသော လူများအားလုံးကတော့ သဘောကျစွာရယ်မောလိုက်ကြပါတော့သည်။



သူမ မင်္ဂလာဆောင်ကိစ္စများနှင့် အလုပ်ရှုပ်နေသောကြောင့် မိုးပွင့်ဖြူကို အကူအညီတောင်းထားပြီး ခွင့်ယူခဲ့သော်လည်း ယနေ့တော့ ဆေးရုံသို့မလာလို့ မဖြစ်တော့သောကြောင့် သူမ ထွက်ခဲ့လိုက်ပါသည်။ သူမ နားနေခန်းထဲသို့ရောက်သည်နှင့် နော်လားဖောသည် အခန်းထဲသို့ ဝင်လာပါ၏။

"သမီး . . . ဒီနေ့ဆင်းတယ်ပေါ့"

နော်လားဖောက သူမကိုတွေ့သည်နှင့် ရင်းနှီးစွာမိတ်ဆက်လေသည်။

"အစ်မ အချိန်ရလား။ သမီး စကားနည်းနည်းလောက်ပြောချင်လို့"

"ရပါတယ်"

နော်လားဖောနှင့်တွေ့ပြီးသည်နှင့် စိတ်လှုပ်ရှားလွန်းသောကြောင့် ဦးဝိဉာဏ်ခသည် ကိုယ်ပင်ပူခဲ့ရသည့်အဖြစ်၏ အကြောင်းကို သူမ သိချင်နေပါသည်။

"သမီးနဲ့ ဆရာဝိဉာဏ်နဲ့က ဘယ်လိုပတ်သတ်နေတာလဲ?"

နော်လားဖောသည် ထိုင်ခုံတွင် ထိုင်လိုက်ပြီးသည်နှင့် သူမကိုမေးလိုက်ပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

"အစ်မက ဦးညဏ်ကို သိနေလို့လား?"

"ဆရာက အရမ်းတော်တဲ့ ဆရာဝန်တစ်ယောက်ပါကွယ်"

"ရှင် . . .?"

သူမ ကြားလိုက်ရသောစကားကို မည်သို့မျှမယုံနိုင်ပါ။ သူမ သိထားသည်က သာမန်စီးပွားရေးလုပ်ငန်းရှင်တစ်ယောက် ဖြစ်သည်ကိုပင်။ ယခုတော့ . . .

"သမီး ဘာမှမသိဘူးလား။ ဘာလဲ သမီးတို့ အခုမှရင်းနှီးကြတာလား?"

"ဆရာဝန်ဖြစ်ရဲ့သားနဲ့ ဦးညဏ်က ဘာဖြစ်လို့ အပြင်စီးပွားရေးလုပ်နေတာလဲ အစ်မ?"

နော်လားဖောမေးသည်ကိုမဖြေဘဲ သူမသိချင်သည်များကိုသာ မေးလိုက်ပါတော့သည်။

"သူ့ကြောင့် လူနာတစ်ယောက် အသက်ဆုံးရှုံးဖူးတယ်လေ"

မထင်မှတ်စွာပြောလိုက်သော နော်လားဖောစကားကြောင့် သူမ အံ့သြထိတ်လန့်လွန်း၍ မျက်လုံးအဝိုင်းသားဖြစ်သွား၏။

"ဘယ်လို? အသက်ဆုံးရှုံးဖူးတယ် ဟုတ်လား?"

"တကယ်တော့ ဆရာ့အလွန်လည်း မပါပါဘူးကွယ်။ ဒါပေမဲ့ ဆရာက လိပ်ပြာမလုံဖြစ်ပြီး အဲဒီလူသေပြီးနောက်ပိုင်း ဘယ်တော့မှ ဆေးမကုတော့ဘူး"

သူမ ကြားလိုက်ရသည့်သတင်းဆိုးကြောင့် ဦးဝိညဏ်ခကို လွန်စွာသနားသွားမိပါသည်။ မမှားသောရှေ့နေ၊ မသေသောဆေးသမားမရှိဟူသောစကားကို သူမ လက်ခံနိုင်သည်မဟုတ်ပါလား။

"နောက်ပြီး ဆရာက ဆရာဝန်အလုပ်ကို အရမ်းဝါသနာပါတာပါကွယ်။ သူ့ဘဝမှာ ဆရာဝန်ဖြစ်ဖို့အတွက်ပဲ အသက်ရှင်ခဲ့ရတာပါ"

"သူ့ကို ဆရာဝန်ပြန်လုပ်ဖို့ ဘယ်သူမှမတိုက်တွန်းဘူးလား"



"တိုက်တွန်းတာပေါ့။ ဒါပေမဲ့ ဆရာက ဆေးထိုးအပ်ပြန်ကိုင်ဖို့နေနေသာသာ ဆေးရုံနဲ့ပတ်သက်တဲ့ ဘယ်နေရာကိုမှ ခြေဦးတောင်မလှည့်တော့ဘူး။ နောက်ပြီး ဆေးလောကက အဆက်အသွယ်တွေအားလုံးကိုလည်း ဖြတ်တောက်ပစ်လိုက်တယ်လေ"

နော်လားဖောထံမှ ကြားလိုက်ရသည့်သတင်းကို သူမ တစ်ခါဖူးမှ ဦးဝိညဏ်ခထံတွင် မကြားဖူးပေ။ ထို့အပြင် ဦးဝိညဏ်ခသည် ဆရာဝန်တစ်ယောက်ဖြစ်သည်ကိုလည်း သူမ နည်းနည်းလေးမျှပင်မသိပြန်။

ဒေါ်ဝတ်ရည်လည်း သူမကို မည်သို့မျှမပြောပြန်။ နော်လားဖောပင် လုပ်စရာအလုပ်ရှိသောကြောင့် ပြန်သွားပြီဖြစ်သော်လည်း သူမခေါင်းထဲတွင် မေးခွန်းပေါင်းစုံနှင့် ရောထွေးနေတော့၏။ ထိုစဉ် သူမ Hand phone လေး Ring မြည်လာလေသည်။

"Hello"

"ယှဉ်နှင်းမီ . . . ညနေ ဘယ်ကိုသွားဖို့ရှိသေးလဲ?"

ဦးဝိညဏ်ခ ဖုန်းဆက်ခြင်းဖြစ်ပါသည်။ သူမ ဖုန်းကိုလက်ခံလိုက်သော်လည်း သူမ မည်သည့်အဖြေမှ ပြန်မပေးမိ။ ဘာ့ကြောင့် သူမတို့ ဆရာဝန်ဖြစ်သည့်ကိစ္စကို ဖုံးကွယ်ထားရပါသနည်း။

"ယှဉ် . . . ဖုန်းနားထောင်နေသေးလား?"

ဦးဝိညဏ်ခက ဆရာဝန်လုပ်ရတာကို လွန်စွာကျေနပ်သောကြောင့် သူမကို ဆရာဝန်ဘဝရအောင် ဖန်တီးယူခဲ့သည်လား။ ဘာ့ကြောင့်လဲ။

"ယှဉ် . . . ဦးညဏ် ဖုန်းချလိုက်ရတော့မလား?"

သူမ ရှင်းလင်းစွာ သိချင်ပါ၏။

"ဦးညဏ် . . . ယှဉ်တို့တွေ့နေကျ ကော်ဖီဆိုင်ကို အခုချက်ချင်းထွက်လာခဲ့ပေးပါနော်"

သူမ ချိန်းပြီးသည်နှင့် ဖုန်း ချလိုက်ပြီး ကော်ဖီဆိုင်သို့ ထွက်ခဲ့ပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

အချိန်တိကျတတ်သော ဦးဝိဉာဏ်ခသည် ကော်ဖီဆိုင်တွင်ရောက်နှင့်နေ၏။ ဆိုင်ထဲတွင် လူအတော်ပင်ရှင်းနေ၏။

“ဘာကိစ္စအရေးကြီးလို့လဲ ယုဉ်”

သူမ ထိုင်ခုံတွင်ထိုင်လိုက်သည်နှင့် ဦးဝိဉာဏ်ခ မေးလိုက်ပါသည်။

“ဦးဉာဏ်ကို ရုတ်တရက်တွေ့ချင်လာလို့ပါ”

“ပြောပါဦး ယုဉ်၊ ဘာအတွက်လဲ?”

“ယုဉ် ထူးဆန်းတဲ့အဖြစ်တစ်ခုကို ဒီကနေ့ပဲ ကြားလိုက်ရတယ်။ အဲ့ဒါနဲ့ ဦးဉာဏ်ကို တွေ့ချင်လာတာ”

“ဘာထူးဆန်းတဲ့ကိစ္စလဲ ယုဉ်”

သူမအတွက် သူ အဆင်သင့်ပင် ကော်ဖီမှာထားပုံရ၏။ သူမထိုင်ပြီး ခဏကြာသည်နှင့် စားပွဲထိုးလေးတစ်ယောက် ကော်ဖီလာချပေး၏။

“ယုဉ့်ကို ဘာဖြစ်လို့ ဆရာဝန်တစ်ယောက်ဖြစ်လာအောင် ပျိုးထောင်ပေးတာလဲ ဦးဉာဏ်”

ကော်ဖီချပေးသည့် စားပွဲထိုးလေးပြန်ထွက်သွားသည်နှင့် ဦးဉာဏ်ကို သူမ မေးလိုက်ပါတော့သည်။

“မြင့်မြတ်တဲ့ဘဝကို ရအောင်ပေါ့”



“Engineer ဖြစ်ခဲ့ရင်လည်း မြင့်မြတ်တဲ့ဘဝကို ရပါတယ် ဦးဉာဏ်။ အဆောက်အအုံတွေ၊ လမ်းတွေဖောက်၊ တံတားတွေဆောက်တာလည်း အများကောင်းကျိုးအတွက်ပဲ မဟုတ်ဘူးလား?။ နောက်ပြီး အနာဂတ်မှာ ကြယ်ပွင့်လေးတွေဖြစ်မယ့် ကလေးတွေကို စာသင်ပေးတဲ့ ဆရာလုပ်တာလည်း မြင့်မြတ်တဲ့အလုပ်ပဲလေ ဦးဉာဏ်။ အနန္တဂိုဏ်းဝင်ထဲမှာလည်း တစ်ပါးအပါအဝင်တောင်ဖြစ်သေးတယ်”

“ယုဉ် . . . ဘာဖြစ်လို့ ဦးဉာဏ်ကို ဒါတွေလာမေးနေတာလဲ?”

“ယုဉ့်ကို ဘာဖြစ်လို့ ဆရာဝန်တစ်ယောက်ဖြစ်လာအောင် ပျိုးထောင်ပေးတာလဲ ဦးဉာဏ်။ တိတိကျကျဖြေပေးပါ”

“ဆရာဝန်တစ်ယောက်ရဲ့ခံစားချက်ကို နားလည်အောင်”

“ပြီးတော့ရော . . .”

“ပြီးတော့ လူတွေအသက်ကို ကယ်တဲ့နေရာမှာ ကြုံတွေ့နိုင်တဲ့ အခက်အခဲတွေကို နားလည်စေချင်လို့”

“ဒါပဲလား ဦးဉာဏ်”

“နောက်ပြီး ဆရာဝန်တစ်ယောက်ရဲ့ဘဝကို ဦးဉာဏ် အရမ်းမြတ်နိုးလွန်းလို့ပါ”

သူမ ထိုအခါမှ သတိထားလိုက်မိသည်က ဦးဝိဉာဏ်ခမျက်ဝန်းတွင် မျက်ရည်များပြည့်နေခြင်းပင်။ မျက်ရည်များကို ဂရုပင်မပြုမိဘဲ မေးခွန်းများဆက်တိုက်မေးနေသော သူမသည် ဦးဝိဉာဏ်ခ၏မျက်ရည်များကို မြင်တွေ့လိုက်ရပြီး ဘာဆက်မေးရမည်ကိုပင် မသိနိုင်တော့ချေ။

“ဦးဉာဏ် . . . ငိုနေတာလား”

“မျက်ရည်ဝဲမိတာပါ ယုဉ်။ ဘာလဲ? ယုဉ်က ဆရာဝန်တစ်ယောက်ရဲ့ဘဝကို ငြီးငွေ့နေပြီလား?”

“မငြီးငွေ့ပါဘူး ဦးဉာဏ်ရယ်”



www.burmeseclassic.com

www.burmeseclassic.com

ဦးဉာဏ်၏မျက်ရည်များက သူမကို တကယ်ပင်ဝမ်းနည်းစေနိုင်ပါသည်။

"ဆရာဝန်ဖြစ်အောင်လုပ်နိုင်ခဲ့လို့ ယုဒ္ဓကို ဦးဉာဏ် အချိန်တိုင်းကျေးဇူးတင်နေတာပါ"

သူမ သိချင်နေသည့်ကိစ္စများအတွက် ဦးဝိဉာဏ်ခထံတွင် မေးရန်အင်အားမရှိတော့ပါ။ ဦးဝိဉာဏ်ခ၏မျက်ရည်များကို သူမ မျက်ကွယ်မပြုနိုင်ပါ။

"ညနေ ဖိတ်စာဝေရမယ့်စာရင်းတွေ အတူတူလုပ်ကြမယ်နော် ဦးဉာဏ်။ ယုဒ္ဓ . . . ဦးဉာဏ်ကိုလာကြိုမယ်"

နောက်ဆုံးတော့ ဦးဝိဉာဏ်၏လက်ဖဝါးလေးကို ကိုင်ရင်းနှင့်ပင် သူမ ထိုသို့သာ ပြောလိုက်ပါတော့သည်။



## အခန်း (၃)

"မဖြစ်နိုင်တာ။ ဆေးထိုးမှားတယ်လို့ ပြောလိုက်တာနဲ့ပဲ ကျွန်မယောကျ်ားကို ကျွန်မက ဆုံးရှုံးလိုက်ရမှာလား ဒေါက်တာ။ ပြောပါဦး"

ခွဲစိတ်ခန်းအရှေ့မှ ဖြတ်လျှောက်ရင်းကြားလိုက်ရသော လူနာရှင်၏စကားကြောင့် သူမ၏အတွေးတို့ အတိတ်သို့ ပြန်ရောက်သွားပါတော့သည်။ လူနာရှင်မိန်းမ ခံစားနေရသောခံစားချက်ကို သူမ ကောင်းစွာနားလည်ပါသည်။

သူမလည်း ထိုခံစားချက်ကို ကောင်းစွာခံစားဖူးသည်ပင်။ ထိုခံစားချက်နှင့်ပင် သူမလွန်စွာချစ်သော ဖခင်ဦးကောင်းသန့် သူမဘဝထဲမှ ထွက်ခွာသွားခဲ့သည်မဟုတ်ပါလား။

"ဘာဖြစ်တာလဲ?"

ခွဲစိတ်ခန်းထဲသို့ဝင်ရန်ပြင်နေသော Nurse လေးတစ်ယောက်ကို သူမ မေးလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

"ပင်နီစလင် (Pinicillin) လေ။ အခု အခြေအနေ ပြန်ကောင်းနိုင်ပါတယ်"

Nurse လေးထံမှကြားလိုက်ရသော သတင်းကောင်းကြောင့် သူမ ခွဲစိတ်ခန်းအရှေ့မှ လိပ်ပြာသန့်စွာထွက်ခွာခဲ့ပါတော့သည်။ ကိုယ်ကိုယ်တိုင် ဆရာဝန်တစ်ယောက်ဖြစ်မှ ကိုယ့်ပေါ့ဆမှုကြောင့် လူနာတစ်ယောက် အသက်မဆုံးရှုံးအောင် သူမ အစစအရာရာ သတိထားခဲ့ပါသည်။ သူမကဲ့သို့ တခြားဆရာဝန်တိုင်းလည်း သတိထားသင့်ကြောင့် သူမ ယူဆမိပြန်သည်။

"ဖေကြီးက ဆေးထိုးမှားလို့ သေဆုံးခဲ့တာတဲ့"

အတွေးနှင့်အတူ သူမခံစားချက်တို့ ပြန်လည်အသစ်ဖြစ်ခဲ့ပါတော့သည်။ ထို့ကြောင့် သူမဖခင် ဆုံးခဲ့သည့်ခုနှစ်က သေစာရင်းဖိုင်များကို သူမ ပြန်လည်ရှာဖွေမိပါသည်။ ခုနှစ်၊ လ၊ ရက်တို့ကို ကောင်းစွာမှတ်မိနေသူပီပီ ထိုရက်နှင့်တိုက်ကာ ရှာဖွေသော်လည်း ဦးကောင်းသန့်နာမည်နှင့် သေစာရင်းလူနာတစ်ယောက်ကိုမျှ မတွေ့ရချေ။ သူမ ဖိုင်ပေါင်းစုံကို ရှာဖွေသော်လည်း မတွေ့ပါချေ။

"ဖိုင်က ဘာဖြစ်လို့ပျောက်နေတာပါလိမ့်"

မည့်သည်ခုနှစ်တွင်းမဆို ဖြစ်သည့်သေစာရင်း Case များသည် ဖိုင်များဖြင့် သေချာစွာရှိနေရမည်ပင်။ သို့သော် ယခု ထိုဖိုင်များအားလုံး ပျောက်နေ၏။ သူမရှာဖွေသည့် နေရာပင်မှားသည်လား။ မဖြစ်နိုင်ပြန်။

"ဘာဖြစ်လို့ မတွေ့တာပါလိမ့်"

သူမ ကြိုးစားရှာဖွေသော်လည်း မည်သို့မျှမတွေ့ပေ။



မည်သို့မျှနားမလည်နိုင်။ အနှစ်နှစ်အလလမှဖိုင်များ အမြဲတစေလိုရှာဖွေတွေ့နေသော်လည်း ယခု အဘယ့်ကြောင့် ရှာဖွေမတွေ့ရပါသနည်း။

"ယုဉ် . . . ဘာဖြစ်နေတာလဲ?။ ဘယ်သူ့ကို ဖိတ်ချင်သေးလဲ?"

သူမ ညနေက ဖခင်ဦးကောင်းသန့်၏ဖိုင်ကို ရှာဖွေမတွေ့ခြင်းအတွက် မည်သို့မျှဘဝင်မကျချေ။ တွေးနေမိသောကြောင့် ဖိတ်စာဆေ မည့်စာရင်းလုပ်နေသည်ကိုပင် ခဏမေ့သွားမိတော့၏။

"ဟို . . . နေ့ခင်းတုန်းက ယုဉ်ရှာချင်နေတဲ့ဖိုင် မတွေ့လို့ပါ ဦးဉာဏ်"

"ဘာဖိုင်လဲ ယုဉ်"

"ဖေကြီးရဲ့ဖိုင်ပါ"

သူမ အသိနာမည်တစ်ခုကို ချရေးနေရင်းပြောလိုက်သော် ဦးစိုးဉာဏ်၏မျက်နှာ သိသာစွာ ပျက်ယွင်းသွား၏။

"ဘာအတွက်လဲ ယုဉ်"

"တကယ်တော့ ယုဉ်မေ့ထားတာပါ။ ငယ်ငယ်ကတည်းက ယုဉ်မှာ ဆန္ဒတစ်ခုရှိတယ်။ အဲ့ဒါက ယုဉ်အရွယ်ရောက်ရင် ယုဉ့်ဖေဖေကို သတ်ခဲ့တဲ့လူကို ယုဉ်ရအောင်ရှာမယ်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com

သူမစကားကိုနားထောင်ရင်း ဦးဝိဉာဏ်ခ သူမကို ငေးငေးလေး ကြည့်နေ၏။

"ရှာတွေ့ရင် သူ ဘာ့ကြောင့် အဲ့လိုလုပ်ခဲ့တယ်ဆိုတာ သိအောင် မေးကြည့်မယ်"

"သူက ဖြေလိုက်ရင်ရော . . ."

"ဘာပဲဖြစ်ဖြစ်ပါ။ သူ့ကို ဖေကြီးခံစားခဲ့ရသလို၊ ယုဥ်ခံစားခဲ့ရသလို ခံစားရအောင် ကလဲ့စားပြန်ချေချင်တယ် ဦးဉာဏ်"

"သူ့ဘက်က အသနားခံပြီး တောင်းပန်မယ်ဆိုရင်ရော"

"ယုဥ် ခွင့်လွှတ်လို့မရဘူး ဦးဉာဏ်။ ယုဥ်ပေးလိုက်ရတာက အဖေ တစ်ယောက်လုံးကိုပါ။ အစားပြန်မရတဲ့ အဖေကို သူ့ကြောင့်ဆုံး ရှုံးလိုက်ရတာပါ"

ဦးဝိဉာဏ်ခ ဘာမေးခွန်းမှထပ်မမေးတော့ချေ။ သူမကိုသာ ငေး ကြည့်နေတော့၏။ မင်္ဂလာကိစ္စလုပ်နေစဉ် တခြားပြဿနာများကြောင့် ဦးဝိဉာဏ်ခ ခေါင်းရှုပ်သွားမည်ကိုတော့ သူမ အားနာမိပါသည်။

"ဒီနေ့စာရင်းတွေ သေချာလုပ်ပြီးရင် မနက်ဖြန်ဝေလိုက်ကြမယ်နော်။ ဦးဉာဏ်"

"တစ်ယောက်ယောက်ကို ခိုင်းမှာလား?"

"အင်း . . . ဖိတ်စာဝေမယ့်ကိစ္စကို ဦးဉာဏ်ရုံးကတစ်ယောက် ယောက်ကို ခိုင်းလိုက်ပါ။ နောက်ပြီး ယုဥ်လည်း ဆေးရုံနဲ့မင်္ဂလာ ကိစ္စကို စီစဉ်နေတာနဲ့ပဲ ဦးဉာဏ်နဲ့တွေ့ရချိန်က နည်းနေသလိုပဲ နော်"

"ယုဥ်က ဘာဖြစ်ချင်လို့လဲ?"

"ယုဥ်တို့ မင်္ဂလာမဆောင်ခင် တစ်ရက်လောက်တော့ နှစ်ယောက် တည်း လျှောက်သွားရအောင်နော် ဦးဉာဏ်"

ဦးဝိဉာဏ်ခသည် သူ့ထုံးစံအတိုင်း နှုတ်ဆိတ်နေပြန်သည်။ သူမကို မည်သို့မျှ မတုံ့ပြန်ချေ။



"အဲ့ဒါ Yes လား?။ No လား? ဦးဉာဏ်"

"ယုဥ် ဘယ်လိုထင်လဲ?"

"လူလည်လေး ဦးဉာဏ်၊ ယုဥ်ကတော့ Yes လို့ပဲ ယူဆလိုက်တော့ မယ်"

ထိုအခါ ဦးဝိဉာဏ်ခ ပြုံးလိုက်ပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

သူမ တောင်းဆိုသကဲ့သို့ပင် နောက်တစ်ရက်ကြာသော် ဦးဝိညာဏ်ခနှင့်အတူ ရန်ကုန်မြို့ကို လိုက်ပတ်လည်ကြပါသေး၏။ တဖြည်းဖြည်းနှင့် လက်ထပ်ရန်ရက်ကလည်း နီးကပ်လို့လာပါပြီ။ သူမသည်လည်း ဆေးရုံတွင် ခွင့်မယူခင်နေ့ရက်များကို အချိန်မှန်မှန် ဆင်းပေးနေလိုက်ပါသည်။ မင်္ဂလာဆောင် အေးချမ်းစွာ ပြီးဆုံးသွားနိုင်ရန်လည်း သူမမျှော်လင့်ထားပါ၏။

"ဘာ့ကြောင့်ပါလိမ့်"

ဆေးရုံသို့ရောက်တိုင်း သူမရင်ထဲတွင် မတင်မကျဖြစ်နေသည်ကတော့ သူမဖခင်သေဆုံးသည့်ဖိုင် ဘာ့ကြောင့်ပျောက်နေသည်ကိုပင်ဖြစ်သည်။ သူမကိုယ်တိုင် ရှာဖွေဖို့ကျပြန်တော့လည်း အချိန်မပေးနိုင်ပြန်။ ထို့ကြောင့် သူမနှင့်အနီးဆုံး Nurse သွင်မေလေးကိုပင် အကူအညီတောင်းရန် ဆုံးဖြတ်လိုက်ပါတော့သည်။ သွင်မေလေးသည် သူမနှင့် အသက်မတိမ်းမယိမ်းပင်။

"သွင်မေ . . . ယုဉ်ကို ကူညီပါနော်"

သူမ သွင်မေ့ထံမှာပင် အကူအညီတောင်းလိုက်မိပါတော့သည်။

"ပြောလေ ယုဉ်၊ သွင်မေ ဘာကူညီရမလဲ?"



"ယုဉ်ဖေဖေက လွန်ခဲ့တဲ့ဆယ့်ခုနစ်နှစ်လောက်က ဒီဆေးရုံမှာပဲ ဆုံးပါးသွားခဲ့တယ်လေ။ ဆေးထိုးမှားမှုနဲ့ပေါ့။ အဲ့ဒီဖိုင်လေး ရှာပေးပါလား သွင်မေရယ် . . . နော်"

"ရပါတယ်၊ အချင်းချင်းပဲ ကူညီရမှာပေါ့။ ဒါပေမဲ့ ဒီရက်ပိုင်းအတွင်းတော့ သွင်မေ မအားသေးဘူး ယုဉ်။ နောက် သုံးရက်လောက်ကြာရင်တော့ ရှာပေးနိုင်မှာပါ"

"ရှာပေးမယ်ဆိုရင်ပဲ ကျေးဇူးတင်လှပါပြီ သွင်မေရယ်။ ဖိုင်ကိုရှာတဲ့နေရာမှာ အသုံးဝင်မယ့်အချက်အလက်လေးတွေကို ယုဉ်စုထားပေးမယ်နော်"

သူမ လိုက်လံစွာ သွင်မေလေးကို ကျေးဇူးတင်လိုက်မိပါတော့သည်။ သူမဘဝတွင် နောက်တစ်ယောက်မရှိသော သူမဖခင်ကြီး ဘယ်သူ့ကြောင့်သေဆုံးခဲ့သည်ဆိုသည်ကိုတော့ သူမ ကောင်းစွာသိနေရမည်ပင်။

"ဒါနဲ့ . . . သွင်မေတို့ ဘယ်တော့လောက်စားရမှာလဲ ယုဉ်"

"လာမယ့်အပတ်ထဲမှာပဲလေ သွင်မေ။ ဖိတ်စာတွေတောင်ဝေပြီးပြီ။ ဒီဆေးရုံက ကိုယ့်လူတွေအတွက်ကိုတော့ တံခါးမရှိ ဓားမရှိပေါ့"

"အဲ့ဒီနေ့မှာ Duty ကျလို့မလာဖြစ်ဘူးဆိုရင် စိတ်မဆိုးနဲ့နော် ယုဉ်"

"စိတ်ဆိုးစရာလား? အချင်းချင်းပဲ။ နားလည်ပေးရမှာပေါ့။ နောက်နေ့ Duty ဝင်တွေအတွက် နောက်တစ်ပွဲစီစဉ်ထားသေးတယ်လေ"

"အားကျစရာပါလား ယုဉ်ရယ်"

"သွင်မေလည်း ကြိုးစားလေ"

"နောက်တော့မှပဲ ကြိုးစားတော့မယ် ယုဉ်ရေ . . . အခုတော့ Duty ဝင်ရမှာဖြစ်လို့ ခွင့်ပြုဦး"

သူမကို သွင်မေလေးနှုတ်ဆက်ပြီး ထွက်ခွာသွားသော် သူမလည်း ဝင်ရမည့် Duty list ကိုစစ်ဆေးလိုက်ရပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

မင်္ဂလာဆောင်မတိုင်မီ နှစ်ရက်အလိုမှာပင် သူမ ခွင့်ယူလိုက်ပါသည်။ ထို့နောက် သူမတို့မင်္ဂလာဆောင်အတွက် လိုအပ်သည်များကို ဦးဝိဉာဏ်ခနှင့်အတူ လိုက်စီစဉ်ပါ၏။ ထို့အပြင် သူမသည် ဦးဝိဉာဏ်ခ လွန်စွာမြတ်နိုးလှသော ဆရာဝန်ဘဝကို ပြန်ပေးရန်အတွက် ကြိုးစားရန်လည်း စဉ်းစားထားပါသေး၏။

သူမနှင့် ဦးဝိဉာဏ်ခတို့ ပျော်ရွှင်စွာပင် အချိန်များကို ကုန်ဆုံးရင်း မင်္ဂလာဆောင်သည့်ရက်သို့ပင် ရောက်ခဲ့ပါတော့သည်။



Western Park တွင် သူမတို့မင်္ဂလာဆောင်ကို နံနက်(၁၀)နာရီတွင် ကျင်းပမည်ဖြစ်သော်လည်း သူမ စိတ်စောလျင်စွာဖြင့် **Wedding Dress** Storeသို့ နံနက်(၈)နာရီမှာပင် ထွက်ခဲ့လိုက်ပါတော့သည်။ ဦးဝိဉာဏ်ခတို့ မင်္ဂလာဆောင်သို့ပင် တန်းလာခဲ့ရန် သူမ ဖုန်းဖြင့်မှာကြားခဲ့ပြီးဖြစ်ပါသည်။

သူမဘဝတွင် တစ်ခါသာချစ်ခဲ့ဖူးပြီး ထိုချစ်သူကိုပင် ယခုပိုင်ဆိုင်ရတော့မည်ဖြစ်သောကြောင့် သူမ အတိုင်းမသိပျော်ရွှင်နေမိပါတော့သည်။

"တော်တော့ကို ပျော်နေတယ်ပေါ့ သတို့သမီး ယုဉ်"

သတို့သမီးအရန်လုပ်ပေးသည့် မိုးပွင့်ဖြူပင် သူမစိတ်အစဉ်ကို ရိပ်မိနေတော့၏။

"မပျော်ဘဲနေမလား၊ မိုးပွင့်ရယ်။ ငါအခုလက်ထပ်မယ့်သူက ဦးဉာဏ်လေ"

"ပြောတတ်ပါ့ ယုဉ်ရယ်။ ယုဉ်ပဲ ပြောပါတော့"

သူမတို့နှစ်ယောက်စလုံး ပြင်ဆင်ပြီးသော် နံနက်(၉)နာရီ ထိုးသွားပေပြီ။ ထိုစဉ် သူမဖုန်းလေး Ring မြည်လာလေသည်။

"Hello"

"ယုဉ် . . . ဒီမှာ အားလုံးစောင့်နေကြပြီနော်"

ဦးဝိဉာဏ်ခ၏အသံကို ဖုန်းထဲမှ သူမကြားလိုက်ရပြီး သူမ အလျင်စလိုပြုံးလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

"စိတ်ချပါ ယုဉ်ရယ်။ ယုဉ် ဘယ်မှထွက်မပြေး သွားပါဘူး။ တကယ်လို့ ထွက်ပြေးသွားမယ်ဆိုရင်တောင် ယုဉ့်သတို့သားလေးကို ဝင်ခိုးပြီးမှပြေးမှာပါနော်"

ဟုပြောလိုက်ပြီး သူမ ရယ်သွန်းမိပါသေး၏။

"ကဲပါ ယုဉ်ရယ်၊ နောက်မနေပါနဲ့။ တော်ကြာ ဦးဝိဉာဏ်ခ စိတ်ပူနေပါဦးမယ်"

"အင်း . . . ဦးဉာဏ်။ ခဏနေရင် ယုဉ်ရောက်လာတော့မှာပါ။ ခဏတော့စောင့်လိုက်ပါဦး ယုဉ့်ရဲ့သတို့သားလေးရယ် နော်"

ဟု သူမ ချစ်စနိုးဖြင့်ပြောပြီး ဖုန်းချလိုက်ပါတော့သည်။

"ယုဉ် . . . အမြဲတမ်းလိုလို အဲ့လိုပဲနောက်နေတာလား?"

"ဦးဉာဏ်ကို ချစ်လွန်းလို့ ဘယ်လိုလုပ်လို့ လုပ်ရမှန်းတောင်မသိရင် တစ်ခါတစ်ခါ အသည်းယားပြီး အဲ့လိုပဲ နောက်လိုက်မိတယ် မိုးပွင့်ရဲ့။ မနာလိုမဖြစ်နဲ့နော်။ ကိုယ့်ဘာသာရှာ"

"စိတ်ချပါ ယုဉ်ရယ်။ ညည်းကိုကြည့်ပြီး မိုးပွင့်တောင် တော်တော်လေးအားကျနေပြီ။ ဒါနဲ့ ယုဉ့်သတို့သားလေးက ယုဉ့်ပါးကိုရောနမ်းဖူးပြီးရဲ့လား?"

"ဦးဉာဏ်က တော်တော့်ကို ဣန္ဒြေကြီးတာ။ ယုဉ် ဘယ်လိုမှစည်းရုံးလို့ကို မရပါဘူး မိုးပွင့်ရယ်"

"ဟယ်တော့ . . . မိန်းမ၊ အကဲပိုလိုက်တာ"

မိုးပွင့်ဖြူက သူမကို အသည်းယားစွာဖြင့် လှမ်းထုလိုက်ပါတော့သည်။ ထိုစဉ် သူမ၏ဖုန်းလေး Ring ထပ်မြည်လာပြန်သေး၏။ သူမ ဖုန်းကိုဖွင့်လိုက်ပြီးသည်နှင့် . . .

"နောက်ထပ် မိနစ်နည်းနည်းလောက်ပဲစောင့်ပါ သတို့သားလေးရယ် နော်"

ဟု ပြောလိုက်သော် တစ်ဖက်မှ . . .

"ယုဉ် . . . ငါဆက်တာ။ နင့်ကို အရေးကြီးတာပြောစရာ၊ ပြစရာ



ရှိလို့။ ငါ့ဆီကို အခုချက်ချင်း လာခဲ့လို့ရမလား?"

သွင်မေလေး၏ အလောတကြီးပြောသံကို ကြားလိုက်ရပါသည်။

"သွင်မေ . . . ယုဉ်က အခု မင်္ဂလာဆောင်ခန်းမကိုတောင် သွားတော့မှာလေ။ ဘယ်လိုလုပ် လာလို့ရတော့မလဲ?"

"အရေးကြီးတယ် ယုဉ်။ လာခဲ့မှဖြစ်မယ်"

"ဘယ်ကိစ္စက ဒီလောက်တောင် အရေးကြီးနေတာလဲ သွင်မေ"

"ယုဉ့်ဖေဖေ ဦးကောင်းသန့် Case လေ။ နောက်ပြီး ဦးဝိဉာဏ်ခနဲ့ လည်းဆိုင်တယ်။ လာခဲ့ပါနော်"

သူမ ချက်ချင်းပင် သွင်မေလေးပြောသည့်အကြောင်းကို သိချင်သွားပါသည်။ ထို့ကြောင့် သူမ ချက်ချင်းပင် သွင်မေလေးရှိရာ ဆေးရုံဝန်းထဲသို့လိုက်သွားရန် ဆုံးဖြတ်လိုက်ပါတော့သည်။

"သွင်မေ . . . ယုဉ့်ကို ကားပါကင်ထိုးနေကျနေရာမှာ လာစောင့်ပါနော်။ ယုဉ်က အခု သတို့သမီးဝတ်စုံကြီး ဝတ်ပြီးသားဖြစ်နေလို့"

"အင်း . . . သွင်မေစောင့်နေမယ်"

သူမ ဖုန်းချပြီးသည်နှင့် မိုးပွင့်ဖြူကို အားကိုးစွာ လှမ်းကြည့်လိုက်မိပါတော့သည်။

"ပွင့်ဖြူ . . . ယုဉ် အရေးကြီးကိစ္စရှိလို့ အပြင်ကို မဖြစ်မနေသွားရလိမ့်မယ်"

"မင်္ဂလာဆောင်ကိုရော . . ."

"ယုဉ် အချိန်မီရောက်လာမှာပါ။ ပွင့်ဖြူက မင်္ဂလာဆောင်ကို အရင်သွားနှင့်နော်"

သူမ မှာပြီးသည်နှင့် ဆိုင်ထဲမှထွက်ကာ ကားပေါ်သို့တက်လိုက်ပါသည်။ စက်နှိုးပြီးသည်နှင့် သွင်မေလေးနှင့်ချိန်းထားရာသို့ သူမ ကားလေးကို ဦးတည်လိုက်ပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

သူမ ဆေးရုံဝန်းထဲသို့ရောက်သော် ကားပါကင်ထိုးနေကျနေရာတွင် သွင်မေလေးစောင့်နေပါ၏။ လက်ထဲတွင်လည်း ဖိုင်အဝါရောင်တစ်ဖိုင် ကိုင်ထားသည်ကို တွေ့လိုက်ရပါသည်။ သူမ သွင်မေလေးနှင့် အနီးဆုံးတွင် ကားကိုရပ်လိုက်ပါသည်။

"ကျေးဇူးတင်လိုက်တာ ယုဉ်ရယ်။ ရောက်မလာဘူးလို့တောင် ထင်ထားတာ"

"ယုဉ့်ဘဝမှာ အရေးအကြီးဆုံးက ယုဉ့်ဖေဖေနဲ့ ဦးညဏ်ပဲရှိတာပါ သွင်မေရယ်။ ဖေဖေ့ကိစ္စဆိုတော့ ယုဉ်မလာဘဲ နေပါ့မလား?"

သူမ စကားသံဆုံးသည်နှင့် သွင်မေလေး သက်ပြင်းမောတစ်ခုကို ချလိုက်ပါတော့သည်။

"ကားပေါ်တက်လေ"

သူမဖိတ်ခေါ်မှုကြောင့် သွင်မေလေးသည် ကားခေါင်းခန်းထဲသို့ဝင်ထိုင်လိုက်ပါသည်။ ထို့နောက် သူမကို ငေးကြည့်နေ၏။

"ယုဉ့်ကို မင်္ဂလာဆောင်ကခေါ်တာ အခုလို ငေးကြည့်နေဖို့တော့ မဟုတ်ပါဘူးနော် သွင်မေ"

သူမ ပြုံးရိပ်သန်းရင်းမေးလိုက်စဉ် သွင်မေသည် ဝေ့လာသောမျက်ရည်များကို သူမလက်နှင့် ဆတ်ခနဲသုတ်လိုက်ပါသည်။



"ဘာဖြစ်လို့လဲ သွင်မေ?"

သွင်မေလေး၏ မျက်ရည်များကိုကြည့်ပြီး သူမ စိတ်ပူစွာမေးလိုက်ပါသည်။

"အရမ်းခက်ခဲတဲ့ အခြေအနေတစ်ခုကို ယုဉ် မကြာခင်ရင်ဆိုင်ရတော့မယ်"

လေးလံလှသည့် သွင်မေလေး၏စကားလုံးများကို သူမ မည်သို့မျှ နားမလည်နိုင်တော့ချေ။

"သွင်မေ . . . ဘာပြောချင်တာလဲ?"

"ယုဉ် . . . ဦးဝိညာဏ်ကို အရမ်းချစ်တာပဲလား?"

"သွင်မေ . . ."

"နောက်ပြီး ယုဉ့်ဖေဖေကိုရော အရမ်းချစ်တာပဲလား ယုဉ်"

သူမ မျက်လုံးအဝိုင်းသားနှင့် ငေးကြည့်နေခိုက် သွင်မေလေး၏ မျက်ဝန်းတွင် မျက်ရည်စတချို့ကို သူမ ထပ်မံတွေ့လိုက်ရပြန်သည်။

"အရမ်းခက်ခဲတဲ့ ရွေးချယ်မှုကြီးတစ်ခုကို မဖန်တီးချင်ပေမယ့် ယုဉ့်ကိုဖွင့်ပြောမှဖြစ်မယ့် အခြေအနေမို့ပါ"

"ဘာတွေလဲ သွင်မေ။ ယုဉ် နားမလည်တော့ဘူး"

"ယုဉ့်ဖေဖေ ဦးကောင်းသန့်က ဆေးထိုးမှားပြီး သေဆုံးခဲ့တာနော်"

"အင်း . . ."

သူမ မေးခွန်းအဖြေများအကြား တဖြည်းဖြည်း ရင်လေးလာပါ၏။

"ဆေးမှားထိုးပေးတဲ့ Doctor က ဘယ်သူလို့ ယုဉ်ထင်လဲ?"

သူမ နားမလည်နိုင်။ သွင်မေလေးကို ငေးကြည့်နေမိတော့၏။

"သွင်မေလည်း ပါးစပ်ကမပြောရဲဘူး။ ဖိုင်ထဲမှာပဲ ကြည့်လိုက်တော့ ယုဉ်ရယ်"

သွင်မေလေးသည် သူမထံသို့ ဖိုင်အဝါရောင်လေးကို ကမ်းပေး၏။ သူမ ဖိုင်လေးကိုယူလိုက်သော်လည်း ဖွင့်မကြည့်ဖြစ်သေးဘဲ သွင်မေလေးကို နားမလည်စွာငေးကြည့်လိုက်မိပါသေးသည်။



www.burmeseclassic.com

www.burmeseclassic.com

"ခဏနေပါဦး ယှဉ်။ တကယ်လို့ ဒီဖိုင်ထဲမှာ ယှဉ်တစ်ခုခုကိုတွေ့ရင် အဲ့ဒီအတွက် အားတင်းထားပါနော်"

ကားပေါ်မှဆင်းရန် သွင်မေလေး ကားတံခါးဖွင့်လိုက်ပါသည်။ ထို့နောက် သူမကို လှည့်ကြည့်လိုက်ပြီး . . .

"အကောင်းဆုံးဆုံးဖြတ်မှုတစ်ခုကို ပြတ်ပြတ်သားသားချလိုက်ပါ ယှဉ်ရယ် နော် . . .။ လူတိုင်းလူတိုင်း အခက်အခဲဆိုတာ ကြုံရစမြဲပါ"

သွင်မေလေး ပြောပြီးသည်နှင့် ကားပေါ်မှဆင်းသွားလေတော့သည်။ သူမ ဖိုင်အဝါရောင်လေးကို ဖွင့်ကြည့်လိုက်ပါသည်။ ဦးကောင်းသန့်နှင့် ပတ်သက်သည့်စာရင်းများပင်။ ဆေးရုံပေါ် အရေးပေါ်ရောက်ရှိလာခြင်းဖြစ်ကြောင်းလည်း ပါလေသည်။ သူမ ဖိုင်အဝါလေးတွင်ပါသော စာရွက်နောက်တစ်ရွက်ကို ထပ်လှန်လိုက်ချိန်ဝယ် . . .

"ဘုရား . . . ဘုရား . . ."

သူမ ကိုယ့်မျက်လုံးကိုပင် မယုံနိုင်ဖြစ်သွားပါသည်။ ဖေဖေ့ကို ဆေးထိုးမှားသွားသည့် ဒေါက်တာနာမည်က ဝိဉာဏ်ခတဲ့။

"အရှင်ဘုရား"

မျက်ဝန်းတွင် မျက်ရည်များ ဝေ့တက်လာပါသည်။ သူမရင်ဘတ်လည်း လွန်စွာအောင့်နေပေပြီ။

"ဖေကြီး . . . ဖေကြီးဆုံးတာ ဦးဉာဏ်ကြောင့်ပေါ့ ဟုတ်လား?"

သူမ မြင်ဖူးနေကျ ဦးဝိဉာဏ်ခ၏ Sign ကို File ထဲတွင် တွေ့မြင်လိုက်ရပါသည်။

"ဖေကြီးကို နမော်နမဲ့နဲ့ သတ်လိုက်တဲ့ဒေါက်တာက ဦးဉာဏ်ပေါ့ ဟုတ်လား။ ဘုရား . . . ဘုရား . . ."

သူမ လက်ထဲတွင်ကိုင်ထားသော ဖိုင်အဝါရောင်လေး ပြုတ်ကျသွားပါသည်။ သူမ ကားစတီယာတိုင်ပေါ်တွင် ခေါင်းတင်ရင်း အားရအောင် ငိုကြွေးလိုက်မိပါတော့သည်။ ဖခင်ကိုသတ်သည့်သူ့ကို သူမ မကြာ



ခင်မှာပင် လက်ထပ်တော့မည်ပင်။ သူမလုပ်ရပ်ကြောင့် တမလွန်မှ ဖခင်ကြီး မည်သို့ခံစားရမည်နည်း။

ထိုအပြင် ဖခင်သတ်ပြီး သမီးကိုပါ လိုချင်သလိုပုံသွင်းခဲ့သည့် သူ့ပုံရိပ်များကို သူမ မြင်ကွင်းထဲတွင် မြင်ယောင်နေမိပြန်သေး၏။ သေချာသည်က သူမ၏ဖခင်ကိုသတ်လိုက်သော ဒေါက်တာမှာ ဦးဝိဉာဏ်ခမှန်းသိလိုက်ရသော်လည်း သူမ ဦးဝိဉာဏ်ခကို မုန်းလို့မရသေးပါ။ မုန်းချင်မိပါ၏။ လွန်စွာ မုန်းချင်မိပါ၏။ သို့သော် သူမ မည်သို့မျှ မမုန်းနိုင်ပါ။ သို့သော် သူမကို အကွက်ကျကျလိမ်လည်ထားခဲ့ သော ဦးဝိဉာဏ်ခကို စိတ်နာမိပါ၏။ မုန်းသည်နှင့်စိတ်နာသည်က တခြားစီပါ။

သေချာသည်က သူမ ဦးဝိဉာဏ်ခကို အသက်လောက်ချစ်ပါသေး၏။ မမုန်းသေးပါ။ သို့သော် ဦးဝိဉာဏ်ခကို သူမ သေလောက်အောင်ကို စိတ်နာသွားမိပါသည်။

"ဘာဖြစ်လို့ ဦးဉာဏ်နဲ့ ဖေကြီးကိုမှ ရွေးပြီးဆုံပေးခဲ့တာလဲ ကံကြမ္မာကြီးရယ်"

သူမ ကားထဲတွင် တစ်ယောက်တည်း စိတ်ကျေနပ်အောင် ငိုကြွေးနေမိပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

သူမကားလေး မင်္ဂလာခန်းမအတွင်းသို့ ကွေ့ဝင်လိုက်သည်နှင့် လွန်စွာစိတ်ပူနေရှာသော ဦးဝိဉာဏ်ခကို သူမ မြင်တွေ့လိုက်ရပါသည်။ သူမ ကားလေးရပ်လိုက်သည်နှင့် ဦးဝိဉာဏ်ခသည် သူမကိုလှမ်းကြည့်နေ၏။ သို့သော် နေရာမှ တုတ်တုတ်ပင်မလှုပ်။ သူမ ကားပေါ်မှဆင်းကာ ဦးဝိဉာဏ်ခအနားသို့ လှမ်းလျှောက်သွားလိုက်ပါသည်။

ရွှဲရွှဲစိုအောင်ငိုထားသော သူမ၏မျက်ရည်များကို ဦးဝိဉာဏ်ခ လစ်လျူရှုထားသည်လား၊ မမြင်သည်လားဆိုသည်ကိုတော့ သူမ မသိပါ။ ငိုထားသည့်အကြောင်းအရင်းကိုတော့ ထူးဆန်းစွာ မမေးချေ။

"ဦးဉာဏ်က ယုဉ် ဒီကိုမလာတော့ဘူးလို့တောင် ထင်နေမိတာ"

ဦးဝိဉာဏ်ခ သူမကိုငေးငေးလေးကြည့်ရင်းပြောသော် သူမ မဲ့ပြုံးပြုံးလိုက်ရင်း . . .

"ယုဉ်က ရှောင်ပြေးတတ်တဲ့မိန်းမလို့ ဦးဉာဏ်က ထင်လို့လား။ မထင်ပါနဲ့ ဦးဉာဏ်။ ယုဉ် ရှောင်မပြေးတတ်ပါဘူး။ နောက်ပြီး ယုဉ်သိပ်ချစ်တဲ့ ဦးဉာဏ်ကိုလည်း ယုဉ် လက်မထပ်ဘဲ ဘယ်နေပါ့မလဲ?"

သူမ အေးစက်နေသော ဦးဉာဏ်၏လက်ဖဝါးလေးကို လှမ်းကိုင်ကာ ပြောလိုက်ပြီး မင်္ဂလာဆောင်ခန်းမထဲသို့ ဝင်ခဲ့လိုက်ပါတော့သည်။ ခန်းမထဲသို့မဝင်မီ . . .



"ယုဉ် လက်ထပ်ဖို့ကိစ္စကို ပြန်စဉ်းစားချင်သေးလား"

"ဟင့်အင်း . . . ယုဉ် ဒီကမ္ဘာမှာ လက်ထပ်မယ့်ယောကျ်ားဟာ ဦးဉာဏ်တစ်ယောက်တည်းပါပဲ?"

သူမ ဦးဉာဏ်ကို ပြတ်သားစွာပင် ပြောလိုက်ပါသည်။ ထို့နောက် သူမနှင့် ဦးဝိဉာဏ်ခတို့ မင်္ဂလာဆောင်ခန်းမထဲသို့ ဝင်ခဲ့ကြပြီး သူတို့ မင်္ဂလာပွဲလေးကို အောင်မြင်စွာပြီးမြောက်အောင် ကျင်းပလိုက်ကြပါသည်။

သူမ သူ့ကို လွန်စွာချစ်ပါသည်။ သူ့ကိုချစ်လျက်နှင့် သူမ လက်စားချေမည်ပင်။ မင်္ဂလာပွဲတွင် သတို့သမီးမလာမည်ကိုစိုးရိမ်သည့် သတို့သားတစ်ယောက်၏ခံစားချက်ထက် ပိုခံရခက်သော ခံစားချက်ကို သူမ သူ့အတွက်ဖန်တီးရန် ဆုံးဖြတ်ပြီးပြီပင်။

"ထိုက်သင့်တဲ့အပြစ်ကို ဦးဉာဏ်ပေးဆပ်ရလိမ့်မယ်။ ဦးဉာဏ်ကို ယုဉ် ချစ်နေလျက်နဲ့ပဲ အဲ့ဒီအပြစ်ကို အရေးယူမှာပါ"

သူမ၏ဆုံးဖြတ်ချက်ကြောင့် သူမ အသည်းနှလုံးများ တဆတ်ဆတ်တုန်အောင် နာကျင်ရပါ၏။ သို့သော် သူ့ကိုတော့ သူမ ရအောင်ကလဲ့စားချေဦးမည်ပင်။ ဖခင်ကြီး၏အသက်ကို ဒီအတိုင်း အလကားကြီးအဖြစ် မခံနိုင်ပါ။

"တကယ်တော့ ချစ်တာနဲ့ကလဲ့စားချေတယ်ဆိုတာ တခြားစီဖြစ်နေမှန်း ဒီနေ့မှသိလိုက်ရတာပါ ဦးဉာဏ်"

မင်္ဂလာဆောင်ခန်းမအတွင်း သူမကိုယ်တိုင်လက်တွဲကာ လမ်းလျှောက်နေသော ဦးဝိဉာဏ်ခကို ဘေးတိုက်အနေအထား ငေးငေးလေးကြည့်နေရင်းမှ သူမရင်ထဲမှ ကြိမ်းဝါးလိုက်ပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

ဦးဝိဉာဏ်ခ၏အိမ်လေးက လွန်စွာတိတ်ဆိတ်လွန်းနေ၏။ သူမ ကားလေးကို ခြံဝန်းထဲမောင်းဝင်လာပြီး အိမ်ရှေ့တွင် ကားရပ်လိုက်ပါသည်။

"မင်္ဂလာဆောင်ပြီးပြီးချင်းပဲ ယုဉ်ကို အခုလိုကားမောင်းခိုင်းရတာ ဦးဉာဏ် တကယ်စိတ်မကောင်းဖြစ်မိတယ်"

ဦးဝိဉာဏ်ခကိုယ်ခန္ဓာတစ်ခုလုံး ချွေးများရွှဲနေ၏။ မင်္ဂလာဆောင်အတွင်း စိတ်လှုပ်ရှားလွန်းသောကြောင့် အခုလိုဖြစ်ပါသည်ဟု သူမကို ဦးဝိဉာဏ်ခ ဝန်ခံထားပါသည်။

"ရပါတယ် ဦးဉာဏ်ရယ်။ အခု ဦးဉာဏ်ကလည်း တကယ်မူးနေလို့ပဲ။ လာ . . . ကားပေါ်ကဆင်း။ ယုဉ်တွဲခေါ်ပေးမယ်"

သူမ ကားပေါ်ကဆင်းလိုက်ပါသည်။ ထို့နောက် ဦးဝိဉာဏ်ခရှိရာ ကားတံခါးကိုဖွင့်ပြီး ဦးဝိဉာဏ်ခကိုတွဲကာ အိမ်ဧည့်ခန်းအတွင်းသို့ ခေါ်ဆောင်ခဲ့လိုက်ပါသည်။

"လေကောင်းလေသန့်ရအောင် ဝရန်တာကိုသွားမလား ဦးဉာဏ်?"

ဦးဝိဉာဏ်ခအိမ်၏ ဝရန်တာတွင် အပန်းဖြေအနားယူရန် ထိုင်ခုံနှင့်စားပွဲများရှိသည်ကို သူမ သိထားသောကြောင့် မေးလိုက်ပါသည်။ ဦးဝိဉာဏ်ခ ခေါင်းညိတ်ရှာ၏။



"ဒါဆို ယုဉ်ကိုတွဲနော်"

သူမ ဦးဝိဉာဏ်ခကို သေချာစွာတွဲခေါ်ကာ အိမ်ပေါ်ဝရန်တာသို့ တက်ခဲ့လိုက်ပါတော့သည်။

"တစ်ခုခုသောက်လိုက်ပါလား ဦးဉာဏ်။ ခေါင်းမူးသက်သာအောင်လေ။ ဥပမာ –သံပုရာရည်ဖြစ်ဖြစ်ပေါ့"

ထိုင်ခုံတွင် ဦးဉာဏ်ကိုထိုင်စေလိုက်ပြီး သူမ မေးလိုက်ပါသည်။

"မလုပ်ပါနဲ့။ ယုဉ် ပင်ပန်းနေပါ့မယ်။ အခု အိမ်မှာက ဘယ်သူမှလည်း မရှိကြဘူး"

"အဲ့လိုမရှိအောင် ယုဉ်ပဲပြောထားတာလေ။ ဒီတော့ ဦးဉာဏ်ရဲ့ တာဝန်ကို ယုဉ် ရဲရဲကြီးယူရမှာပေါ့။ ခဏစောင့်၊ သံပုရာရည်ဖျော်ပြီး ယုဉ် ပြန်လာခဲ့မယ်"

သူမ ဦးဝိဉာဏ်ခကို ဝရန်တာတွင်ထားခဲ့ပြီး အောက်ထပ်သို့ဆင်းခဲ့လိုက်ပါသည်။ တကယ်တော့ သူမ ဦးဝိဉာဏ်ခနှင့် အတူနေရသည့် ယခုဘဝကို လွန်စွာနှစ်သက်ပါ၏။ လိုအပ်ခြင်းဟူသည် မရှိတော့ဟု သူမ ခံစားမိပါသည်။ သို့သော်လည်း သူမ ကိုယ်ခန္ဓာတွင် စီးဆင်းနေသည်က သူမဖခင် ဦးကောင်းသန့်၏သွေးများပင်။ အချစ်တစ်ခုတည်းကို ကြည့်ကာ မွေးကျေးဇူးကန်းသော သမီးတစ်ယောက်လည်း သူမ မဖြစ်ချင်ပြန်။

အတွေးများကြောင့် သူမလက်များပင် တဆတ်ဆတ်တုန်ရင်လို့ နေပါသည်။ သူမ ကြိုးစားကာ သံပုရာရည်ဖျော်ပြီး ဦးဝိဉာဏ်ခထံသို့ ယူဆောင်လာခဲ့ပါတော့သည်။

"ဦးဉာဏ် . . . သံပုရာရည်ရပြီ။ သောက်လိုက်ဦး"

ဦးဝိဉာဏ်ခက သူမကိုငေးကြည့်နေ၏။ သူမ ဦးဝိဉာဏ်ခ၏မျက်နှာချင်းဆိုင်ထိုင်ခုံတွင် ဝင်ထိုင်လိုက်ပါသည်။

"ဒီနေ့ ယုဉ်တို့လက်ထပ်ပြီးပြီဆိုတော့ ပွင့်ပွင့်လင်းလင်း ထိုင်ပင်စရာ၊ ဝန်ခံစရာရှိရင် ပြောနော်။ ယုဉ်လည်း ပြောပြမယ်"



www.burmeseclassic.com

www.burmeseclassic.com

သူမကို ဦးဝိဉာဏ်ခ တွေတွေငေးကြည့်နေတုန်းပင်။ သံပုရာရည်ကို သောက်ပင်မသောက်သေး။

"သံပုရာရည်သောက်လိုက်ပါဦး ဦးဉာဏ်။ ဒါမှ အမူးပြေသွားမှာ"

သူမစကားဆုံးသော် ဦးဝိဉာဏ်ခ၏ တွေဝေနေသောအကြည့်များက သံပုရာရည်ခွက်ဆီသို့ ရောက်သွားပါသည်။ သို့သော် ဖျော်ရည်ခွက်ကို ယူမသောက်သေးချေ။

"အဲ့ဒီထဲမှာ ယှဉ် အဆိပ်မခတ်ထားပါဘူး ဦးဉာဏ်"

သူမစကားဆုံးသော် ဦးဝိဉာဏ်ခသည် သံပုရာရည်ခွက်ကို မော့သောက်လိုက်ပါသည်။ ထို့နောက် စားပွဲပေါ်သို့ ခွက်ကိုပြန်တင်ရင်း . .

"တကယ်လို့ အဆိပ်ဖြစ်နေဦးတော့။ ယှဉ်တိုက်တယ်ဆိုရင် ဦးဉာဏ်ငြင်းမှာမဟုတ်ပါဘူး"

ဟု ဆွေးဆွေးလေးပြောရှာပါသည်။ ဦးဝိဉာဏ်ခစကားကိုကြားရတော့ သူမ စိတ်မကောင်းဖြစ်ရပြန်၏။ သို့သော် . . .

"ဦးဉာဏ်မှာ ယှဉ့်ကိုဝန်ခံစရာ တစ်ခုခုများရှိနေမလား"

"ဦးဉာဏ်ကို ဘာဝန်ခံခိုင်းစေချင်လို့လဲ?"

"တစ်ယောက်နဲ့တစ်ယောက် ပွင့်လင်းသင့်တယ်လို့ ယှဉ်ထင်လို့ပါ"

ဝန်ခံမှုတစ်ခု၊ တောင်းပန်မှုတစ်ခု၊ သူမ လွန်စွာတောင့်တမိပါ၏။ သူမရင်ထဲတွင်လည်း ဖခင်ကိုဆုံးရှုံးလိုက်ရသောကြောင့် ဖြစ်ပေါ်ရသည့်စိတ်၊ ဦးဉာဏ်ကို ချစ်လွန်းသောကြောင့် ဖြစ်ပေါ်ရသည့်စိတ်၊ ထိုစိတ်များသူမရင်ထဲတွင် စစ်တိုက်နေကြပါ၏။ ဖခင်၏စိတ်ကို သူမ အနိုင်ပေးချင်နေပါ၏။ သို့သော် ဦးဉာဏ်ကိုလည်း သူမ အနိုင်မယူရက်ပြန်။

"ပွင့်လင်းမှုဆိုတဲ့ အလင်းတန်းလေးကို ဦးဉာဏ် အရမ်းနှစ်သက်ပါတယ်။ ဒါပေမဲ့ အဲ့ဒီအလင်းတန်းက ဦးဉာဏ်အတွက်တော့ နှုတ်ခမ်းစွန်းက ပန်းတစ်ပွင့်လိုပဲ။ ပန်းပွင့်ကိုတော့ လိုချင်ပါတယ်။ ဒါပေမဲ့ တောင်စောင်းကနေ ချောက်နက်နက်ထဲကို ပြုတ်ကျသွားမှာ အရမ်းကြောက်တယ်"



ဦးဝိဉာဏ်ခ မျက်ရည်လေးဝဲကာပြော၏။ သူမ ရင်ထဲမချိအောင် ခံစားရပါ၏။

"ဦးဉာဏ် . . . ကိုယ်အရမ်းချစ်တဲ့လူကို ကိုယ်က ကလဲ့စားချေရမယ်ဆိုရင် ချေသင့်လား?"

"တကယ်က ကိုယ်ကိုယ်တိုင် ကလဲ့စားကိုချေချင်၏၊ မချေချင်၏အပေါ်မှာ မူတည်ပါတယ် ယှဉ်။ ကိုယ်ကရော တကယ်ချေချင်ရဲ့လား?"

"မသိတော့ဘူး။ ဒါပေမဲ့ ချေဖြစ်အောင်တော့ ချေလိုက်မယ်လို့တော့ ဆုံးဖြတ်မိတယ်"

"ကောင်းပါတယ် ယှဉ်။ ယှဉ် အဆင်ပြေသလိုသာလုပ်ပါ"

ဦးဝိဉာဏ်ခ၏အသံက စစ်မဖြစ်ခင်က အလံဖြူပြနေသည့် ငြိမ်းချမ်းရေးအသံပင်ဖြစ်ပါသည်။

"အမုန်းသင့်ဆုံးလူ၊ နောက်ပြီး အဲ့ဒီလူက အချစ်ဆုံးလူဖြစ်နေရင် ဘာကိုရွေးရမလဲ ဦးဉာဏ်"

"မုန်းလိုက်ပါ"

တကယ်တော့ သူမခေါင်းထဲလည်း လွန်စွာ ရှုပ်ထွေးလို့နေ၏။ အစွန်းရောက်ခံစားချက်နှစ်ခုက သူမရင်ထဲတွင် နေရာအပြိုင်အဆိုင်ယူနေကြပြန်၏။

"မုန်းလို့မရသေးဘူး ဦးဉာဏ်"

"မုန်းသင့်တယ်လို့ထင်ရင် ကြိုးစားပြီးသာမုန်းလိုက်ပါ ယှဉ်"

"တကယ်တော့ ဘယ်လိုမှမုန်းလို့မရဘူး ဦးဉာဏ်။ ယှဉ်က သူ့ကိုကလဲ့စားချေချင်တာပါ။ တူညီတဲ့ခံစားချက်တစ်ခုကို ဖန်တီးပေးချင်တာ"

"သူ့ကိုချစ်နေသေးရဲ့သားနဲ့ ကလဲ့စားချေရင် ကာယကံရှင်ပဲ ခံစားရမှာလေ။ ကလဲ့စားချေတဲ့လူပဲ ခံစားရမှာပေါ့"

"ဒါပေမဲ့ သူ့ကိုလည်း လွှတ်မပေးချင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com

"မင်းကြိုက်သလိုသာ လုပ်ပါယှဉ်။ အားလုံးက မင်းအတွက် အဆင်သင့်ဖြစ်နေလောက်ပါပြီ"

သူမ သက်ပြင်းမောတစ်ခုကို ချလိုက်ပါသည်။ ထိုစဉ် စားပွဲပေါ် တင်ထားသော ဦးဝိညာဏ်ခ၏လက်များ တုန်ရင်နေသည်ကို သူမ တွေ့လိုက်ရပါသည်။

"ဦးညာဏ် . . ."

သူမ စိုးရိမ်စွာ ခေါ်လိုက်မိပါသည်။

"ဦးညာဏ် ကိုယ်ပူနေပြီယှဉ်။ ဦးညာဏ်ကို ခဏလောက်ဖြစ်ဖြစ် နားခွင့်ပေးပါနော်"

ဦးဝိညာဏ်ခ သူမထံတွင် မျက်နှာငယ်လေးနှင့် တောင်းဆိုလိုက်ပါသည်။

"အင်းလေ . . . သွားနားပါ။ လာ . . . ယှဉ် တွဲခေါ်သွားပေးမယ်"

သူမ ဦးဝိညာဏ်ခ၏အိပ်ခန်းထဲသို့ လိုက်ကာတွဲပို့ပေးလိုက်ပါသည်။ ထို့နောက် သူမ အခန်းအတွင်းရှိ Air-con ကို အပူချိန်တင်ပေးခဲ့ပြီး အခန်းထဲမှ ပြန်ထွက်ခဲ့ပါတော့သည်။

သူမ ဦးဝိညာဏ်ကို လွန်စွာချစ်ပါ၏။ သို့သော် ဖခင်ကြီး၏သေဆုံးမှုကိုတော့ သူမ လစ်လျူမရှုနိုင်ပါ။ တစ်ယောက်တည်းထိုင်နေရင်းမှ သေချာသည့်ဆုံးဖြတ်ချက်တစ်ခုကို ချလိုက်ပါတော့သည်။



"ပင်နီစလင် (Penicillin)"

သူမ နှုတ်မှရွတ်လိုက်ပြီးသည်နှင့် ထိုဆေးပုလင်းလေးထဲမှ ဆေးရည်များကို ဆေးထိုးအပ်နှင့် စုပ်ယူလိုက်ပါသည်။ ဟုတ်ပါသည်။ သူမ လူနာတစ်ယောက်ကို ပင်နီစလင်ဆေးထိုးပေးဖို့ ပြင်ဆင်နေခြင်းပင်။

ဆရာဝန်တစ်ယောက်တွင် လူနာတစ်ယောက်၏ ရောဂါပျောက်ကင်းသွားအောင် ကုပေးရမည့်တာဝန်ရှိပါသည်။ ပိုးသတ်ဆေးတစ်မျိုးဖြစ်သည့် ပင်နီစလင်ဆေးအမျိုးအစားနှင့် မတည့်သည့်လူအမျိုးအစားရှိပါသည်။ ထိုသို့ မတည့်သည့်ဆေးမျိုးကို ထိုးပေးလိုက်လျှင် အသက်အန္တရာယ်ပင် ထိခိုက်နိုင်ကြောင်းကိုလည်း ဆရာဝန်ဖြစ်သည့် သူမ ကောင်းစွာသိပါ၏။

ဆရာဝန်တစ်ယောက်သည် လူနာ၏အသက်ကို ကယ်ရန်အတွက် ဆရာဝန်လုပ်နေခြင်းပါ။ ယခုတော့ သူမ ထိုလူနာ့အသက်ကို သေစေနိုင်မည့်ဆေးကို ထိုးပေးရန် သွေးအေးအေးနှင့် စီစဉ်နေပါသည်။ ထိုသို့ဆေးထိုးကာလူသတ်ခြင်းသည် သူမအတွက်လည်း ဘေးဆိုးဖြစ်နိုင်ပါ၏။

ထိုဘေးဆိုးကို သူမ ရင်ဆိုင်ရဲပါသည်။ သူမ ထိုလူနာကို သတ်ချင်နေသည်သာသိပါ၏။ ထိုလူနာသည် သူမလက်ထဲတွင် ဆေးကိုသေ



www.burmeseclassic.com

www.burmeseclassic.com

ရမည်။ သူမ သတ်ဖြစ်အောင်သတ်မည်ပင်။ သွေးအေးလှသည့် သူမ၏ မျက်ဝန်းတွင် မျက်ရည်စတို့ရှိနေသော်လည်း သူမ၏မြင်ကွင်းကတော့ မျက်ရည်များကြောင့် ဝေဝါးမနေချေ။ တူညီသည့်ခံစားချက်ကို ထိုလူ့ကို သူမ ခံစားစေမည်ပင်။

"ဦးဉာဏ် . . . ဦးဉာဏ်ကို အရမ်းချစ်ပါတယ်။ ဒါပေမဲ့ ဖေကြီးရဲ့သေဆုံးမှုကို ယုဉ် မျက်ကွယ်မပြုနိုင်ဘူး"

သူမ ပင်နီစလင်ထိုးရန် သေချာစွာ ပြင်ဆင်လိုက်ပြီးပါပြီ။



"နိုးပြီလား ဦးဉာဏ်"

သူမ ဦးဝိဉာဏ်ခ၏မျက်နှာကို စေ့စေ့ထိုင်ကြည့်နေစဉ်မှာပင် ဦးဝိဉာဏ်ခ အိပ်ရာမှ နိုးလို့လာပေပြီ။

"အင်း . . . ဒါနဲ့ ဘယ်အချိန်ရှိပြီလဲ ယုဉ်"

"ည ခုနစ်နာရီကျော်ပြီ ဦးဉာဏ်"

"တောင်းပန်ပါတယ် ယုဉ်ရယ်။ မင်္ဂလာဦးနေ့မှာ ယုဉ်ကို တစ်ယောက်တည်း ထိုင်နေခိုင်းမိတယ်"

"ရပါတယ်။ ဦးဉာဏ်က နေမကောင်းလို့ပဲကို။ ယုဉ် နားလည်ပါတယ်။ အခုရော သက်သာပြီလား?"

သူမ ဦးဝိဉာဏ်ခနဖူးကို လက်ဖြင့် စမ်းကြည့်လိုက်ပါသည်။

"ကိုယ်ပူရှိသေးတယ် ဦးဉာဏ်။ သက်သာသွားအောင် ဆေးထိုးလိုက်ပါလား?"

"ဆေးထိုးဖို့ လိုအပ်လို့လား ယုဉ်"

"လိုအပ်တယ်ထင်လို့ပါ။ ဦးဉာဏ် မထိုးချင်လို့လား?"

"ထိုးချင်ပါတယ်။ ယုဉ်ထိုးပေးမှာ မဟုတ်လား။ ဦးဉာဏ် လက်ခံရမှာပေါ့။ ယုဉ့်စိတ်ကြိုက် အဆင်ပြေသလိုလုပ်ပါ"

"ဒါဆို ခဏစောင့်နော်။ ယုဉ် ဆေးသွားယူခဲ့မယ်"



www.burmeseclassic.com

www.burmeseclassic.com

"အင်း . . . ဦးဉာဏ် စောင့်နေပါ့မယ်"

သူမ ဦးဉာဏ်၏အိပ်ခန်းထဲမှ ထွက်ခဲ့လိုက်ပါသည်။ ထို့နောက် အခန်းအပြင်တွင် အဆင်သင့်ပြင်ထားသော ပင်နီစလင် (Penicillin)ဆေး ထိုးအပ်ကို သူမ ကိုင်ယူလိုက်ပါသည်။ သူမ ထိုအချိန်တွင် နောင်တရ မနေပါ။ သို့သော် သူမလက်များ တုန်ရင်နေ၏။ ထို့နောက် သူမ အခန်း ထဲသို့ ပြန်ဝင်ခဲ့လိုက်ပါသည်။

"ဆေးထိုးမယ်နော် ဦးဉာဏ်။ တင်ပါးကို ထိုးရမှာ"

သူမပြောတော့ ဦးဝိဉာဏ်ခသည် ဆေးထိုးပေးရန် လွယ်ကူသည့် အနေအထားသို့ ပြောင်းပေးရှာပါသည်။ သူမ ဦးဝိဉာဏ်ခ၏မျက်နှာ ကိုမကြည့်မိအောင် မနည်းသတိထားနေလိုက်၏။ ထို့နောက် ဦးဝိဉာဏ်ခ ၏တင်ပါးသို့ ပင်နီစလင် (Penicillin)ထိုးပေးလိုက်ပါသည်။ ထိုစဉ် သူမ မျက်ရည်များလည်း ကျနေသေးသည်။ လက်သည်လည်း လွန်စွာတုန် ရင်နေပါ၏။ ဆေးထိုးပြီးသော်လည်း သူမ ထိုးပြီးကြောင်းပြောဖို့ နှုတ် ဆိတ်လို့နေ၏။

"ပြီးပြီလား ယုဉ်"

သူမ မည်သို့မျှမပြောမိ။ ဦးဝိဉာဏ်ခ အသာအယာ ပက်လက်ပြန် လှန်လိုက်ပါသည်။

"ကျေနပ်သွားပြီလား ယုဉ် . . ."

သူမကို စေ့စေ့ကြည့်ရင်းပြောလိုက်သော ဦးဝိဉာဏ်ခ၏စကား ကြောင့် သူမ ဦးဝိဉာဏ်ခကို ထိတ်လန့်စွာ ကြည့်လိုက်မိပါသည်။

"နောက်တစ်ခါ ပင်နီစလင် (Penicillin) ထိုးမယ်ဆိုရင် လူနာရဲ့ အသားအနက်ဆုံးအထိ အပ်ကိုထိုးထည့်ရတယ် ယုဉ်။ ဒါမှ အဆင် ပြေမှာ။ တကယ်လို့ အပေါ်ယံပဲအပ်သွင်းပြီး ဆေးထိုးမိရင် အဲ့ဒီ လူနာရဲ့အရေပြား ရောင်ယမ်းတာမျိုး ဖြစ်တတ်တယ်"

ဦးဝိဉာဏ်ခ၏စကားများအရ ဦးဝိဉာဏ်ခသည် သူမနှင့်မတည့်သော ပင်နီစလင်ထိုးခံလိုက်ရမှန်းကို သိနေသလိုပင်။



"ဦးဉာဏ် . . . ဦးဉာဏ်သိနေလား?"

"သိနေတာပေါ့ ယုဉ်ရယ်။ ယုဉ့်အသက် ငါးနှစ်ကတည်းက ယုဉ့် ကို ခြင်တစ်ကောင်ကိုက်တာကအစ သေသေချာချာဂရုစိုက်ခဲ့တဲ့ ဦးဉာဏ်က ယုဉ်ဘာလုပ်လိုက်တယ်ဆိုတာ မသိဘဲနေပါ့မလား?"

"ရှင် . . ."

သူ့ကို ကလဲ့စားချေလိုက်မှန်းသိသော်လည်း ဦးဝိဉာဏ်ခသည် သူ့ အကျင့်အတိုင်း သူမကို အေးချမ်းစွာ ဆက်ဆံနေတုန်းပင်။

"ကျေးဇူးတင်ပါတယ် ယုဉ်ရယ်။ ကိုယ့်အဖေကို သတ်ခဲ့တဲ့လူမှန်း သိသိကြီးနဲ့ ဦးဉာဏ်ရဲ့လက်ထပ်ပွဲကို လာခဲ့ပေးလို့ ကျေးဇူးအရမ်း တင်ပါတယ်"

"ဦးဉာဏ် . . ."

"ဦးဉာဏ်ကိုချစ်ရင် ယုဉ် နောင်တရလိမ့်မယ်လို့ ဦးဉာဏ်ပြောခဲ့ သားပဲ"

"ဦးဉာဏ်ကိုချစ်ခဲ့မိတဲ့အတွက် ယုဉ် နောင်တမရပါဘူး။ လုပ်သင့် တယ်လို့ထင်တဲ့ ကလဲ့စားချေမှုတစ်ခုကို အကောင်အထည်ဖော် လိုက်တာပါ"

ဦးဝိဉာဏ်ခကို ထိုးပေးလိုက်သည့် ပင်နီစလင်ဆေးက အရှိန်ပြပြီ ဖြစ်သည်။ ဦးဝိဉာဏ်ခသည် စကားပြောရင်းပြောရင်းနှင့် တစ်ခါတစ်ခါ အသက်ရှူမဝသလိုဖြစ်ဖြစ်လာပြီး အသက်ကို အားယူကာရှူနေရပါတော့ သည်။

"တကယ်တော့ ဦးဉာဏ်သေနေခဲ့တာ ဟိုး (၁၇)နှစ်အကြာကတည်း ကပါ။ ဒါပေမဲ့ အဲ့ဒီသေဆုံးခြင်းက ဒီနေ့မှပဲ ယုဉ့်ကြောင့် အသက်ဝင် လာတော့တယ်။ ဆေးထိုးပေးလို့ ကျေးဇူးအရမ်းတင်ပါတယ် ယုဉ်ရယ်"

ဦးဝိဉာဏ်ခ၏မျက်ဝန်းတွင်လည်း မျက်ရည်များနှင့် ပြည့်နက်နေ ပါတော့၏။ ကိုယ်ခန္ဓာတွင်လည်း ချွေးများ စို့ရွှဲနေပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

"အရေးပေါ်ရောက်လာတဲ့ လူနာတစ်ယောက်နဲ့အတူ ကောင်မလေးတစ်ယောက်ရဲ့ငိုသံကို ကြားလိုက်ရတယ်။ အဲ့ဒီငိုသံက ဦးညဏ်အာရုံတွေနောက်သွားအောင် ဖန်တီးလိုက်တယ်။ ပြီး ငိုနေတဲ့ကောင်မလေးကို ဦးညဏ် အရမ်းသနားမိတယ်။ ကောင်မလေးကလွဲပြီး ဘယ်အရာကိုမှ မမြင်တော့ဘူး။ တစ်ခါဖူးမှ ရင်မခုန်ဘူးတဲ့ ဦးညဏ်ရဲ့နှလုံးခုန်သံတွေလည်း ကောင်မလေးကြောင့် အရမ်းမြန်နေခဲ့ရတယ်။ ဦးညဏ်ရဲ့အရှေ့ကလူနာကို ကုဖို့ စတင်လိုက်တဲ့အချိန်မှာ အဲ့ဒီကောင်မလေးက သူ့ဖေဖေကိုစိုးရိမ်စိတ်နဲ့ ခွဲစိတ်ခန်းသုံးဓားတစ်လက်ကိုယူပြီး သူ့ကိုယ်သူလှီးလေရဲ့။ လက်ကောက်ဝတ်က မြင်မကောင်းအောင်ထွက်လာတဲ့ သူ့သွေးတွေက ဦးညဏ်ကို အရမ်းချောက်ချားစေတယ်။ အဲ့ဒါကြောင့် အရှေ့မှာရှိနေတဲ့လူနာကို ဆေးတစ်လုံးအမြန်ထိုးပေးလိုက်ပြီး ကောင်မလေး သွေးထွက်မလွန်အောင် ပတ်တီးစည်းပေးနေတဲ့အချိန်မှာပဲ ကောင်မလေးရဲ့အဖေ၊ ဦးညဏ်ရဲ့လူနာကတော့ ဦးညဏ်ရဲ့ ဆေးမှားထိုးပေးမှုကြောင့် သေဆုံးသွားခဲ့ရတယ်"

ဦးဝိညာဏ်ခ၏လက်ဖျားလေးများ ပြာလာပါသည်။ ပင်နီစလင်၏အဆိပ်က ဦးဝိညာဏ်ခကို ကောင်းစွာ အပြစ်ပေးနေပါတော့၏။

"ဦးကောင်းသန့်ကို သတ်ပြီးခဲ့တဲ့နေ့ကစပြီး ဦးညဏ်လည်း သေသွားခဲ့ရပါတယ် ယုဉ်"

သူမ လွန်စွာ မှားယွင်းသွားပေပြီ။ သူမ ယောင်ယမ်းကာ သူမ၏လက်ကောက်ဝတ်ကို ကြည့်လိုက်တော့ အမာရွတ်တစ်ခုကို တွေ့လိုက်ရပါသည်။ သွေးပူနေသောကြောင့် သူမကိုယ်သူမ ဘာလုပ်ခဲ့သည်ကို မမှတ်မိခဲ့ခြင်းပင်။ သူမကိုယ်သူမ တကယ်ပဲ ဓားနဲ့လှီးခဲ့လိုက်သည်ပဲ။ သူမကို ကယ်ချင်ဇောကပ်နေသည့် ဦးဝိညာဏ်ခက သူမဖခင်ကို သတ်မိသလို ဖြစ်သွားခဲ့သည်ပဲ။

"ဒါပေမဲ့ ဦးညဏ်ရဲ့သေဆုံးမှုက ဒီနေ့တော့ ယုဉ့်ကြောင့် အသက်



ဝင်ရတော့မှာပါ။ သူများတွေ ပြုံးပျော်နေကြတဲ့အချိန်မှာ ဦးညဏ် မပြုံးတတ်၊ မရယ်တတ်ဖြစ်ခဲ့ရပါတယ် ယုဉ်"

"ဦးညဏ် . . ."

ဦးဝိညာဏ်ခ မျက်လုံးများ မှေးစင်းလာပါတော့သည်။

"တောင်းပန်ပါတယ်။ ခွင့်မလွှတ်ပါနဲ့။ ဒါပေမဲ့ ယုဉ့်ကိုယုဉ့်တော့ ခွင့်လွှတ်လိုက်ပါနော်။ ယုဉ် တာဝန်ကျေပါတယ်"

ဦးဝိညာဏ်ခ၏ နောက်ဆုံးစကားပင်ဖြစ်ပါသည်။ ဦးဝိညာဏ်ခ သတိလစ်သွားပေပြီ။ သူမ ဦးဝိညာဏ်ခကို ငေးကြောင်ကြည့်နေမိပါသည်။ တကယ်တော့ သူမကြောင့် သူမဖခင် ဆုံးပါးသွားခဲ့ရသည်ပင်။ ငယ်ရွယ်စဉ်က မှုန်ဝါးသည့်အတိတ်များကို ဝေဝေခွဲခွဲမမြင်ခဲ့ခြင်းကြောင့် သူမ မဟာအမှားကြီးတစ်ခုကို ကျူးလွန်လိုက်ပြီပင်။

ထို့အပြင် ဦးဝိညာဏ်ခကုတင်ဘေးရှိ စားပွဲတွင်လည်း စာချုပ်တစ်ခုတင်ထားသည်ကို မြင်လိုက်ရပါသည်။

"ကျွန်တော် ဦးဝိညာဏ်ခသည် ပင်နီစလင်ဆေးနှင့်တည့်၏။ မတည့်၏ကို ဒေါက်တာမိုးမြင့်မှလွဲ၍ တခြား မည်သည့်ဆရာဝန်မျှ မသိပါ"

ဟူသောစာတမ်းအပါအဝင် ဦးဝိညာဏ်ခ၏ Sign လေးကိုပါ သူမ တွေ့လိုက်ရပါတော့သည်။

သူမ၏လုပ်ရပ်များကို သိသိကြီးနှင့် ဦးညဏ် လက်ခံခဲ့သည်ပဲ။ သူမကို သူမအသက် ငါးနှစ်အရွယ်လောက်ကတည်းက ဦးဝိညာဏ်ခက ချစ်မြတ်နိုးခဲ့ခြင်းပင် ဖြစ်ပါသည်။ သူမ မည်သို့လုပ်ရမည်နည်း။ လောလောဆယ် သူမအရှေ့တွင်တော့ ဆေးအဆိပ်မိပြီး ဦးဝိညာဏ်ခ တစ်ယောက် ပါးစပ်မှလည်း အမြှုပ်တစီစီ ထွက်လို့နေပြီဖြစ်ပါသည်။

"ဖေကြီး . . . ယုဉ် အရမ်းမှားသွားပြီပေါ့နော်"

တကယ်တမ်း ကလဲ့စားချေလိုက်ပြီးသော်လည်း သူမရင်ထဲတွင် ကျေနပ်မှုမရလိုက်ပါ။ သူမ ဆုံးရှုံးမှုကြီးတစ်ခုကိုသာ ရင်ဝယ်ပိုက်လိုက်ရပါ၏။



www.burmeseclassic.com

www.burmeseclassic.com

"ဟင့်အင်း . . . ဟင့်အင်း . . . ဦးဉာဏ် . . . ဦးဉာဏ်မသေရဘူး"

သူမ သတိဝင်သွားသည်နှင့် ဦးဝိဉာဏ်ခ၏ခန္ဓာကိုဖက်ပြီး ငိုမိလိုက်ပါတော့သည်။ ငယ်ငယ်ကတည်းက လိုလေသည်မရှိအောင် သူမကို ဖန်တီးပေးခဲ့သော ဦးဝိဉာဏ်ခကို သူမ သတ်မိလိုက်သည်ပဲ။ စိတ်နှင့်ပင် မပြစ်မှားသင့်သော ကျေးဇူးရှင်ကို သူမ ကိုယ်ထိလက်ရောက် ကျူးလွန်လိုက်မိပြီပင်။

"ဦးဉာဏ် . . ."

ဆေးထိုးပေးပြီးမှ ကြားလိုက်ရသော စကားလုံးများကြောင့် သူမ ဦးဝိဉာဏ်ခသေသွားမည်ကို လွန်စွာ စိုးရိမ်နေပေပြီ။

"ဦးဉာဏ်ကို ယုဉ် ဘယ်လိုမှသေခွင့်မပေးနိုင်ဘူး။ ယုဉ့်အနားမှာ ဦးဉာဏ်မရှိလို့ မဖြစ်ဘူး"

ဆေးစထိုးကတည်းက သူမသည် ဦးဉာဏ်ကို မုန်းလို့ထိုးခဲ့သည် မဟုတ်။ ကလဲ့စားချေချင်သည့်စိတ်တစ်ခုတည်းနှင့်သာ မျက်စိစုံမှိတ်ပြီး သူမ လုပ်ခဲ့သည်ပဲ။ သို့သော် သူမ၏ကလဲ့စားချေမှုကြီးသည် အစမှ အဆုံးထိ မှားယွင်းနေကြောင်း သိလိုက်ရချိန်တွင်တော့ သူမ နောင်တရ မဆုံးတော့ချေ။

"ကယ်ပါဦး . . . ကယ်ကြပါဦး"

ပါးပြင်တွင် ပူနွေးသည့်အထိအတွေ့များကြောင့် သူမ လက်ဖြင့် စမ်းကြည့်လိုက်သော် သူမ မျက်ရည်များကျနေသည်ပဲ။ ကလဲ့စားချေမှုကြောင့် သူမ ပျော်နေရမည့်အစား၊ ယခုတော့ သူမ ငိုနေမိပါ၏။ သူမ နက်ရှိုင်းစွာငိုနေမိပါတော့သည်။ သူမ အသိဝင်သွားသည်နှင့်တစ်ပြိုင်နက် သူမလက်ချောင်းလေးများသည် ဖုန်းခလုတ်များဆီသို့ အပြေးလေး ရောက်သွားပါတော့သည်။



## ပြီးဆုံးသွားတဲ့ ကလဲ့စား

ငါ . . . သေသွားတာလား? ရှင်သွားတာလား?
ငါ . . . ဘာဆက်လုပ်ချင်သေးတာလဲ?
နှုတ်ဆက်စကားလေးတော့ ပြောချင်ပါသေး၏။
နှလုံးသားက မချည်နှောင်လိုက်ခင်မှာပဲ
အစိတ်စိတ်အမွှာမွှာ ကွဲအက်သွားခဲ့ပြီ။
ငါ့ဝိညာဉ်ကို ကျယ်ပြန့်စွာဖြည့်ယူပြီး
ကွဲပြားသွားအောင် ဖန်တီးလိုက်ပြီလား?
ကံကြမ္မာက ဘာဆက်ဖြစ်မယ်ဆိုတာ ဘယ်သူသိနိုင်မှာလဲ?
မျက်ဝန်းထဲတွင် မျက်ရည်များပြည့်နှက်ရပြန်ပြီ။
ချစ်မိသွားခဲ့သည်ပင်။
ငါ့ဘဝရဲ့ကံကြမ္မာက ကစားပွဲတစ်ခုထက်သက်လား?
သူမရှိဘဲ ဘယ်လိုအသက်ဆက်ရှင်ရတော့မှာလဲ?
ညှိုးငယ်မှုများကို ငါ ဝယ်ယူလိုက်မိပြီလား?
ငါ . . . သေသွားတာလား? ရှင်သွားတာလား?
ငါ သေချာထဲ့စိတ်ကျေနပ်မှုကိုရော ရလိုက်ရဲ့လား?



www.burmeseclassic.com

www.burmeseclassic.com

မျက်ဝန်းထဲတွင် မျက်ရည်များပြည့်နှက်ရပြန်ပြီ။

ငါ့အိပ်မက်ကို ငါကိုယ်တိုင် ဖျက်ဆီးခဲ့လိုက်ပြီပဲ . . .

သူ့ဘဝကို ဟင်းလင်းပြင်လုပ်လိုက်ရတဲ့အတွက် စိတ်ကျေနပ်ရမှာလား?

မြူနေတဲ့ သစ်သီးအုတိုင်တစ်ခုနဲ့တူတဲ့အချစ်က သူ့ဘဝလား?

ဘာဖြစ်လို့ အဲ့လိုဖြစ်ခဲ့တာလဲ?

ခြင့်မြတ်တဲ့လေပြည်တွေက ငါ့ကိုပိုင်းရံနေပေမဲ့

ငါ့နှလုံးသားက ကျယ်လောင်စွာအော်ဟစ်ငိုကြွေးနေမိပြီ။

နောက်ဆုံးတော့ . . .

ငါ့ဘဝကိုလည်း မောပမ်းစွာဆုံးရှုံးလိုက်ရပြီပဲ။

မျက်ဝန်းထဲတွင် မျက်ရည်များပြည့်နှက်ရပြန်ပြီ။



BURMESE CLASSIC .com

သူမ ခွဲစိတ်ခန်းအရှေ့တွင်ထိုင်ပြီး ဘာလုပ်လို့ဘာကိုင်ရမှန်းမသိ ဖြစ်နေပါသည်။ ခွဲစိတ်ခန်းအတွင်းမှ ဦးဝိဉာဏ်ခ အသက်ရှင်လျက် ပြန်ထွက်လာအောင်သာ သူမ ဆုတောင်းနေမိလိုက်ပါသည်။ အချိန်မီကယ်တင်မှု ပြုလုပ်လိုက်နိုင်ရန်လည်း သူမ လွန်စွာ တောင့်တနေမိပါတော့သည်။ ငိုနေမိသော်လည်း မျက်ရည်များကို သူမ မုန်းမိပါ၏။

"ယုဉ်နှင်းမိ"

ခွဲစိတ်ခန်းထဲမှထွက်လာသော ဒေါက်တာက သူမကိုလှမ်းခေါ်၏။

"ဆရာ . . . ဆရာ . . . ဦးဉာဏ် . . . ဦးဉာဏ် . . ."

သူမ မည်သည့်စကားမျှ ဆက်မပြောနိုင်။ ဦးဝိဉာဏ်ခ၏အခြေအနေကို သိချင်သော်လည်း မည်သို့မေးရမည်ကိုပင် မသိတော့ချေ။

"အချိန်မီရောက်လာလို့ အားလုံးအဆင်ပြေသွားပါပြီ ယုဉ်နှင်းမိ။ နောက်တစ်ခါဆိုရင်တော့ အဲ့ဒီလိုမမှားအောင် ကြိုးစားပါ"

"ဦးဉာဏ်ကို တွေ့လို့ရပြီလား ဆရာ"

"ခဏနေရင် ရပါပြီ။ အခုတော့ ခဏသည်းခံလိုက်ပါဦး"

လူနာတစ်ယောက်၏အသက်ကို အလကားသက်သက် အသုံးပြုလိုက်မိသော ဆရာဝန်တစ်ယောက်ရဲ့ခံစားချက်ကို သူမ ကောင်းစွာနား



www.burmeseclassic.com

www.burmeseclassic.com

လည်ဖိုက်နိုင်ပါသည်။ ဦးဝိဉာဏ်ခ၏ သက်တမ်းတစ်ဝက်နီးပါးတွင်လည်း ဦးကောင်းသန့်သေဆုံးမှုကြောင့် ရခဲ့သည့်ခံစားချက်များနှင့် ပြည့်နှက်နေခဲ့ပြီဖြစ်ပါသည်။ ဦးဝိဉာဏ်ခ သတိပြန်လည်လာလျှင် သူမဦးဝိဉာဏ်ခကို တောင်းပန်ကာ ဦးဝိဉာဏ်ခအနားတွင်ပင် အသက်ဆက်သွားရန် ဆုံးဖြတ်မိပါသည်။

"သမီးမှန်တယ်လို့ထင်တယ် ဖေကြီးရယ်"

ခွဲစိတ်ခန်းအရှေ့တွင်လည်း သူမတစ်ယောက်တည်း ရေရွတ်နေမိပါသေးသည်။

"ယုဉ့်ကိုခွင့်လွှတ်ပါ ဦးဉာဏ်ရယ်"

ရင်ထဲမှ အကြိမ်ကြိမ်ဆုတောင်းနေမိပြန်သေး၏။ ဦးဝိဉာဏ်ခဘက်မှ အပြစ်ပေးလျှင်လည်း သူမ ခံလိုက်ဖို့အသင့်ဖြစ်လို့နေပါပြီ။

"ယုဉ် . . . ဦးဝိဉာဏ်ခ သတိရပြီ"

"ဦးဉာဏ်ကို ယုဉ်ဝင်တွေ့ချင်တယ်"

"အင်း . . . သွားတွေ့ချည်လေ"

သူမ မရဲတရဲသောခြေလှမ်းများနှင့် ဦးဝိဉာဏ်ခရှိရာအခန်းထဲသို့ ဝင်သွားလိုက်ပါသည်။ ဦးဝိဉာဏ်ခသည် သူမကို အားအင်မဲ့သောအကြည့်များနှင့် ငေးကြည့်လို့နေ၏။

"ကိုယ့်ကိုယ် ခွင့်မလွှတ်ပါနဲ့ ယုဉ်"

သူမကိုတွေ့သည်နှင့် ဦးဉာဏ် အားယူကာပြောလိုက်၏။ သူမ ဦးဉာဏ်၏လက်ဖဝါးလေးကို လှမ်းကိုင်လိုက်ပြီး . . .

"မပြောပါနဲ့တော့ ဦးဉာဏ်ရယ် နော် . . .။ နောက်ပြီး ဦးဉာဏ်ကို ယုဉ်ခွင့်မလွှတ်ဘူး။ ဒီတော့ အပြစ်ပေးတဲ့အနေနဲ့ ယုဉ့်အနားမှာ အမြဲနေဖို့တောင်းဆိုတယ်ဆိုရင် ဦးဉာဏ်လက်ခံရမယ်နော်"

သူမ ဦးဝိဉာဏ်ခ၏လက်ဖမိုးလေးကို မြတ်နိုးစွာ နမ်းလိုက်မိပါသည်။ ထိုအခါ ဦးဝိဉာဏ်ခ၏လက်ဖမိုးသို့ သူမမျက်ရည်စက်များ ခုန်ဆင်းသွားပါ၏။



"ဒီလက်လေးတစ်စုံလုံး ယုဉ့်ဆီက ဘယ်တော့မှထွက်မသွားပါနဲ့တော့ ဦးဉာဏ်ရယ်။ ယုဉ်တို့ ခိုင်မာပြီး အငြိုးအတေးကင်းတဲ့အနာဂတ်ကို တည်ဆောက်ကြမယ်နော်။ ယုဉ်ပြောတာကိုလက်ခံရင် ဦးဉာဏ် ပြုံးပြပါ"

ဦးဝိဉာဏ်ခသည် ဆေးပိုက်များသွယ်ထားသော်လည်း အားယူကာ ပြုံးပြရှာပါသည်။ သို့သော် ဦးဝိဉာဏ်ခ၏မျက်ဝန်းတွင် မျက်ရည်များရှိနေသေး၏။

"နောက်ပြီး ဖေကြီးအတွက် ဦးဉာဏ်သေပြီးသွားပြီနော်။ အားလုံး-ကျေသွားပြီ သိလား? ဦးဉာဏ် ဒီနေ့ကစပြီး ယုဉ်နဲ့အတူ အသက်ပြန်ရှင်ပါတော့နော်။ ယုဉ့်ကြောင့် ဦးဉာဏ် အသက်ပြန်ရှင်ပေးပါ ဦးဉာဏ်ရယ်။ ဦးဉာဏ်မရှိရင် ယုဉ်ကလည်းနတ္ထိပါ"

သူမ ဦးဝိဉာဏ်ခ၏ရင်ခွင်ထဲသို့ ကိုယ်လေးကို ဖိဝင်လိုက်ရင်း တောင်းဆိုလိုက်ပါတော့သည်။

သူမမျက်ရည်များ။

ဦးဝိဉာဏ်ခမျက်ရည်များ။

အားလုံး ထိုနေ့က ကုန်ဆုံးသွားပေပြီ။

နောက်နောင် သူမတို့နှစ်ယောက်တွင် ဝမ်းနည်းမှုကြောင့်ကျဆင်းရမည့်မျက်ရည်များ ရှိတော့မည်မဟုတ်ချေ။

"ယုဉ်နှိုင်းမီကို ဦးဉာဏ် ဟိုးငယ်ငယ် စတွေ့ကတည်းက ချစ်ခဲ့မိတာပါ"

✕ ✕ ✕

သင့်ရင်ထဲမှ "တစ်နေရာစာလေး" အတွက်

နှင်းနှင်း



www.burmeseclassic.com